နိုက်တင်ဂေးလ်

ကျန်းမာရေးဂျာနယ်

အတွဲ - ၁၊ အမှတ် - ၈၊ နိုဝင်ဘာ၊ ၂၀၀၆ - ခုနှစ်

လွတ်မြောက်နယ်မြေမှ ကျန်းမာရေးလုပ်သားများ စုစည်းထုတ်ဝေသည်။

ဖင်းမ်ကျိုင်

(သို့ မ ဟု တ်)

အမှောင်ကို ထွန်းညှိတဲ့ မီးအိမ်ရှင်

ဒေါက်တာလွဏ်းဆွေ

❐ ဆိတ်ငြိမ်လွန်းလှသည့် စည်းရိုးမဲ့ခြံဝင်းတခုထဲသို့ ဝင်ရောက်လိုက်သည်နှင့် သစ်ပင်စိမ်းစိမ်း၊ ဝါးပင်စိမ်းစိမ်းများ အုပ်ဆိုင်းနေသည့်ကြားတွင် အေးချမ်းစွာတည်ရှိနေသည့် Community Health Center အဆောက်အဦးလေးကို တွေ့ရသည်။ လေ့လာရေးခရီး ရောက်ရှိလာကြသည့် ကျနော်တို့ ဂျာနယ်လစ်အဖွဲ့ကို ဆံပင်တိုတို၊ အင်္ကျီနီညိုဖျော့ဖျော့၊ဂျင်းဘောင်းဘီနက်ပြာဝတ် အမျိုးသမီးတဦးက ပြုံးရွှင်ဖော်ရွေစွာ ဆီးကြိုနှုတ်ဆက်သည်။ စကားပြန်ကိုစိုင်းက 'ဖင်းမ်ကျိုင်ပါလား' ဟု နှုတ်ဆက်ရင်းမေးသည့်အခါ သူမကအပြုံးနှင့် ခေါင်းညိတ်ပြသည်။ သူမ၏အသွင်အပြင်က အသားအရေ ဝင်းဝင်းဝါဝါ စိုစိုပြေပြေ၊အရပ်မြင့်မြင့်၊ခန္ဓာကိုယ်ထွားထွားကြိုင်းကြိုင်းမို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံထားရသည့် အမျိုးသမီးတဦးဟုဆိုလျှင် မြင်သူတိုင်းက အံ့ဩမှင်သက်မိကြမည်မှာအမှန်ပင်။

သူမတည်ထောင်ထားသည့် Community Health Center အဆောက်အဦးရှေ့ရှိ စားပွဲတခုပေါ်တွင် သွေးစစ်သည့် ပစ္စည်းများ တင်ထားသည်ကိုတွေ့ရပြီး မျက်မှန်နှင့် ခပ်ဝဝအမျိုးသမီးတဦးက အိပ်ချ်အိုင်ဗွီပိုးရှိသူ အမျိုးသမီးအချို့အား CD4 ပမာဏ စစ်ဆေးပေးနေသည်ကိုတွေ့ရသည်။ ကျနော်တို့က သူမနှင့်တကွ Community Health Center ဝန်းကျင်တဝိုက်ကို ဓာတ်ပုံရိုက်ခွင့်ရှိပါသလားဟုခွင့်တောင်းရာ သူမက စိတ်ကြိုက်ရိုက်နိုင်ကြောင်း ခွင့်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်းပြောကြားကာ စိတ်ကူးရသလို တဖျပ်ဖျပ်ရိုက်တော့သည်။ Community Health Center အတွင်းတွေ့ရသည့် အိမ်တွင်းမှုလုပ်ငန်း လုပ်နေကြသည့်မြင်ကွင်းများ၊ သွေးစစ်နေကြသည့်မြင်ကွင်းများနှင့် Community Health Center တဝိုက်ရှိ စိတ်ဝင်စားဖွယ် ဝါးအဆောက်အဦးတချို့ကိုမှတ်တမ်းဓာတ်ပုံရိုက်ကူးဖြစ်သည်။ ခဏအကြာတွင် ဖင်းမ်ကျိုင်က သူမနှင့် အင်တာဗျူးရန် အတွက် Community Health Center မျက်စောင်းထိုးရှိ ခေါင်မိုးမြင့်မြင့် ဝါးတဲလေးထဲသို့ ကျနော်တို့အဖွဲ့ကို ခေါ်သွားသည်။ ထိုနေရာတွင် သူမကို ကျနော်တို့ အင်တာဗျူးကြသည်။ ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်ကြသည်။ ကြည်လင်အေးဆေးသည့် သူမ၏ ဖြေကြားသံများကို နားထောင်ရင်း အမှောင်ကမ္ဘာလေးထဲ ကျရောက်ခဲ့စဉ်က သူမ၏ဘဝအကြောင်းကို ကြေကွဲဖွယ်ကြားသိရသည်။ သူမက 'လွန်ခဲ့တဲ့ (၁၅)နှစ်တုန်းက ကျမအမျိုးသားဆီကနေတဆင့် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခဲ့တာပါ။ အသက်(၂၃)နှစ်မှာ သူနဲ့လက်ထပ်ပြီး မကြာခင်မှာပဲ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရတာပါ။ အမျိုးသားဆုံးသွားပြီး ကျမမှာ အိပ်ချ်အိုင်ဗွီပိုး ရှိမှန်းလည်းသိရော ရွာက လူတွေက ဝိုင်းပယ်ကြလို့ လူတွေနဲ့ဝေးတဲ့ လယ်ကွင်းထဲက တဲလေးတခုမှာ ကျမတယောက်ထဲ သွားနေခဲ့ရတယ်။ လူတွေက ကျမကို စကားလည်းမပြောကြတော့ဘူး။ အဆက်အဆံလည်း မလုပ်ကြတော့ဘူး။ တခါသားမှာ ကျမသွားစားတဲ့ ခေါက်ဆွဲဆိုင်က စားပြီးလို့ ပိုက်ဆံရှင်းမယ်အလုပ်မှာ စာမျက်နှာ(၂)သို့...▶

အယ်ဒီတာချုပ် – ဒေါက်တာစင်သီယာမောင်
တာဝန်ခံအယ်ဒီတာ – ဒေါက်တာလွဏ်းဆွေ
အဖွဲ့ဝင်အယ်ဒီတာ – မန်းမန်းမန်း
– မန်းရွှေနှင်း
စီစဉ်သူ – နိုင်အေးလွင်
Layout & Design – ကျော်အဲနယ်
စာစီစာရိုက် – ကျော်မူးလာ

အ ယ် ဒီ တ ာ့ အ ာ ေ ဘ ာ်

သုတေသနဆိုင်ရာနည်းပညာများ ပူးပေါင်းဆောင်ရွက်ရေး

❐ မိမိတို့အဖွဲ့အစည်းအလိုက် ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဖွဲ့အလိုက် စနစ်တကျ ကောက်ယူစုဆောင်း မှတ်တမ်းတင်ထားသော သတင်းအချက်အလက်များ၊ အဖွဲ့အစည်းတခုနှင့်တခုအကြား အပြုသဘောဆောင်သော ဝေဖန်သုံးသပ်မှုများ၊ လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများ အချင်းချင်း ပွင့်လင်းလွတ်လပ်သော သတင်းအချက်အလက် ဖလှယ်မှုများ ရှိဖို့လိုအပ်ပါသည်။ သို့မှသာ လွတ်လပ်၍ တရားမျှတသော ဆုံးဖြတ်ချက်များကို ချမှတ် အကောင်အထည်ဖော်နိုင်မည် ဖြစ်သည်။

ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုးထွန်းကားလာစေရေးအတွက် သုတေသနလုပ်ငန်းများသည် အရေးပါသော ကဏ္ဍတခုအနေနှင့် ပါဝင်ပါသည်။ မတူညီ ကွဲပြားခြားနားသော အဖွဲ့အစည်း/အုပ်စုများအကြား အမြင်ကြည်လင်ပြီး သံသယကင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်ကြရန်မှာ သုတေသနလုပ်ငန်းဆိုင်ရာ နည်းပညာများ ကျယ်ပြန့်လာဖို့နှင့် အချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ကြဖို့လိုပါသည်။ ■

ဒေါက်တာစင်သီယာမောင်
အယ်ဒီတာချုပ်

ကျန်းမာရေးဂျာနယ်သို့ စာမူပေးပို့လိုလျှင် ...

အယ်ဒီတာအဖွဲ့
နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်
စာကြည့်တိုက်၊ မယ်တော်ဆေးခန်း
မဲဆောက်မြို့

P.O.Box (21), Mae Sot, 63110
Tak Province, Thailand

E-mail : ntg05journal@yahoo.com
doctorlunswe@yahoo.com
sorpdb@yahoo.com

Ph : BMA Office - 055544495
Dr Lun Swe - 012841418
Nai Aye Lwin - 095626248

စာမူဖိတ်ခေါ်ခြင်း

- လစဉ်ထုတ်ဝေမည့် နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်အတွက် စာမူများရေးသားပေးပို့ကြပါရန် လေးစားစွာဖိတ်ခေါ်အပ်ပါသည်။
- ရွေးချယ်အသုံးပြုသော စာမူများအတွက် စာမူခချီးမြှင့်ပါမည်။

အယ်ဒီတာအဖွဲ့
နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်

ပန်းချီပညာရှင် – တင်ကိုကိုဦး
သတင်းဓာတ်ပုံ – ဒေါက်တာလွဏ်းဆွေ၊ စောအဲအဲ

သူမ၏ဘဝအကြောင်း ပြောပြနေသည့် ဖင်းမ်ကျိုင်

ကျမစားထားတဲ့ ပန်းကန်နဲ့ ဇွန်းအတွက်ပါ ပိုက်ဆံရှင်းပေးဖို့ ပြောတယ်။ ကျမစားပြီးရင် ပန်းကန်နဲ့ဇွန်းကို လွှင့်ပစ်ရမှာမို့လို့တဲ့။ နောက်ပြီး ဆိုင်ကနေအထမှာ ကျမထိုင်ခဲ့တဲ့ခုံကို ရေနွေးပူနဲ့ လောင်းပြီး ဆေးချနေတာ ကျမမြင်လိုက်ရတယ်။ သူ့မျက်လုံးတွေက တစုံတခုကို ရွံ့ရှာနေတဲ့ပုံပါပဲ။ ကျမ သူ့ကိုမမုန်းပါဘူး။ ကျမဘာဆက်လုပ်ရမလဲ ဆိုတာကိုပဲ စဉ်းစားနေမိတယ်။ ကျမအတွက် အရမ်းစိတ်ထိခိုက်ပြီး အရမ်းစိတ်ဆင်းရဲခဲ့ရတဲ့ အချိန်တွေပါပဲ'ဟု အစွန့်ပယ်ခံ အတိတ်အကြောင်းကို တည်တည်ငြိမ်ငြိမ်ပင် ပြောပြနေသည်။

ထိုသို့သော အမှောင်ဆုံး အချိန်ကာလများနှင့် ကြုံတွေ့ခဲ့ရသော်လည်း စိတ်ဓာတ်မကျဘဲ ကြံ့ကြံ့ခံ ရင်ဆိုင်ခဲ့ပုံတွေကို သူမက ဆက်လက်ပြောပြသည်။ 'အဲဒီအချိန်မှာ ကျမ စိတ်ဓာတ်မကျဘဲ ရောဂါအကြောင်းကို တတ်နိုင်သလောက်လေ့လာတယ်။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ သင်တန်းတွေကို ကျမသွားတက်တယ်။ ကျမက (၄)တန်းလောက်ပဲ ပညာသင်ခဲ့ရတော့ အင်္ဂလိပ်စာအားနည်းတယ်။ ဒါပေမယ့် အဘိဓာန်အားကိုးနဲ့ ရောဂါနဲ့ ပတ်သက်တဲ့အကြောင်းတွေကို ရှာဖတ်တယ်။ အဲဒီမှာ လူတဦးနဲ့တဦး ပြောဆိုဆက်ဆံရုံ၊ ထိတွေ့ကိုင်တွယ်ရုံနဲ့ ဒီရောဂါ မကူးစက်နိုင်ဘူးဆိုတာကို ကျမသိခဲ့ရတယ်။ ကျမက အကြင်နာတရားလက်ကိုင်ထားတဲ့သူဆိုတော့ ကိုယ်နဲ့ ဘဝတူလူတွေကို ကိုယ့်လို ဝိုင်းပြီးစွန့်ပယ်တာမခံရအောင် ဘယ်လို ဖေးမကူညီနိုင်မလဲ ဆိုတာကို စဉ်းစားတယ်။ နောက်ဆုံးမှာ အခုလုပ်နေတဲ့ Community Health Center လေးကိုထူထောင်ဖို့ ဆုံးဖြတ်ချက်ချခဲ့တာပါပဲ။ ၁၉၉၃ခုနှစ်မှာစပြီး တည်ထောင်ဖြစ်ခဲ့ပါတယ်။ စလုပ်တုန်းကတော့ မိဘတွေကို ခွင့်တောင်းပြီး မိဘတွေအိမ်မှာပဲ ရုံးခန်းလေးကို ဖွင့်ခဲ့တယ်။ အဖေက အုပ်ချုပ်ရေးမှူး၊ ကျမက စီမံခန့်ခွဲပြီး ပြုစုစောင့်ရှောက်ပေးတဲ့သူပေါ့။ အစပိုင်းမှာ ရွာကလူတွေက ကျမလုပ်တဲ့အလုပ်အပေါ် နားမလည်ကြဘူး။ ဒါပေမယ့် ကျမက အိပ်ချ်အိုင်ဗွီပိုးရှိသူတွေ၊ အေအိုင်ဒီအက်စ်နဲ့ နေထိုင်တဲ့သူတွေအပြင် တခြားရောဂါသည်တွေ၊ သက်ကြီးရွယ်အိုတွေ၊ မသန်မစွမ်း လူနာတွေကိုလည်း ပြုစုစောင့်ရှောက်တဲ့အခါကျတော့ (၂)နှစ်လောက်အကြာမှာ ရွာကလူတွေ ကျမအပေါ် တဖြေးဖြေးနားလည်လာကြတယ်။ ကူညီလာကြတယ်။ အဲဒီအခါကျမ ရွာလူကြီးတွေဆီ ကျမ အကူအညီတောင်းတဲ့အခါ (၂)ဧကလောက်ရှိတဲ့ အခုနေရာလေးကို ရခဲ့တယ်'ဟု အမှောင်ကမ္ဘာထဲက သူမရုန်းထွက်ခဲ့ပုံအကြောင်းကို ရှည်ရှည်ဝေးဝေး ပြောပြခဲ့သည်။

အင်တာဗျူးရှင်းမှ Community Health Center တွင် သူမလုပ်ဆောင်နေသည့် လုပ်ငန်းဆောင်တာတွေအကြောင်းကိုလည်း သိခွင့်ရခဲ့သည်။ 'အစပိုင်းမှာတော့ ကိုယ်ဘာသာရုန်းကန်ခဲ့ရတယ်။ အိမ်နီးနားချင်း အချို့ကို စည်းရုံးပြီး မိဘတွေအိမ်မှာ အမှတ်တရလက်ဆောင် သော့တွဲလေးတွေရောင်းဖို့ စလုပ်တယ်။ ၁၉၉၄–၉၆မှာ အေအိုင်ဒီအက်စ်ရောဂါ ထိန်းချုပ်ရေးကို လုပ်ဆောင်နေတဲ့ မြောက်ပိုင်းထိုင်း–ဩစတြေးလျစီမံကိန်း(NAP AC) ဆီကနေ ငွေကြေးအထောက် အပံ့ရဖို့ အကူအညီတောင်းခဲ့တယ်။ နောက်ပိုင်းမှာ နယ်သာလန်နိုင်ငံ Terre Des Hsommes ဖောင်ဒေးရှင်းက ကိုယ်စားလှယ်တွေ ဒေါင်ကွေးရွာကလေးကို ရောက်လာပြီး Community Health Center လေးဆောက်ဖို့ ငွေကြေး အထောက်အပံ့တွေ ပေးတယ်။ မကြာခင်မှာပဲ ဂျပန် NHK သတင်းဌာန ကျမကို အင်တာဗျူးတယ်။ အဲဒီနောက် ဂျပန် NGO အဖွဲ့တဖွဲ့ ဒေါင်ကွေးရွာကိုရောက်လာတယ်။ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တားဆီးရေးကို လုပ်ဆောင်နေတဲ့ အဲဒီဂျပန်ဖောင်ဒေးရှင်းက ဂျပန်မှာရောင်းတဲ့ တိရိစ္ဆာန် အရုပ်ကလေးတွေကို ရွာသားတွေလုပ်ပြီး ရန်ပုံငွေရှာနိုင်အောင် Teddy Bear Project ကို မတည်ပေးတယ်။ နိုင်ငံတော်တော်များများက စိတ်ဝင်စားတဲ့လူတွေ၊ NGO တွေလည်း ကျမတို့ဆီကို လာလေ့လာပြီး အကူအညီတွေပေးကြတယ်။နောက်ပိုင်းမှာ တိရိစ္ဆာန်အရုပ်မျိုးစုံ၊ လက်ဆွဲအိတ်မျိုးစုံလုပ်ပြီး ချင်းမိုင်ညဈေးနဲ့ တနင်္ဂနွေဈေးတွေမှာရောင်းတယ်။ ပြည်တွင်းပြည်ပ NGO အဖွဲ့(၁၅)ဖွဲ့လောက်ဆီကိုလည်း ပစ္စည်းတွေဖြန့်ဖြူးပေးတယ်။ အလုပ်အရမ်းကျတဲ့ ရာသီဆို အလုပ်သမားတဦးကို တနေ့ဘတ် (၁၅၀)အထိရကြတယ်'ဟု ရှင်းပြပြီး သူမပြုစုစောင့်ရှောက်မှုပေးနေသည့် အနေအထားတွေကိုပါ ဆက်လက်ပြောပြသည်။

'အခုကျမတို့ လုပ်ဆောင်ပေးနေတဲ့ ကူညီမှုတွေကတော့ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်နဲ့ နေထိုင်သူတွေနဲ့ သူတို့ရဲ့မိသားစုတွေနေတဲ့ အိမ်တွေဆီကို အလည်အပတ်သွားတယ်။ နှစ်သိမ့်ဆွေးနွေး ပညာပေးမှုတွေလုပ်တယ်။ တလကို (၂)ကြိမ် အတွေ့အကြုံတွေဖလှယ်ဖို့ အဖွဲ့လိုက်ဆွေးနွေးပွဲလေးတွေလုပ်တယ်။ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်နဲ့နေထိုင်သူတွေ၊ အလုပ်လက်မဲ့ အမျိုးသမီးတွေနဲ့ ဆင်းရဲနွမ်းပါးသူတွေကို လုပ်ငန်းခွင်သင်တန်းပေးပြီး အလုပ်လုပ် စေတယ်။ ရောဂါသည်တွေ မဆုံးပါးမီမှာ ရောဂါသည်တွေနဲ့ မိသားစုဝင်တွေကို စိတ်ပိုင်းဆိုင်ရာ အားပေးမှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ လုပ်ပေးတယ်။ အိပ်ချ်အိုင်

ဂျာနယ်လစ်များ၏ မေးခွန်းများကို ဖြေကြားနေသည့် ဖင်းမ်ကျိုင်

Community Health Center **တွင် လူနာများအား သွေးစစ်ပေးနေစဉ်**

ဗွီ/အေအိုင်ဒီအက်စ်နဲ့ နေထိုင်သူတွေကို အစိုးရနဲ့ ပုဂ္ဂလိက အေဂျင်စီတွေကနေ အကူအညီတွေ၊ ဆေးဝါးတွေရအောင် ဆက်စပ်ဆောင်ရွက်ပေးတယ်။ အခုအချိန်အထိ လူနာ(၅၀၀၀)ကျော်ကို ပြုစုစောင့်ရှောက်ပေးခဲ့ပြီးပါပြီ။ အဲဒီအထဲမှာ မြန်မာနိုင်ငံကလာတဲ့ လူနာ(၁၀၀၀)ကျော်ပါပါတယ်ဟု ပြောပြီး သူမ၏ဧည့်မှတ်တမ်းစာအုပ်မှ မြန်မာနာမည်နှင့် ရေးသားထားသည့် အမှတ်တရစာစုများကို ကျနော်တို့အား ထုတ်ပြသည်။

လူဦးရေ(၂၀၀)ခန့် နေထိုင်သည့် ဒေါင်ကွေးရွာလေးတွင် သူမ၏ ခင်ပွန်းအပါအဝင် ရွာသား(၃၀)ခန့် အေအိုင်ဒီအက်စ်ရောဂါနှင့် သေဆုံးခဲ့ပြီးဖြစ်သည်ဟု သူမကပြောပြသည်။ သူမအနေနှင့်မှ အိပ်ချ်အိုင်ဗွီပိုးရှိကြောင်းသိခဲ့သည်မှာ (၁၅)နှစ်ရှိပြီဖြစ်သော်လည်း ယခုအချိန်အထိ အေအာဗွီဆေးစားဖို့ မလိုသေးကြောင်း၊ သူမအနေနှင့် တကိုယ်ရည် ကျန်းမာရေးအတွက် ဂရုတစိုက်လုပ်ဆောင်ခဲ့ပုံတွေကို ယခုလိုဆက်လက် ပြောပြခဲ့သည်။ 'ကျမ တနေ့ကို တနာရီလောက် ပြေးတယ်။ နေ့စဉ် မနက်(၂)နာရီဆိုထပြီး မိနစ်(၃၀)လောက် လမ်းလျှောက်ပြီးသွားရတဲ့ သင်္ချိုင်းထဲက လူသေ မီးရှို့တဲ့ အလောင်းစင်ပေါ်မှာ ထိုင်ပြီး (၄၅)မိနစ်ကြာ အသုဘကမ္မဋ္ဌာန်းရှုတယ်။ ခြံထဲမှာ ဘယဆေးပင်တွေစိုက်တယ်။ ကျန်းမာရေးကောင်းအောင် သင့်တော်တဲ့ ဘယဆေးတွေမှီဝဲတယ်'ဟု သူမ၏ တကိုယ်စာကျန်းမာရေး အတွက် ကျင့်ကြံနေထိုင်ပုံတွေကို ရှင်းပြသည်။

အင်တာဗျူးပြီးဆုံးခါနီးမှာ သူမက ဘဝတူဝေဒနာသည်တွေအတွက်လည်း အားပေးစကား ပြောကြားခဲ့သည်။ 'အဓိက ကတော့ အိပ်ချ်အိုင်ဗွီပိုးရှိသူတွေအနေနဲ့ စိတ်ဓာတ်က အရေးကြီးတယ်။ စိတ်ဓာတ်မကျဖို့ပြောချင်တယ်။ အခြားရောဂါပိုးတွေ မဝင်အောင် ကျန်းမာရေးကို အထူး ဂရုစိုက်ဖို့လိုတယ်။ ကိုယ်ခံအား ကျခဲ့ရင် စနစ်တကျ ဆေးသောက်ဖို့လိုတယ်။ အဓိက ကစိတ်ဓာတ်ကြံ့ခိုင်ဖို့ပါပဲ'ဟု ကျနော်တို့ကို နှုတ်ဆက်ရင်း ပြောကြားခဲ့သည်။ ဖင်းမ်ကျိုင်သည် ကိုယ်တိုင် အမှောင်ကမ္ဘာထဲ ကျရောက်ခဲ့ရုံမက ထိုဘဝထဲမှရုန်းထွက်ပြီး အမှောင်ထဲက ဘဝတူလူသားတွေအတွက် အလင်းရောင်ထွန်းညှိပေးသည့် မီးအိမ်ရှင်လည်းဖြစ်နေသည်ကို လေးစားအားကျဖွယ် တွေ့ရှိခဲ့ရသည်။ သူမကို တွေ့ဆုံချင်သူ၊ ကူညီလိုသူ စေတနာရှင်များနှင့် သူမထံမှ အကြံဉာဏ်ရယူလိုသူများ ရှိပါကလည်း ချင်းမိုင်မြို့မြောက်ဖက်စွန်း ဒေါင်ကွေးရွာကလေးတွင်နေထိုင်သည့် သူမထံသို့ အချိန်မရွေးဆက်သွယ်နိုင်ရန် သူမ၏နေရပ်လိပ်စာလေးကို တပါတည်း ဝေငှလိုက်ရပါသည်။

Pimjai Intamoon
Administrator and Coordinator
Community Health Project
116 Moo 2 T. Don Kaew, A. Maerim, Chiang Mai 50180
Tel/Fax (053)862939
(01-8855713)
E-mail: pimjai99@hotmail.com

ဒေါက်တာလွှဏ်းဆွေ
(KhitPyaing Website)

လူထုကျန်းမာရေးစေတနာ့ဝန်ထမ်းသင်တန်းနှင့် ရှေးဦးသူနာပြုသင်တန်းဆင်းပွဲအခမ်းအနားပြုလုပ်

လူထုကျန်းမာရေးစေတနာ့ဝန်ထမ်းသင်တန်းနှင့် ရှေးဦးသူနာပြုသင်တန်းဆင်းပွဲအခမ်းအနားကို ၃.၁၀.၀၆ ရက်နေ့၌ မယ်တော်ဆေးခန်းတွင် ပြုလုပ်ခဲ့သည်။ ထိုအခမ်းအနားတွင် Metta Dammaraksa ဖောင်ဒေးရှင်းမှ ဘုန်းတော်ကြီးက အဖွင့်စကား ပြောကြားပေးပြီးနောက် ဘီအာစီမှ ဒါရိုက်တာ Ms.Pippa Curwen က အမှာစကားပြောကြားသွားခဲ့သည်။

'လူထုကျန်းမာရေးစေတနာ့ဝန်ထမ်းသင်တန်း ပြုလုပ်ခဲ့တာ အခုတစ်ကြိမ်နဲ့ဆို (၄)ကြိမ်ရှိပါပြီ။ ရှေးဦးသူနာပြုသင်တန်းကတော့ (၁)ကြိမ်ပဲရှိပါသေးတယ်။ အခုသင်တန်းဆင်းသွားတဲ့ လူထုကျန်းမာရေး စေတနာ့ဝန်ထမ်းတွေ၊ ရှေးဦးသူနာပြုတွေဟာ လူထုကျန်းမာဖွံ့ဖြိုးရေး၊ လူ့အခွင့်အရေးနဲ့တရားမျှတမှုတို့အတွက် အခြားအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တွေနဲ့ ဆက်စပ်ဆောင်ရွက်ပြီး လူမှုအသိုင်းအဝိုင်းရဲ့ကျန်းမာရေး တိုးတက်ဖို့ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်'ဟု ဒေါက်တာစင်သီယာမောင်မှ ထည့်သွင်းပြောကြားသွားခဲ့သည်။

လူထုကျန်းမာရေးနှင့်ရှေးဦးသူနာပြုသင်တန်းမှ သင်တန်းဆရာများကိုယ်စား ဒေါက်တာသီဟမောင်က 'အခုသင်ကြားပေးခဲ့တဲ့ ပညာရပ်တွေဟာ ဆေးပညာရဲ့ နိဒါန်း သဘောလောက်သာ ဖြစ်ပါတယ်။ ဆက်ပြီးတိုးတက်အောင် လေ့လာကြဖို့လိုတယ်။ နောက်ပြီးတော့ လူထုရဲ့ ကျန်းမာရေးအတွက် ဆထက်တပိုး တိုးတက်အောင် စွမ်းဆောင်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်' ဟုပြောကြားခဲ့သည်။ ထို့နောက် သင်တန်း ကြီးကြပ်ရေးအဖွဲ့မှ ဦးမောင်မောင်ကြီးမှ သင်တန်းဆင်းပွဲနိဂုံးချုပ်အမှာစကားပြောကြားရာတွင် 'လူမျိုးမရွေး၊ ဘာသာမရွေး၊ အသားအရောင်မရွေး၊ ယောကျ်ား/မိန်းမမရွေး လူထုကျန်းမာရေးအတွက် အခြေနေပေးသလို အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ပေးနိုင်မယ်လို့ ယုံကြည်ကြောင်း' ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းသူ/သားများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့ပြီး သင်တန်းထူးချွန်ဆုရှိသူများကို ဆုများအသီးသီး ချီးမြှင့်ခဲ့သည်။ ၎င်းအခမ်းအနားသို့ ဖိတ်ကြားထားသော အထူးဧည့်သည်တော်များ၊ ကျောင်းသူ/သားများ၊ သင်တန်းသူ/သားများနှင့် မယ်တော်ဆေးခန်းဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ ■

NTG News

ကျန်းမာရေးအစီရင်ခံစာ အကျဉ်းချုပ်

သက္ကရာဇ် ၂၀၀၀မှာ အားလုံးကျန်းမာ (ဆိုလို့လည်း)
အားလုံးကျန်းမာပြီးခဲ့ကြပြီ
အားလုံးကျန်းမာပြီးခဲ့ကြပြီ
မာသာထရီဆာရေ
(ကျနော်ကတော့)
သုခမြို့တော်ကိုပဲ မြင်ယောင်နေမိ။
ခလုတ်လည်းထိ ဆူးလည်း ငြိခဲ့
"ယက်သဲ့ကြား ငါးတင်
တင်တဲ့ငါး ကြောင်စား" တဲ့
ကြားဖူးတာပြောပါတယ်။
ကယ်ဆယ်ရေးဖောင်ဒေးရှင်းတွေ
ကယ်ဆယ်ရေး အဲန်ဂျီအိုတွေ
ကယ်ဆယ်ရေးအသင်းအဖွဲ့တွေ
ကယ်လိုက်ပျက်လိုက်
မျဉ်းပြိုင်တို့ရဲ့စရိုက်သဘာဝအရ
ပန်းတွေသာကြွေသွားခဲ့ကြ။
ဝမ်းနည်းတိုင်းသာ
ငိုကြွေးကြမယ်ဆိုရင်
မျက်ရည်ပင်လယ်ကြီးလွှမ်းဖုံး
(ကမ္ဘာကြီး)
စုန်းစုန်းနစ်မြုပ်ရချည်ရဲ့။ ။

မျိုးဇေယျ

နိုက်တင်ဂေးလ် ကျန်းမာရေးဂျာနယ် ထုတ်ဝေခြင်း၏ ရည်ရွယ်ချက်

၁။ ပြည်သူလူထု၏ကျန်းမာရေးအသိပညာများ မြင့်မားတိုးတက်လာစေရန်။
၂။ ပြည်သူလူထု၏ကျန်းမာရေးအသိအမြင်၊ ဗဟုသုတများကို မြှင့်တင်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်။
၃။ ပြည်သူလူထုအနေနှင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ လူမှုရေးကိစ္စရပ်များတွင် လုံခြုံမှုရှိစေပြီး အနာဂတ်ဘဝကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဖန်တီးလာနိုင်စေရန်။
၄။ ကျန်းမာရေးဆိုင်ရာနားလည်တတ်သိမှု၊ ကျွမ်းကျင်မှုနှင့် ဂုဏ်သိက္ခာရှိသည့်ကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန်။
၅။ ကျန်းမာရေးလုပ်သားအချင်းချင်း ကျန်းမာရေးအသိပညာများ၊ သတင်းအချက်အလက်များ ဖလှယ်နိုင်ရန်နှင့် ဝေမျှလက်ဆင့်ကမ်းနိုင်ရန်။
၆။ နယ်စပ်ဒေသတွင် ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ကိုင်နေကြသည့် ကျန်းမာရေးလုပ်သားများအနေနှင့် နိုင်ငံတကာတွင် ရောက်ရှိနေသည့် ကျန်းမာရေးလုပ်သားများ၏ ကျန်းမာရေးအသိအမြင်များနှင့် ချိတ်ဆက်မိစေရန်။
၇။ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် လိုအပ်သည့်ဆန်းစစ်ရှာဖွေဖော်ထုတ်ချက်များကို တင်ပြပေးခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရာတွင် အထောက်အပံ့ ဖြစ်စေရန်။
၈။ လူမှုအဖွဲ့အစည်းအတွင်း တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးလုပ်သားများထံသို့ နောက်ဆုံးရရှိသည့် ကျန်းမာရေးသတင်းများနှင့် အသိပညာများကို ဖြန့်ဝေပေးရန်။
၉။ လူ့အခွင့်အရေး၊ ကျန်းမာရေးဆိုင်ရာကျင့်ဝတ်များနှင့် ဆက်နွယ်နေသည့် ကျန်းမာရေးဗဟုသုတများကို မြှင့်တင်ပေးရန်။

မယ်တော်ဆေးခန်းတွင် မျက်စိခွဲစိတ်ကုသမှုပြုလုပ်

အောက်တိုဘာ (၇)ရက်နေ့မှ (၁၅)ရက်နေ့အထိ မျက်စိခွဲစိတ်ကုသမှုကို မယ်တော်ဆေးခန်း၌ ပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။ ကရင်ပြည်နယ်အတွင်းရှိ မြို့ရွာများမှ မျက်မမြင် ဝေဒနာသည်များသာမက မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း စသည့် မြို့ရွာများမှ မျက်စိဝေဒနာရှင် စုစုပေါင်း (၃၀၀)ကျော် လာရောက်ခွဲစိတ်ကုသမှုခံယူခဲ့ကြောင်း သတင်းရရှိသည်။

‘မျက်စိလာပြတဲ့လူနာတွေကတော့ (၃၀၀)ကျော်လောက်ရှိပါတယ်။ ဒါပေမယ့်ကျမတို့သေသေချာချာစစ်ဆေးတဲ့အခါမှာ တချို့က ခွဲစိတ်ကုသလို့မရတော့ဘူး။ တချို့ကျတော့ မျက်မှန်လိုတဲ့ အဆင့်ပဲဆိုတော့ ခွဲစရာမလိုဘူး။ ဒါကြောင့် လူနာပေါင်း (၁၃၆)ဦးကိုပဲ ကျမတို့ခွဲစိတ်ပေးခဲ့ရတယ်’ ဟု မယ်တော်ဆေးခန်း မျက်စိဌာနမှ ဆရာမတဦးကပြောကြားခဲ့သည်။

ဆက်လက်ပြီး မျက်စိခွဲစိတ်ကုသမှုခံယူသူအဘိုးတဦးမှ‘ရောက်စတော့ မျက်စိနှစ်ဘက်လုံးမမြင်ရဘူး။ အားငယ်တယ်။ ဒါပေမယ့် လာပို့ပေးတဲ့သူတွေရှိတယ်။ ဒီကဆရာ/ဆရာမတွေရဲ့ ဂရုစိုက်မှုကြောင့် အဘမှာ အားရှိတာပေါ့။ မျက်စိခွဲပြီး အဘမျက်စိပြန်မြင်ရတဲ့အခါမှာ အရမ်းဝမ်းသာသွားတယ်။ ဒီမှာလည်းကိုယ့်မြန်မာပြည်သားတွေချည်းပဲပါလားဆိုပြီး အံ့ဩမိတယ်’ ဟု ပြောကြားခဲ့သည်။

နောက်တကြိမ်မျက်စိခွဲစိတ်ကုသမည့်ရက်ကို ဒီဇင်ဘာလတွင် မယ်တော်ဆေးခန်း လူမှုဆက်ဆံရေးဌာန၌ လာရောက်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ ■

NTG News

အလုပ်ရှင်မဟုတ်သည့်သူဌေးပေးသောဟင်းကိုစားမိပြီးဝမ်းလျှောမှုဖြစ်ပွား

နောင်ဘွားရှိ ခြံတခြံတွင် အလုပ်လုပ်ကိုင် နေထိုင်သော မြန်မာနိုင်ငံသား မိသားစုတစုသည် အလုပ်ရှင်မဟုတ်သည့် အခြားသူဌေးတဦးမှပေးသော ဟင်းထုပ်ကို စားပြီး နာရီပိုင်းအတွင်း၌ ဝမ်းလျှောခဲ့ကြသည်ဟု သိရသည်။ နောက်တနေ့မနက် (တနင်္ဂနွေနေ့) ရောက်မှ ၎င်းတို့၏အလုပ်ရှင် သူဌေးသိရှိပြီး ကားငှားပေးကာ မယ်တော်ဆေးခန်းသို့ ပို့ဆောင်ပေးခဲ့သည်ဟု သိရသည်။

‘ဟင်းတွေက အကောင်းကြီးရှိပါသေးတယ်။ အရင်ကလည်း တခါပေးစားဖူးတယ်။ ဘာမှမဖြစ်ဘူး။ အိမ်မှာရှိတဲ့လူအားလုံးပဲ။ (၆)ယောက်ရှိတာ (၆)ယောက်စလုံးဖြစ်တယ်’ ကလေး(၄)ယောက်၏မိခင်ဖြစ်သူက ဝေဒနာခံစားနေရသည့်ကြားမှ ပြောပြသည်။

ညအချိန်တွင် ဖြစ်သည့်အတွက်ကြောင့် သူဌေးအားအသိပေးရန် ခက်ခဲကြောင်း၊ တခြံနှင့်တခြံမှာလည်း ဝေးကွာသည့်အတွက် အကူအညီတောင်းရန် ခက်ခဲကြောင်း၊ ထို့ကြောင့် မိတ်ဆွေများနှင့် သူဌေးတို့မှာ အချိန်မီ မသိရှိခဲ့ကြောင်းကို ၎င်းတို့အား လာရောက်ပို့ဆောင်ပေးသည့် သွေးသစ်ကျောင်းမှ ကျောင်းဆရာတဦးက ပြောခဲ့သည်။ ‘ဒီကိစ္စက ရိုးရိုးသားသားဖြစ်သွားတာလို့ ထင်ပါတယ်။ အရင်ကလည်းပေးစားဖူးတာပဲ။ ဒါပေမယ့် အဲဒီသူဌေးနဲ့တော့ မတွေ့ရသေးဘူး’ ဟု ၎င်းကပြောသည်။

‘ည (၇)နာရီလောက်မှာ ဟင်းထုပ်လာပို့တယ်။ အဲဒီသူဌေးရဲ့ တပည့်တယောက်ပါ။ ဝက် သား၊ ဝက်ရိုး၊ နောက် အာလူး၊ လျှော့၊ ခရမ်းသီး ဒါပဲ။ ဟင်းရောက်လာတာနဲ့ စားပြီးတော့ ည(၈)နာရီ(၉)နာရီလောက်မှာ စဖြစ်တော့တာပဲ။ ကျနော့်ကလေးအငယ်ဆုံး တယောက်ဆိုရင် ဝက်ရိုးတတုံးနဲ့ အရည်နှစ်ဇွန်းပဲ သောက်ဖြစ်တယ်’ ဟု ဖခင်ဖြစ်သူက ပြောကြားခဲ့သည်။

၎င်းတို့၏ ကျန်းမာရေးနဲ့ပတ်သက်ပြီး မယ်တော်ဆေးခန်း အတွင်းလူနာဌာနမှ ဂရုစိုက်ပြုစုခဲ့ကြောင်း သိရှိရပါသည်။ ■

NTG News

အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သုတေသနသင်တန်း မယ်တော်ဆေးခန်းတွင်ပြုလုပ်

ကလေးသုတေသနစီမံကိန်းမှ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သုတေသနသင်တန်းကို (၂၆-၂၇)ရက်နှင့် (၃၀-၃၁)ရက်နေ့များတွင် မယ်တော်ဆေးခန်း၌ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

၎င်းသင်တန်းသို့ ၂၀၀၆ ခုနှစ်၊ ဧပြီလ (၁၇) ရက်မှ (၂၈)ရက်အထိ သုတေသနသင်တန်း တက်ရောက်ပြီးသည့် အဖွဲ့အစည်း အသီးသီးမှ သင်တန်းသား/သူ စုစုပေါင်း ၁၆ ဦး တက်ရောက်ခဲ့ပြီး Ms. Akiko က သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

၎င်းသင်တန်း၌ သုတေသနမေးခွန်းများပြင်ဆင်ခြင်း၊ အင်တာဗျူးမေးခွန်းများ ပြင်ဆင်ခြင်း၊ သုတေသနပြုလုပ်ရာတွင် သတိပြုရမည့်အချက်များ၊ လူတွေ့မေးမြန်းခြင်းဆောင်ရွက်ပုံ၊ မှတ်တမ်းတင်ခြင်း၊ ရရှိသောအချက်အလက်များကို သိမ်းဆည်းခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ ပြန်လည်တင်ပြခြင်း စသည့်သုတေသနဆိုင်ရာသင်ခန်းစာများကို စာတွေ့နှင့်လက်တွေ့ပူးပေါင်းကာ ပို့ချပေးခဲ့သည်။ ■

NTG News

အိပ်ချ်အိုင်ဗွီပိုးရှိနေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ ကိုယ်တွေ့ဖြစ်ရပ်များ
လေကိုဆန်၍
ဒေါက်တာသီဟမောင်မောင်
ခိုင်မာကျော်ဇော
ထွက်ပြီ
မှာယူဖတ်ရှုလိုပါက ...
Mae Tao Clinic
P.O Box 67
Mae Sot, Tak 63110, Thailand

ဆယ်ကျော်သက်မျိုးပွားမှုဆိုင်ရာသင်တန်းမယ်တော်ဆေးခန်းတွင်ပြုလုပ်

မယ်တော်ဆေးခန်း ကိုယ်စားပြု ဆယ်ကျော်သက်မျိုးဆက်ပွားကျန်းမာရေးအဖွဲ့မှ ကြီးမှူးပြီး ဆယ်ကျော်သက် မျိုးဆက်ပွားကျန်းမာရေးသင်တန်းကို မယ်တော်ဆေးခန်း၌ စက်တင်ဘာ (၂၅)ရက်မှ (၂၉)ရက်အထိ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ ၎င်းသင်တန်းသို့ မယ်တော်ဆေးခန်းတွင် ဒေသအသီးသီးမှ လာရောက်ပြီး လက်တွေ့လေ့ကျင့်မှုပြုလုပ်နေကြသော ကျန်းမာရေးလုပ်သားများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

ထိုသင်တန်း၌ ဆယ်ကျော်သက်နှင့်သက်ဆိုင်သည့် ဗဟုသုတများ၊ မျိုးဆက်ပွားကျန်းမာရေးနှင့်ပတ်သက်ပြီး သတိပြုရမည့်အချက်၊ ကာကွယ်ရမည့်နည်းလမ်းများ၊ ဆယ်ကျော်သက်အရွယ်တွင် စတင်ပြောင်းလဲလာသည့် အမျိုးသမီး၊ အမျိုးသားများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှုများကို အကျယ်တဝင့် ရှင်းလင်းပို့ချပေးခဲ့သည်။

မယ်တော်ဆေးခန်း ကိုယ်စားပြု ဆယ်ကျော်သက် မျိုးဆက်ပွားကျန်းမာရေးအဖွဲ့၏ တာဝန်ခံမှ ‘ကျမတို့အဖွဲ့က မယ်တော်ဆေးခန်းကို ကိုယ်စားပြုထားတာဆိုတော့ လူထုကျန်းမာရေးဝန်ထမ်းတွေအတွက် အဓိကထားပြီး ဒီသင်တန်းကို ပို့ချရခြင်းဖြစ်ပါတယ်။ အဓိကကတော့ ဆယ်ကျော်သက်အရွယ်မှာ မျိုးဆက်ပွားကျန်းမာရေးနဲ့ပတ်သက်ပြီး ကြုံတွေ့လာနိုင်မယ့် ပြဿနာတွေကို သိရှိဖို့ရည်ရွယ်ပါတယ်။ တချို့သောသူတွေဟာ ဆယ်ကျော်သက်အရွယ်ကို ဖြတ်သန်းကျော်လွန်လာခဲ့ပေမယ့် မျိုးပွားခြင်းဆိုင်ရာ ပြဿနာတွေကိုတော့ ကောင်းကောင်းမွန်မွန် မသိခဲ့ကြဘူး။ ဒါကြောင့် ကျမတို့အဖွဲ့အနေနဲ့ ဒီလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေရတာပါ။

ဒုက္ခသည်စခန်းနဲ့ မြန်မာပြည်တွင်း IDPs (ပုန်းရှောင်လူထု) ဒေသတွေမှာဆိုရင် ကေဝိုင်အိုတို့လို အဖွဲ့အစည်းတွေက တာဝန်ယူပြီး လူထုအတွင်းမှာ ဆယ်ကျော်သက်မျိုးဆက်ပွား ကျန်းမာရေးအကြောင်း သိရှိအောင်ပြုလုပ်နေကြပါတယ်။ ကျမတို့မယ်တော်ဆေးခန်းမှာဆိုရင် လောလောဆယ် သင်တန်းဆရာ(၈)ဦး မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒီလိုမွေးထုတ်လိုက်တဲ့ သင်တန်းဆရာတွေနဲ့ လက်တွဲပြီး သင်တန်းတွေလုပ်တယ်၊ ကျောင်းဆရာ/မတွေကို သင်တန်းပေးတယ်။ သူတို့က ကျောင်းမှာရှိတဲ့ ကလေးတွေနဲ့ ကိုက်ညီသင့်လျော်မယ့် ခေါင်းစဉ်တွေ ရွေးပြီး ပြန်သင်ကြတယ်’ဟု ပြောကြားခဲ့သည်။

ဆယ်ကျော်သက်မျိုးဆက်ပွားကျန်းမာရေးသင်တန်းကို (၆)လတကြိမ် ပုံမှန်ပြုလုပ်ကြောင်း သတင်းရရှိသည်။ ■

NTG News

မြိုင်မြိုင်ဆိုင်ဆိုင် မဲဆောက်တန်ဆောင်တိုင်

ယမန်နေ့ညက ကျင်းပသည့် ထိုင်း-မြန်မာချစ်ကြည်ရေး တန်ဆောင်တိုင်မီးထွန်းပွဲနှင့် ထိုင်းရိုးရာ မီးမျှောပွဲ (လွိုင်းကထုံး) ပွဲတော်သို့ ဒေသခံများနှင့် အတူ ဒေသအတွင်းရောက် မြန်မာ နိုင်ငံသား (၂၀၀၀၀)ခန့်နှင့်ဒေသခံများ (၁၀၀၀၀)ခန့် တက်ရောက် ဆင်နွှဲခဲ့ကြသည်။

ပွဲတော်အား မဲဆောက်မြို့နယ်ရှိ ထာ့စိုင်လို့ဝပ်ဒေသ မြူနီစီပယ်အဖွဲ့မှ ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား ထိုင်းဖက် တံတားထိပ်တွင် နှစ်စဉ်ကမကထပြု ကျင်းပခဲ့သည့် ပွဲဖြစ်သည်။

ပွဲတော်နှင့် ပတ်သက်၍ ထာ့စိုင်လို့ဝပ်ဒေသ မြူနီစီပယ်ဥက္ကဋ္ဌ နိုင်စံမလုံးဝိရိယက 'ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းဖို့နဲ့ အိမ်နီးချင်း ထိုင်း-မြန်မာ ချစ်ကြည်ရေး ပိုမိုခိုင်မြဲရေးအတွက် ကျင်းပတာဖြစ်တယ်' ဟုပြောကြားခဲ့သည်။

တန်ဆောင်မုန်းလသည် ဗုဒ္ဓဘာသာဝင်များအတွက် လထူးလမြတ်ဖြစ်ပြီး လပြည့်နေ့ညတွင် မြန်မာနိုင်ငံ တဝန်းလုံး သီတင်းကျွတ် မီးထွန်းပွဲတော်ကဲ့သို့ တန်ဆောင်တိုင်မီးထွန်းပွဲတော် ကျင်းပကြပြီး ထိုင်းနိုင်ငံတွင်လည်း လွိုင်းကထုံးခေါ် မီးမျှောပွဲများ ကျင်းပကြသည်။

တန်ဆောင်မုန်းလတွင် ကထိန် အလှူပွဲ မသိုးသင်္ကန်းယက် ပြိုင်ပွဲနှင့် ဆေးပေါင်းခသည့် ပွဲများလည်း ကျင်းပကြသည်။

မဲဆောက်မြို့ရှိ မယ်တော် မြန်မာ ဘုန်းတော်ကြီးကျောင်းတွင် ဒေသခံများနှင့် မြန်မာနိုင်ငံသားများ စုပေါင်း၍ (၁၅) ကြိမ်မြောက် မသိုးသင်္ကန်းယက် ပြိုင်ပွဲကျင်းပခဲ့ကြပြီး ကျောင်းရှိဘုရားများနှင့် စေတီတော်များတွင် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

မသိုးသင်္ကန်းသည် တည မလွန်မြောက်မီ ညမအိပ် ညမသိပ်ဘဲ အာရုဏ်မတက်မီ နေ့ချင်းပြီး ယက်လုပ်လှူဒါန်းရခြင်း ဖြစ်သည်။

တန်ဆောက်မုန်းလပြည့်နေ့ညက မဲဆောက်ဒေသအတွင်းရှိ စက်ရုံ အလုပ်ရုံများနှင့် မြန်မာ ဘုန်းတော်ကြီးကျောင်းများတွင် မယ်ဇလီဟင်းချိုနှင့်ဆန်ပြုတ်များ စတုဒိသာ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။

တန်ဆောင်မုန်းလပြည့်ညတွင် ဆေးပင်အပေါင်းတို့ကို စောင့်သော နတ်အပေါင်းတို့သည် မယ်ဇလီပင်စောင့်နတ်ကြီးထံလာရောက် ခစားကြရသည်ဟု အဆိုရှိသည်။ ထို့ကြောင့်မယ်ဇလီပင်သည် ဆေးပေါင်းခသည် ဆေးဖက်ဝင်သည်ဟု အဆိုရှိပြီး ၎င်းနေ့၌ မယ်ဇလီဖူးကို ခူးယူစားသုံးခဲ့သော် ဘုန်းကြီး၍ အသက်ရှည် ရောဂါကင်းဝေးသည်ဟု အဆိုရှိသည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော်သည် ဗုဒ္ဓဘုရားရှင်၏ဆံတော်ကို ဥာပနာက သိကြားမင်းတည်ထားသော စူဠာမဏိစေတီ (ကောင်းကင်ကဘုရား)ကို တန်ဆောင်မုန်းလပြည့်ည၌ ဆီမီးပူဇော်ခဲ့သည့် ရှေးဓလေ့သည် မီးထွန်းပွဲတော်အသွင် ပြောင်းလဲကျင်းပလာခဲ့ကြခြင်းဖြစ်သည်။

ပွဲတော်လာရောက်သူများသည် ဖယောင်းတိုင်၊ ပန်းများ၊ အမွှေးတိုင်များပါရှိသည့် မီးမျှောမည့် မီးကန်တော့ပွဲများအား နှစ်နိုင်ငံ နယ်ခြား မျဉ်းဖြစ်သည့် သောင်ရင်းမြစ်အတွင်းသို့ အဓိဋ္ဌာန်ပြုကာ မီးမျှောခဲ့ကြသည်။

ပွဲတော်လာ မြန်မာအလုပ်သမတဦးက 'မီးမမျှောခင် အဓိဋ္ဌာန်ပြုပါတယ်။ မြန်မာပြည်မှာ ကျန်ခဲ့တဲ့ မိဘတွေနဲ့ အမြန်ဆုံးအတူ ပြန်နေနိုင်ပါစေ။ မြန်မာနိုင်ငံသားတွေအားလုံး လိုရာဆန္ဒ ပြည့်ဝ နိုင်ကြပါစေလို့ ဆုတောင်းပါတယ်' ဟု ပြောကြားခဲ့သည်။

ယမန်နေ့ညက ကျင်းပသည့် ချစ်ကြည်ရေး တန်ဆောင်တိုင်ပွဲနှင့် လွိုင်းကထုံးပွဲတော်တွင် ထိုင်း-မြန်မာချစ်ကြည်ရေး လက်ဖွဲ့ပွဲ။ အလှမယ်ရွေးပွဲနှင့် မြဝတီမြို့မှ ဇာတ်ပွဲများ လာရောက် ကပြခဲ့ကြသည်။

ပွဲတော်၏ ယာယီလက်ဖွဲ့ရုံတွင် ထိုင်းနှင့်မြန်မာ လက်ဖွဲ့ကျော်များ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး အလှမယ်ရွေးပွဲတွင် မြဝတီခရိုင်မှ စေလွှတ်သည့် ပြိုင်ပွဲဝင်မယ်(၄)ဦး၊ မဲဆောက်ဒေသ အတွင်းရှိ စက်ရုံအလုပ်ရုံများမှ မြန်မာမယ် (၄)ဦး၊ ထိုင်းမယ်(၈)ဦး၊ စုစုပေါင်းနှစ်နိုင်ငံ ချစ်ကြည်ရေးမယ် (၁၆)ဦးသည် ထိုင်းဖက်ကမ်း ထိုင်း-မြန်မာ ချစ်ကြည်ရေး တံတားထိပ်ရှိ နှစ်နိုင်ငံအလံများ လွှင့်ထူထားသည့် စင်မြင့်တွင် ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာ့ရိုးရာ ထိုင်မသိမ်း ဝတ်စုံဖြင့် မြဝတီမြို့မှ လာရောက်ယှဉ်ပြိုင်သည့် အလှမယ်တဦးက 'ကျမတို့က မြဝတီကနေ နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက်ကိုယ်စားပြုလာရောက်ယှဉ်ပြိုင်တာပါ။ ပြိုင်ပွဲဆိုပေမယ့် ချစ်ကြည်ရေးအတွက် လာတာဖြစ်တယ်'ဟု ပြောကြားခဲ့သည်။

ပွဲတော်ရက်တွင် နှစ်ဖက်အာဏာပိုင်များမှ ချစ်ကြည်ရေး တံတားကို ည(၁၂)နာရီအထိ ဖွင့်လှစ်ပေးခဲ့သည်။

မြဝတီမြို့ခံတဦးက 'ပွဲတော်ရက်မှာ တံတားဖွင့်ပေးတာ ဟုတ်တယ်။ ဒါပေမယ့် အာဏာပိုင်တွေနဲ့နီးစပ်တဲ့ လူတွေလောက်ပဲ သူတို့ ခွင့်ပြုတယ်။ လူတိုင်းကိုလာခွင့်ပြုမယ်ဆိုရင် မြဝတီတမြို့လုံး ဒီပွဲကို လာကြမယ်'ဟု ပြောကြားသည်။

တန်ဆောင်မုန်းလသည် မြန်မာနိုင်ငံ၌ ပွဲလမ်းသဘင်အများဆုံးလဖြစ်ပြီး တန်ဆောင်တိုင်မီးထွန်းပွဲ၊ မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ ကထိန်အလှူပွဲ၊ နက္ခတ်ပူဇော်ပွဲ၊ ဆေးပေါင်းခတဲ့ပွဲ၊ ရှင်မာလဲပွဲနှင့် အမျိုးသားအောင်ပွဲများ ကျင်းပလေ့ရှိသည်။ ■

NTG News (MMM)

မော်လမြိုင်ဆေးရုံမှပေးသောဆေးကိုထည့်ရာမှ ကလေးမျက်စိအပြင်သို့ထွက်လာခြင်း

မော်လမြိုင်ဆေးရုံမှပေးသော ဆေးကိုထည့်ရာမှကလေးမျက်စိမှာ အပြင်သို့ထွက်လာသော ဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့သည်။ ၎င်းနှင့်ပတ်သက်၍ ကလေး၏မိခင်ဖြစ်သူနှင့် တွေ့ဆုံခဲ့ရာတွင်

'ကျမတို့ဇာသပြင်မှာနေပါတယ်။ တလောကကျမကလေးဟာ မျက်စိနီလာပြီး မျက်ဝန်းတစ်ခုလုံးသွေးရောင်လိုဖြစ်သွားပါတယ်။ ကလေးဟာမျက်စိယားလို့လား မသိဘူး ခဏခဏပွတ်နေတယ်။ ကျမက စိုးရိမ်တာနဲ့ မော်လမြိုင်က နား၊ နှာခေါင်း၊ လည်ချောင်း ကလေးအထူးကု ဆေးရုံမှာသွားပြခဲ့တယ်။

အဲဒီကဆရာဝန်က ကလေးမျက်စိထဲ ထည့်ဖို့ ဆေးပေးလိုက်တယ်။ ဒါနဲ့ပဲ အိမ်ပြန်ရောက်တော့ ဆေးကိုပုံမှန်ထည့်ရင်းက ကလေးမျက်စိဟာ တဖြည်းဖြည်း အပြင်ကိုထွက်လာတာပါ။ အိမ်နီးချင်း အတော်များများလည်း ကလေးမျက်စိ ထွက်လာတာမြင်ကြပါတယ်။ မော်လမြိုင်ဆေးရုံကြီးကို တစ်ခေါက်ပြန်သွားတော့ ဆရာဝန်က မျက်လုံးခွဲထုတ်ရမယ်လို့ ပြောပါတယ်။ ဒါနဲ့ပဲ ကလေးမျက်လုံးကို ခွဲထုတ်ခဲ့တယ်။ သုံးသိန်းကျော်လောက် ကုန်သွားတယ်။ ဒါပေမယ့် ဆေးရုံကြီးက ခွဲပြီး ပြီးရောဆိုပြီး ဆေးတလုံးမှမထိုး၊ ဆေးတလုံးမှမတိုက်ပဲ ဒီနေ့ ခွဲပြီး နောက်နေ့ဆေးရုံက ဆင်းခိုင်းခဲ့တယ်။ အနာက အစိမ်းကြီးမို့ ကလေးက အရမ်းငို၊ ကျမကလည်း အရမ်းစိတ်ပူပြီး အဲဒီဆရာဝန်နဲ့ နောက်တခါပြတော့ ဆရာဝန်က လက်မခံဘဲ ရန်ကုန်ကို သွားပြခိုင်းပါတယ်။ ရန်ကုန်သွားပြရင် ဒီထက်ကုန်ဖို့ပဲရှိမယ်ဆိုပြီး အသိတွေ၊ အမျိုးတွေက မယ်တော်ဆေးခန်းကို လိုက်ပို့ပေးခဲ့တယ်။ ဒီကဆရာဝန်က စစ်ဆေးပြီးတော့ မယ်တော်ဆေးခန်းမှာ ကုလို့မရနိုင်တဲ့အတွက် ချင်းမိုင်ကို သွားပြီး ကုရမယ်။ ချင်းမိုင် သွားကုနိုင်ဖို့အတွက် စီစဉ်ပေးမယ်လို့ပြောလို့ အခုစောင့်နေတာ...'ဟု ရှင်းပြ ခဲ့သည်။ ■

NTG News



သက်ရှည်ကျန်းမာ လက်ဖက်ရည်ကြမ်းသောက်ပါ

စိုးနေလင်း

ကျနော်တို့ မြန်မာနိုင်ငံသားသာမန်ကျေးလက် မြို့ပြပြည်သူလူထုအများစုကြီးဟာ ၁၉၆၂ ခုဗိုလ်နေဝင်းအာဏာသိမ်းပြီး စစ်အာဏာရှင်စနစ် ထူထောင်တဲ့အချိန်ကစပြီး ခုနောက်ဆုံး (နောက်ဆုံးလို့ပဲယူဆပါတယ်) ဗိုလ်သန်းရွှေလက်ထက်အထိ ကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုမရရှိခဲ့ကြလို့ ဆေးရုံဆေးခန်းတွေကို တတ်နိုင်သမျှမသွားပဲ ရှောင်တတ်ရှားတတ်ကြပါတယ်။ မဖြစ်နိုင်တဲ့အဆုံး မတတ်နိုင်တဲ့အဆုံးကျမှပဲ မသွားချင် သွားချင်သွားတတ်ကြပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုကညံ့၊ ဆေးဝါးကိရိယာ တန်ဆာပလာကလည်းမပြည့်စုံ ငွေမျက်နှာပဲ ကြည့်တတ်ကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေဆက်ဆံရေးကလည်းဆိုးဝါးလှတော့ပြည်သူအများစု ရှောင်ကြရှားကြတာလည်း အဆိုးမဆိုသာပါဘူး။

အဲဒီလို ဆေးရုံဆေးခန်းတွေကို ရှောင်ချင်ကြတော့ အများစုကြီးဟာ တိုင်းရင်းဆေးဝါးတွေကိုပဲ အဓိကအားထားကြပါတယ်။ တော်ရုံတန်ရုံအတွက်ကတော့ လမ်းဘေးဆေးဆိုင်တွေက မြန်မာတိုင်းရင်းဆေးဝါးတွေနဲ့ပဲ ပြီးသွားတာပါပဲ။ နောက် တိုင်းရင်းဆေးခန်းလေးတွေ ပေါ်လာတဲ့အချိန်ကတော့လည်း ရောဂါလည်းသက်သာ ငွေကုန်ကြေးကျလည်းနည်းတဲ့ အဲဒီဆေးခန်းတွေကိုသွားတဲ့သူတွေလည်း များလာပါတယ်။ ဒါကတော့ မြို့ပြလူအဖွဲ့အစည်းပေါ့လေ။ ကျေးလက်ပြည်သူအများစုကတော့ 'နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏' ဆိုတဲ့ဆိုရိုးစကားကိုလိုက်ပြီး ဒီအရွက်လေးကတော့ ကောင်းတယ်။ ဒီအမြစ်ကလေးကတော့ ဒီဖက်မှာစွမ်းတယ် စတဲ့ မြန်မာ့ရိုးရာ ဆေးဖက်အပင်လေးတွေကို ထမင်းနဲ့အတူ ရှာဖွေချက်ပြုတ်စားသောက်တတ်ကြတဲ့အစဉ်အလာ ရှိပါတယ်။ ဥပမာအားဖြင့် မြင်းခွာရွက်ကို ဟင်းချို၊ဟင်းခါး၊အသုတ်တခုခုလုပ်စားတာမျိုး။ လဲလူရွက်ဟင်းချို ချက်သောက်တာမျိုးတွေကို ကျနော်တို့မြန်မာကျေးလက်မှာ တွေ့ရပါတယ်။ ဒါတွေဟာ ကျန်းမာရေးအတွက် ဆေးကုစရာမလိုအောင် အများကြီး ထိရောက်တာကို တွေ့ရပါတယ်။

အခုလည်း ကျနော် အမှတ်မထင် Internet Website က သုတေသနစာတမ်းတခုကို ဖတ်ပြီး ကျနော်တို့ မြန်မာလူ့အဖွဲ့အစည်းက ပြည်သူလူထုအများစုအတွက် အကျိုးကျေးဇူးအများကြီးရှိခဲ့တဲ့ ရှိနေဆဲလည်းဖြစ်တဲ့ အရွက်တခုရဲ့အစွမ်းကိုဖောက်သည်ချလိုက်ပါတယ်။

အဲဒါကတော့ ဂျပန်သုတေသနပညာရှင်များရဲ့ တွေ့ရှိချက်ပဲဖြစ်ပါတယ်။ လက်ဖက်ရည်ကြမ်းသောက်သုံးခြင်းဟာ အန္တရာယ်ရှိတဲ့ နာဖျားမကျန်းဖြစ်မှု အတော်များများကို ဖယ်ရှားပစ်နိုင်တယ်လို့ ဆိုပါတယ်။ ဒီလူ (၄၀,၀၀၀) လောက်ကို သုတေသနပြုချက်က လက်ဖက်ရည်ကြမ်း သောက်သုံးခြင်းက သေစေလောက်တဲ့ နှလုံးနဲ့ သွေးကြောဆိုင်ရာ ရောဂါဖြစ်ပွားမှုအန္တရာယ်ကို လေးပုံတပုံကျော်ကျော်လောက် လျှော့ချပစ်နိုင်တယ်ဆိုတာကို တွေ့ရှိခဲ့ရပါတယ်။ ဒီသုတေသနလုပ်ငန်းအကြောင်းကို American Medical Association ရဲ့ ဂျာနယ်မှာ ဖော်ပြထားပါတယ်။

လက်ဖက်ရည်ဟာ ရေပြီးရင်ကမ္ဘာပေါ်မှာ သောက်သုံးမှုအများဆုံးဖြစ်ပြီး ကမ္ဘာတဝှမ်းလုံးမှာ တနှစ်တနှစ်ကို လက်ဖက်ကီလိုဂရမ်သန်း(၃,၀၀၀) ထုပ်လုပ်နေကြပါတယ်။

ခါတ်ခွဲခန်းတွေ တိရိစ္ဆာန်တွေနဲ့ စမ်းသပ်လေ့လာမှုအရ အထူးသဖြင့် လက်ဖက်ရည်ကြမ်းဟာ ပိုပြီးများပြားကျယ်ပြန့်တဲ့ ကျန်းမာရေးအကျိုးကျေးဇူးတွေ ပေးအပ်နိုင်တယ်လို့ ပြဆိုပါတယ်။

၁၉၉၄ ခုနှစ်က အစပြုပြီး ဂျပန်နိုင်ငံ တိုဟိုကူတက္ကသိုလ် (Tohoku University) က သုတေသနပညာရှင်တွေက လက်ဖက်ရည်ကြမ်းဟာ လူသားတွေကို ဘယ်လို အကျိုးကျေးဇူးများစေနိုင်သလဲဆိုတာကို လေ့လာခဲ့ကြတာပါ။ သူတို့က လက်ဖက်ရည်ကြမ်း သောက်သုံးမှုများပြားတဲ့ ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းက ကျန်းမာသန်စွမ်းတဲ့ အသက်(၄၀)က(၇၉) နှစ်အရွယ် လူပေါင်း (၄၀,၅၃၀) ရဲ့အချက်အလက်တွေကို စစ်ဆေးကြည့်ရှုခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီဒေသကလူတွေရဲ့ (၈၀%) လောက်ဟာ လက်ဖက်ရည်ကြမ်းသောက်ကြပြီး အဲဒီထဲက ထက်ဝက်ကျော်ကျော်ဟာ နေ့စဉ် လက်ဖက်ရည်ကြမ်း (၃) ခွက် ဒါမှမဟုတ် (၃) ခွက်အထက်မှာ သောက်သုံးခဲ့ကြပါတယ်။ လေ့လာမှုမှာပါဝင်သူတွေကို (၁၁)နှစ်လောက်အကြာမှာ ကြည့်လိုက်တဲ့အခါ (၁၉၉၅-၂၀၀၅) အဲဒီအထဲက (၄၂၀၉) ယောက်ဟာ အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသွားခဲ့ကြပါတယ်။ သုတေသနပညာရှင်တွေဟာ တိကျတဲ့အကြောင်းအချက်နဲ့ သေဆုံးရမှုတွေကိုလည်း (၇) နှစ်တာ ရယူထားတဲ့ အချက်အလက်တွေနဲ့ စစ်ဆေးကြည့်ရှုခဲ့ကြပါတယ်။

အဲဒီအချိန်အပိုင်းအခြားအတွင်းမှာလူပေါင်း(၈၉၂)ယောက်ဟာ နှလုံးနဲ့ သွေးကြောပိုင်းဆိုင်ရာရောဂါ (CVD) နဲ့သေဆုံးခဲ့ကြပြီး (၁,၁၃၄) ယောက်ကတော့ ကင်ဆာရောဂါနဲ့ သေဆုံးခဲ့ကြတာဖြစ်ပါတယ်။

(၁၁) နှစ်ကြာကာလ သုတေသနပြုမှုအရ တနေ့ကို လက်ဖက်ရည်ကြမ်းတခွက်နဲ့ တခွက်အောက် သောက်သုံးသူတွေထက်စာရင် တနေ့ကိုလက်ဖက်ရည်ကြမ်း (၅) ခွက်နဲ့ (၅) ခွက်အထက်သောက်သုံးသူတွေက ဘယ်အကြောင်းနဲ့မဆို သေဆုံးနိုင်မှုအန္တရာယ် (၁၆%) လျှော့နည်းတယ်ဆိုတာကို တွေ့ရပါတယ်။

(၇) နှစ်တာဆက်လက်ပြီး လေ့လာမှုအရ သူတို့ဟာ နှလုံးနဲ့သွေးကြောဆိုင်ရာရောဂါ (CVD) ကြောင့် သေဆုံးနိုင်မှုအန္တရာယ်ဟာ (၂၆%) နိမ့်ကျနည်းပါးတာ တွေ့ရပါတယ်။

လေ့လာမှုတခုလုံးအရ လက်ဖက်ရည်ကြမ်းရဲ့ အကျိုးကျေးဇူးတွေဟာ အမျိုးသမီးတွေမှာပိုပြီး များပြားတယ်ဆိုတာ ပြနေပါတယ်။ တနေ့ကို လက်ဖက်ရည်ကြမ်း (၅) ခွက်နဲ့ (၅) ခွက်အထက် သောက်သူတွေဟာ တခွက်အောက် သောက်သုံးသူတွေထက် နှလုံးနဲ့သွေးကြောဆိုင်ရာရောဂါ (CVD) ကြောင့် သေဆုံးမှုအန္တရာယ်ဟာ (၃၁%) လျော့နည်းတယ်လို့ ဆိုပါတယ်။

သုတေသနခေါင်းဆောင် Dr Shinichi Kuriyama ကတော့ 'အရေးအကြီးဆုံးတွေ့ရှိချက်ကတော့ လက်ဖက်ရည်ကြမ်းဟာ နှလုံး နဲ့သွေးကြောရောဂါ ဖြစ်ပွားနိုင်တဲ့ အန္တရာယ်ကိုလျှော့ချပြီး လူသားတွေ အသက်ရှည်စေနိုင်တယ် ဆိုတာပါပဲ'လို့ ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် အဲဒီလေ့လာသုတေသနပြုမှုကို ပြုလုပ်တဲ့ နေရာဟာ ဂျပန်နိုင်ငံနဲ့ လေ့လာမှုမှာ ပါဝင်တဲ့သူတွေဟာ ဂျပန်လူမျိုးတွေဖြစ်ကြတဲ့အတွက် Brithish Heart Fourdation က နှလုံးဘက်ဆိုင်သူနာပြု Ellen Mason က 'နှလုံးရောဂါဖြစ်ပွားမှုနှုန်းမှာ ဂျပန်နိုင်ငံဟာ ကမ္ဘာမှာအနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။ ဒီလိုသိသိသာသာ နိမ့်ကျနေတာဟာ ဂျပန်လူမျိုးတွေ စားတဲ့ အစားအစာကြောင့် ဖြစ်နိုင်တယ်လို့ ယူဆရပါတယ်။ တနေ့ကို လက်ဖက်ရည်ကြမ်း ၃-၄ ခွက် သောက်တဲ့အကျင့် ဂျပန်နိုင်ငံ ဒေသအတော်များများမှာ ရှိပါတယ်'လို့ ပြောပြခဲ့ပါတယ်။

ဗြိတိသျှလူမျိုးတွေ နေ့စဉ်စားသုံးတဲ့ အစားအစာကလည်း ဂျပန်လူမျိုးတွေ နေ့စဉ်စားနေတဲ့ အစားအစာထက် ပြည့်ဝဆီလို့ခေါ်တဲ့ အဆီဓာတ်ပါဝင်မှုပိုပြီး များတဲ့အတွက် နှလုံးရောဂါဖြစ်ပွားမှုနှုန်းဟာ ဗြိတိန်မှာပိုပြီး များပြားပါတယ်။ ဂျပန်လူမျိုးတွေရဲ့ အစားအစာဟာ နိုင်ငံအတော်များများမှာ စားနေကြတဲ့ နေ့စဉ် အစားအစာထက် အဆီဓာတ်ပါဝင်မှုပိုနည်းတဲ့အတွက် ဂျပန်နိုင်ငံဟာ ကမ္ဘာမှာ နှလုံးရောဂါဖြစ်ပွားမှုနှုန်း အနည်းဆုံးဖြစ်နေတာလို့ ပြောရမှာပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ ကျနော်တို့နိုင်ငံက လူများစုကြီးဖြစ်တဲ့ သာမန်လယ်သမား အလုပ်သမားတွေဟာလည်း စီးပွားရေးအခြေအနေအရလည်း အဆီအအိမ့် များများမစားနိုင်ကြတော့ ဂျပန်လူမျိုးတွေရဲ့အစားအစာနဲ့ အမယ်မတူနိုင်ဦး အဆီဓာတ် ပါဝင်မှုကတော့ သိပ်ကွာခြားလှမယ် မဟုတ်ပါဘူးလို့ ထင်ပါတယ်။ ဒါကြောင့် လက်ဖက်ရည်ကြမ်းသောက်လေ့သောက်ထလည်းရှိတဲ့ သာမန်မြန်မာပြည်သူတွေအနေနဲ့ လက်ဖက်ရည်ကြမ်းကို နေ့စဉ်နေ့တိုင်း ပိုပြီးသောက်သုံးပေးကြမယ်ဆိုရင် ရောဂါဖြစ်ပွားမှု ပိုပြီးနည်းလာ၊ ပိုပြီးကျန်းမာရေးကောင်းလာနိုင်ပါကြောင်းသတင်းကောင်းပါးလိုက်ရပါတယ်။ ■

စိုးနေလင်း

Ref; Green Tea cuts fatal illness risk.

သွားမထိနဲ့ငြိသွားမယ်

သောင်းထိုက် (MTC)

♦ စွဲလန်းမှုဆိုတာ
အကဲစမ်းမှုပိုရာက စခဲ့လေသလား
ခွဲခြားကြစမ်းပါ၊ ကွဲပြားကြစမ်းပါ ...
♦ အလုပ်ရုံကြားက
အုတ်ခုံတုံတားနားမှာ
ဂစ်တာလေး တဒေါင်ဒေါင် တဒင်ဒင်လုပ်ရင်း
မာန်သွင်းဟစ်ကြွေး၊ ဈာန်အတင်းပစ်ထွေးဖို့
'ငါးလေးဖမ်း ကွန်လေးပစ်
ထွန်ခြစ် ကော်ရှူ၊ မျက်ထူ မျက်ပါး'
အားလုံးကို ဆော့ကစားရင်း
ပေါ့ပေါ့ပါးပါး အပျော့စားလို့ထင်ရာက
လမ်းမှားထဲ အတင်းပြေးဝင်လာခဲ့သူလေးတွေ ...
♦ ပန်းဝင်တာလား
အဆန်းထွင်တာလား
လမ်းမမြင်တာလား
ဝေဝေဝါးဝါးတောင် မခွဲခြားတတ်သူလေးတွေ ...
♦ သမုဒယ သဏ္ဍာန်ရုပ်နဲ့
ပြုသမျှ ဟန်ထုတ်ပြီး
လူ့ဘဝကို ကန်ပုတ်ကြသူလေးတွေ ...
♦ အကြောင်းအကျိုး အလွဲအမှားကို
အကောင်းအဆိုး မခွဲခြားပဲ
တစောင်းတမျိုး တလွဲသွားတတ်သူလေးတွေ
...ငါလေတွေ့ရ
ကြေကွဲလိုက်ရတာလေ
(သူတို့မိဘများသာတွေ့ရင်)
ဘဝင်နုလွှာဟာဖြင့် (ဘယ် လောက်များ)
ရင်ထုမနာဖြစ်လိုက်လေမလဲ ...
...ကိုးလလွယ် ဆယ်လဖွား
အမေ့ရင်မှာ
နို့ရည်တောင်မစင်သေးတဲ့ သား ... ရယ်လို့
ဘယ်လောက်များ ဝမ်းနည်းလိုက်လေမလဲ ...
...စိတ်အလိုမကြိုက်ပေမယ့်
အရိပ်ဆိုတာ လိုက်စမြဲမို့
မိုက်လိုက်တဲ့သား ... ရယ်လို့ တတွတ်တွတ်ပြောပြီး
(တကတည်း) ဘယ်လောက်များ ငိုရှိုက်လိုက်လေမလဲ ...
♦ အဲဒီမြင်ကွင်း အစအဆုံးဟာ
အော့နှလုံးနာစရာလား ရင်နာစရာလား
မခွဲခြားတတ်အောင်ဖြစ်ကြ
ကိုယ်ထင်သလိုပဲ ဆုံးဖြတ်လိုက်ရတော့တဲ့အခါ
...လောကဟာ သူ့အလိုလိုနေရင်း
အပြစ်မကင်းဘူးလောကလို့
သောကနဲ့ပြောကြတာကို ခံခဲ့ရတယ်
...တကယ်တော့
ဒါဟာ
လောကအပြစ်လည်းမဟုတ်
ဒေါသအနှစ်လည်းမဟုတ်
သောကအချစ်လည်း မဟုတ်ပေဘူး ...
...မတရားလိုက်လေခြင်းလို့
တရားစရိုက်ကွေကွင်းသွားရင်ဖြင့်
မိုးတွင်းမှာ နှင်းမကျသလို
ရောက်လိုတာကတခြား
သွားနေတာက တနေရာဖြစ်လိမ့်မယ်။
'ဆူးစူးမယ်မှန်းသိရင်
ဆူးပုံမနင်းကြနဲ့ပေါ့
ဒါဟာ တရားတယ်လေ'

စာမျက်နှာ(၁၂)သို့ ▶▶▶

ဆန်တာကလော့စ်

အသည်းလေးလို့ မသေါတော့ဘူး မသင်းမေ

'အောင်းမြတ်လေး၊ အောင်းမြတ်လေး၊ အောင်းမြတ်လေး'ဟု ရင်ဘတ်စည်တီးကာ မပဋ္ဌာလို ငိုညည်းလာတာကို ကြားရသည်။ ထိုင်းနိုင်ငံမဲဆောက်မြို့ မယ်တော် ဆေးခန်းအနားက မိုက်တွင်းလေးစွာကျယ် (အဲလေ) နိုက်တင်ဂေးလ်ဂျာနယ်တိုက်တဝိုက်မှာ ဘာတွေအသိုက်ကိုက်ပြီး ဘာတွေဂျပိုး (ကြမ်းပိုး)ကိုက်နေကြပါလိမ့်။ ဒေါက်တာလွဏ်းဆွေနှင့် မန်းမျိုးမြင့်တို့လို နိုက်တင်ဂေးလ်ဂျာနယ် ဝိုင်းတော်သားတွေ ဖိုက်တင်ပလေးနေကြလို့လား။ (ဒါမှမဟုတ် သိုင်းလောကရဲ့ စိန်ခေါ်သံဆိုပြီး ပုဆိုးဝွင်းသိုင်း၊ သိုင်းကွက်ကျင့် နေကြလို့လား။) မဟုတ်ပါခင်ဗျာ။ မဟုတ်ရေးချ မဟုတ်ပါ။ အကြောင်းရင်းကြွက်စစ် (အဲလေ) တွက်စစ်ကြည့်တော့ မယ်တော်ဆေးခန်းအနားက နိုက်တင်ဂေးလ်ဂျာနယ်တိုက်တဝိုက်မှာ ဖဲချတဲ့ (အဲဗျာ) စတည်းချတဲ့ ဂုရုကြီးဆန်တာကလော့(စ်)နဲ့ သူ့တပည့်မလေးယောက်ရဲ့ ဟာသအတွေးနဲ့ ကျန်းမာရေးပညာပေးဆွေးနွေးတော့မယ့် လက္ခဏာပါဗျာ။ အဲဒီလို ဂျေအေစီဘီအေရုံးဘက်က ချီတက်လာကြသော ဒေလီယာ၊ အင်ကြင်း၊ ယင်းမာနှင့် ငွေစပယ်တို့၏ ဟိုတောင်ဆီက ညိုတိုတိုသဏ္ဍာန် ငိုတိုတို မျက်နှာထားတွေကို ဂုရုကြီးဆန်တာကလော့(စ်)တယောက် စိတ်အချဉ်ပေါက်ကာ အော်ငေါက်ပစ်တာ တွေ့ရ၏။

ဂုရုဆန် ။ ။ တော်တန်တိတ် ... တော်တန်တိတ် ... တော်တန်တိတ်။ နင့်အမေ (ငါ့အမပေါ့နော်၊ ထားပါတော့) ငါပြောရရင် မကောင်းရှိရော့မယ်။ ညည်းတို့လာလိုက်ရင် ဒီလိုချည်းပဲ။ မင်္ဂလာအပေါင်းနဲ့ ခါးညောင်းတဲ့ (အဲလေ) ခညောင်းတဲ့ ငါ့ရဲ့တဲစုတ်မှာ (အဲဟုတ်ပေါင်) စံအိမ်မှာ ညည်းတို့လို အသည်းလေးတွေက ခမဲမပေးဘဲ အဆဲလေးကိုယ်စီနဲ့ ဝင်လာတော့ ဟောဒီက ဂုရုဆန်ရဲ့ နှစ်လုံးပြူးဟာ (အဲလေ) နှလုံးသားဟာ နှစ်ခါကွဲတဲ့အသည်းဟာ မနာဘဲရှိပါ့မလားကွယ် တူနယ်... တူနယ်... တူနယ်။

(ဂုရုဆန်က ပြောလည်းပြော ရင်ဘတ်ကိုလည်း ပုတ်ပြသည်။ နိုက်တင်ဂေးလ်ဂျာနယ်က စာမူခမရသေး–ဟူ၍ ဆိုလိုက်ဟန်တူသည်။)

ဒေလီယာ။ ။ ဟုတ်ပါတယ်ဂုရုဆန် ...။ အဲဒီ**'အသည်း'**ကိစ္စကိုပဲ ပြောပြချင်လို့ ရိုးရိုးမလာဘဲ အောင်းမြတ်လေးလို့ အော်ချလာကြတာပါရှင်။ ပိုမို သွေးထွက်သွား (အဲလေ) လေးနက်သွားအောင်လို့ပါရှင်။ သည်းခံပါနော် ... နော် ဂုရု နော် ...။

အင်ကြင်း။ ။ ဂလုဂလုကြီး (အဲလေ) ဂုရုကြီးကို မလေးမစား လုပ်တာ မဟုတ်ပါဘူးရှင်။ အစွဲမသေးတဲ့ အသည်းလေးကိစ္စကို တပွဲပေးကြရအောင်လို့ပါရှင်။

ယင်းမာ ။ ။ အာ ... အင်ကြင်းကလဲကွာ၊ ဒို့များဂုရုကြီးကို တပွဲပေးရအောင် အယူတိမ်းလို့ ဂျပ်ပိန်း (အဲ) နတ်စိမ်း ဖြစ်သွားတာမှ မဟုတ်တာကွ၊ အချွဲမနေးတဲ့ မနဲ့လေး (အဲလေ) အသည်းလေးကိစ္စကို ဆက်ပါဦး ဂုရုဆန် ...။

ဂုရုဆန် ။ ။ အိန်း ... အိန်း ငါ့ကို ညည်းတို့ ကင်ပွန်းတပ်တာတွေကို ငါကပဲ ပြန်ရှင်းပြပါ့မယ်။ ဂလုဂလုကြီးလို့ခေါ်တာက ငှက်ပျောသီးစားရင်းနင်နေတဲ့ အသံဆိုပါစို့။ ခုလုလုကြီးလို့ ရည်ညွှန်းတာက ပျဉ်းမငုတ်တိုပေါ်မှာ တက်ထိုင်မိတဲ့အသံဖြစ်ပြန်ရော။ ဒါတွေက ပျော်စေပျက်စေ ပြောတာပါကွယ်။ အသည်းကိစ္စဟာ ဖိုးသမား၊ ကစော်သမား၊ ချစ်ရည်းစား အဖြူသမားတွေအတွက် မာလကီးယားပြည်မှာ မာလကာသီး သွားစားရမယ့် လမ်းကြောင်းပဲဖြစ်တယ်ကွဲ့။

အင်ကြင်း။ ။ ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ အသည်းကိစ္စကိုပဲ အင်ကြင်း ဆက်ပြောမယ်နော်။ အသည်းက ဆောင်ရွက်ရမယ့် အလုပ်တွေ ချို့ယွင်းလာလို့ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ဓာတ်သဘာဝတွေ ထုတ်လုပ်ပေးမှုဟာ ချို့ယွင်းလာလို့သာဖြစ်ပါသတဲ့။ ကျမသိသလောက် နင်ပြ (အဲ) တင်ပြရရင် အသည်းဟာ ခန္ဓာကိုယ်ဝမ်းပြင်ရဲ့ အထက်ညာဘက်မှာရှိပါတယ်။ အသည်းကနေ အဓိကလုပ်ဆောင်ပေးတာကတော့ (၅)ချက်ရှိပါတယ်။ ဂုရုဆန်ပြောနေကျအတိုင်း လင်္ကာတို့နဲ့စပ်ပြီး မှတ်ရရင်တော့ ဒီလိုရှိပါတယ်ရှင့်။

'ဂလူးကို့(စ်)ထုတ်လုပ်
ဆီးဝမ်းစွန့်ထုတ်
နှစ်ခါလုပ်သန့်စင်၊ ဘာသန့်စင်မလဲ
ညစ်၊ ဆိပ်သန့်စင်၊ ပြန်ကြောစင်(ကွဲ့)
ဂလိုင်ကိုဂျင်ဓာတ်၊ သိုလှောင်တတ်က
ငါးရပ်အင်္ဂါ၊ အသည်းမှာ'တဲ့ ရှင် ...။

တချက်ချင်းရှင်းပြရမယ်ဆိုရင် ဒီလိုရှိပါတယ်။

(၁) ဂလူးကို့(စ်)ထုတ်လုပ် ... ခန္ဓာကိုယ်အတွက် အဓိကလောင်စာဖြစ်တဲ့ ဂလူးကို့(စ်)ထုတ်လုပ်ပေးတယ်။

(၂) ဆီးဝမ်းစွန့်ထုတ် ... သွေးပြန်ကြောကတဆင့် ဆီးလမ်းကြောင်း၊ အစာအိမ်လမ်းကြောင်းကနေပြီး ဆီးဝမ်းတွေအဖြစ် စွန့်ထုတ်ပေးတယ်။

(၃) ညစ်ဆိပ်သန့်စင် ... ခန္ဓာကိုယ်ရဲ့ရန်သူဖြစ်တဲ့ အညစ်အကြေး၊ အဆိပ်အတောက်တွေကို သန့်စင်ပေးတယ်။

(၄) ပြန်ကြောစင်ကွဲ့ ... သွေးပြန်ကြောကတဆင့် သန့်စင်ပေးတယ်။

(၅) ဂလိုင်ကိုဂျင်ဓာတ်၊ သိုလှောင်တတ် ... ဂလိုင်ကိုဂျင်ဓာတ်ကို သိုလှောင်ပေးတယ်။ စသဖြင့် အဲဒီအင်္ဂါငါးရပ်ဟာ အသည်းရဲ့ အဓိကလုပ်ဆောင်ပေးချက်တွေ ဖြစ်ပါသတဲ့။

ဂုရုဆန် ။ ။ ကြည့်စမ်း ... ကြည့်စမ်း၊ ငါ့တပည့်မ အင်ကြင်းက ချွန်လှ၊ တော်လှချည်လားကွဲ့။ တကယ့်ကို ချီးကျွေး (အဲ) ချီးကျူးရပါတယ် မိအင်ကြင်းရယ်။ ဆက်မယ်နော်။ တကယ်ဆိုရင် အသည်းဆိုတာဟာ သွေးနီဥတွေ ဖြစ်ထွန်းတာ၊ ခန္ဓာကိုယ်ရဲ့ခုခံအား စစ်ထုတ်ရည်တွေလည်း ဖန်တီးပြုလုပ်ပေးတဲ့ အင်္ဂါအစိတ်အပိုင်းလည်းဖြစ်သတဲ့။ 'အသည်း' ဆိုတဲ့ ဓာတ်စက်ပျက်ရင် (အဲလေ) အသည်းဓာတ်ပျက်ရင် ဘာတွေ ဆိုင်း (Sign) ပြမလဲ။ ကဲ သိတဲ့လူပြော။

ဒေလီယာ ။ ။ ဘာတွေ ဆိုင်းပြမလဲဆိုတော့ စိန်စတင်းတို့၊ စိန်ဗိုလ်တင့်တို့ပြမှာပေါ့ (အဲလေယောင်လို့) ဆိုင်းဆိုတဲ့ လက္ခဏာ ပြတာက (၁၂)ချက်တောင်ရှိတယ်ရှင့်။ ဂုရုဆန်ပြောနေကျအတိုင်း လင်္ကာတို့ အပိုင်းလေးတွေနဲ့မှတ်မှ တပ်အပ်သိမြင်မှာနော်။ ကြည့်ပါရှင်။

'အခါးဓာတ်များ၊ မောလွယ်သား (ရှင့်)
ပျက်ပြားအိပ်နေ၊ မူးထုံစေ၍
ခေါင်းအုံ ဆီးဝါ၊ အသားဝါလျက်
သွေးထွက်လွန်လာ၊ အရသာမဲ့
ဝမ်းရဲ့ဖြူရော်၊ ဝင်သော်အဖျား
ဝါငြားမျက်စိ၊ ဓာတ်ပျက်ဘိ၊ သင်သိဆယ့်နှစ်ရပ်'တဲ့။

တချက်ချင်းရှင်းပြရမယ်ဆိုရင် ဒီလိုရှိပါတယ်ရှင်။

(၁) အခါးဓာတ်များ ... ခံတွင်းမှာ အခါးဓာတ်ပိုများနေပါတယ်။

(၂) မောလွယ်သား(ရှင့်) ... သာမန်လုပ်နေကျ လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ မောလွယ်လာပါတယ်။

(၃) ပျက်ပြားအိပ်နေ ... အအိပ်အနေ ပျက်ပြားလာပါတယ်။ နှစ်ခြိုက်စွာ အိပ်စက်ရတာ နည်းပါးလာပါတယ်။

(၄) မူးထုံစေ၍ ... သွေးတိုးတမျိုးဖြစ်တဲ့ 'ပေါ်တယ်(လ်)ဟိုက်ပါတန်းရှင်း'ကြောင့် ခေါင်းမူးတာ၊ ခြေဖျားလက်ဖျားထုံကျင်တာတွေ ဖြစ်လာပါတယ်။

(၅) ခေါင်းအုံ ... ခေါင်းမူး၊ ခေါင်းအုံလာပါတယ်။

(၆) ဆီးဝါ ... ဆီးတွေဝါလာပါတယ်။

(၇) အသားဝါလျက် ... အသားတွေလည်းဝါလာပါတယ်။

(၈) သွေးထွက်လွန်လာ ... သွေးထွက်လွန်လာတတ်ပါတယ်။ သွေးမတိတ်နိုင်ဘဲရှိလာတတ်ပါတယ်။(တိတ်နိုင်သာ အေအေပီပီမှာပဲရှိမှာပါ)

(၉) အရသာမဲ့ ... ခံတွင်းမှာ စားနေကျအာဟာရတွေဟာ အရသာမဲ့လာပါတယ်။

(၁၀) ဝမ်းရဲ့ဖြူရော် ... ဝမ်းဟာ အရောင်အားဖြင့် ဖြူဖတ်ဖြူရော်ဖြစ်လာပါတယ်။ ဖြူဖတ်ဖြူဖွေးမဟုတ်ဘူးနော်။ (ဖြူဖွေးကတော့ နို့ဖိုးစခန်းမှာ ဝမ်းချည်းသွားနေကျပါ။)

(၁၁) ဝင်သော်အဖျား ... သေးမွှားတဲ့ အဖျားရောဂါတွေ အလွယ်တကူ ဝင်ရောက်လာပါတယ်။

(၁၂) ဝါငြားမျက်စိ။ ။ မျက်စိရဲ့အဖြူသလွှာဟာ ဝါလာပါတယ်။ ဒါတွေ ... ဒါတွေ ဒါတွေဟာ အသည်းဓာတ်ပျက်တတ်တဲ့ ဆယ့်နှစ်ရပ်ဖြစ်ပါသတဲ့ရှင်။

ဂုရုဆန် ။ ။ ဘဲရီးအခါတသောင်းဂွတ်(ဒ်)တယ် ဒေလီယာရေ့။ ဒါဆိုရင် ဘာတွေပြင်ဆင်လို့၊ ဘာတွေဆင်ခြင်ရမလဲ ...။ သိရင်ပြောကြပါခင်ဗျာ ... ကျေးဇူးဆပ်ပါမည် ... ပေါ့ကွယ်။

ယင်းမာ ။ ။ သိသလောက် ဖောကြည့် (အဲ) ပြောကြည့်ပါ့မယ်။ ငနဲသားတွေကို အသည်းစကားမပြောရအောင်ဆိုရင် သီတာခုနှစ်တန်ပမာ (၇)ချက် (၇)ရပ် ရှိပါသတဲ့။ (နံပါတ်တစ်) လိုအပ်တဲ့ အာဟာရတွေကို ပြည့်စုံအောင်စားဖို့ (ဒါက'စား')။ (နံပါတ်နှစ်) အစာကို အချိန်မှန်မှန်စားဖို့၊ ဖြစ်နိုင်ရင် အစာစားချိန်ကို နှစ်နာရီ၊ သုံးနာရီထက် ပိုမဝေးစေဖို့(ဒါလည်း'စား'ပဲနော်)။ (နံပါတ်သုံး) အိပ်ချိန်၊ အနားယူချိန်လုံလောက်ဖို့ (ဒါက'အိပ်နား'ပေါ့)၊ (နံပါတ်လေး) မှီဝဲတဲ့အစားအစာထက် ပိုလွန်းတဲ့ အင်အားအသုံးပြုမှုတွေကို ရှောင်ရှားရမှာဖြစ်ပါတယ်။ (ဒါက'ရှောင်ရှား')။ (နံပါတ်ငါး) ခါးတဲ့အစားအစာတွေ (ဥပမာ– ဆေးလိပ်၊ ကော်ဖီ၊ အရက်နဲ့မူးယစ်ဆေး)ကို ဆင်ခြင်စားသောက်ဖို့၊ (ဒါက 'ဆင်ခြင်'စား)။ (နံပါတ်ခြောက်) အဖျားအနာဖြစ်လာရင် အမြန်ပျောက်ကင်းအောင် ကုသပစ်ဖို့၊ (ဒါက'အမြန်ကု')။ (နံပါတ်ခုနှစ်) အေအိုင်ဒီအက်(စ်)နဲ့ ဆစ်ဖလစ် (ခေါ်) ကာလသားရောဂါပိုးတွေ မရရှိအောင် ရှောင်ရှားဖို့၊ (ဒါကတော့ 'အေ့(စ်)နဲ့ဆစ်ဖလစ်မဖြစ်အောင်နေ')

ဒါတွေ ဒါတွေ ဒါတွေဟာ သီတာခုနှစ်တန်ပမာ အချက်ခုနှစ်ချက်ဖြစ်တဲ့ သတိထားရမယ့် ဆင်ခြင်စရာ တရားတွေပေါ့ရှင်။

ဒေလီယာ။ ။ တော်ပါပေ့ မိယင်းမာရယ်၊ ဟဲဟဲ ဂုရုဆန် မပြောခင်ကြိုတင်ချီးမွမ်းကြည့်တာနော်၊ ဩော် ... ဒါထက်၊ ဆင်ခြင်စရာတွေပြီးပြန်တော့ ပြင်ဆင်စရာတွေကိုရော ဂုရုဆန်က ပြောပါဦးရှင်။

ဂုရုဆန် ။ ။ အလုည့်ကျတော့လည်း စာမျက်နှာ(၁၂)သို့ ▶▶▶

ဂါမဏိ

ဆေးပညာလောက၏ ယုံကြည်ချက် အကျပ်ဆိုက်မှု

ရီကာဂိုမြို့မှာ အရေးပေါ်လူနာတင်ယဉ်မောင်းတဦးဟာ ကိုယ်ဝန်ဖျက်ချချင်တဲ့ လူနာတဦးကို ဆေးရုံပို့ပေးဖို့ ငြင်းဆန်ခဲ့တယ်။ ကာလီဖိုးနီးယားပြည်နယ်မှာ သားသမီးထွန်းကားရေးဆိုင်ရာ ပညာရှင်တွေက လိင်တူဆက်ဆံသူ အမျိုးသမီးတဦး ဖန်ပြွန်သန္ဓေသားရဖို့ အကူအညီတောင်းတာကို ပယ်ချလိုက်တယ်။ တက္ကဆက်ပြည်နယ်မှာ ဆေးဆိုင်ရှင်တဦးက မုဒိမ်းကျင့်ခံရတဲ့ အမျိုးသမီးတဦးကို အရေးပေါ်သန္ဓေတားဆေး (နောက်နေ့မနက်တားဆေး) ရောင်းမပေးနိုင်ဘူးဆိုပြီး ငြင်းလွှတ်လိုက်တယ်။

အဲဒီလို အမေရိကန်ပြည်တလွှားမှာ ကျန်းမာရေးလုပ်သားတွေဟာ မိမိတို့ခံယူချက်ကို ချိုးဖောက်ရာကျတယ်လို့ ယူဆတဲ့ ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး အင်တင်တင်လုပ်နေတာကြောင့် လူနာတွေနဲ့ ထိပ်တိုက်ပြဿနာတွေ ပေါ်နေပါတယ်။ တဆက်တည်းမှာ ဘာသာရေးအရ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်နဲ့ လူနာ့အခွင့်အရေးအကြား ပြင်းထန်ရှုပ်ထွေးတဲ့ အငြင်းအခုံတွေ နာနာကျည်းကျည်း ခါးခါးသီးသီး ပေါက်ကွဲထွက်လာပါတော့တယ်။

အဲဒါတွေရဲ့နောက်မှာ တရားရေးဆိုင်ရာတိုက်ပွဲတွေ၊ နိုင်ငံရေးတိုက်ပွဲတွေ ဆက်တိုက်လိုက်လာပါတယ်။ လူနာတွေဟာ ခုနကလို ငြင်းပယ်ခံရပြီးနောက် တရားစွဲတာတွေ တိုင်တာတောတာတွေ လုပ်ကြတယ်။ ကျန်းမာရေးလုပ်သားတွေဘက်ကလည်း မိမိတို့အပြုအမူတွေကြောင့် အရေးယူတာ အလုပ်ဖြုတ်တာတွေ ခံရပြီးနောက် ဘာသာရေးအရ ခွဲခြားဆက်ဆံခံရတယ်ဆိုပြီး တန်ပြန်တရားစွဲကြတယ်။ အမေရိကန်ကွန်ဂရက်လွှတ်တော်နဲ့ ပြည်နယ်လွှတ်တော်အတော်များများက လူနာ့အခွင့်အရေး ကာကွယ်တဲ့အနေနဲ့ ကျန်းမာရေးလုပ်သားတွေ မဖြစ်မနေ တာဝန်ယူစောင့်ရှောက်စေမယ့် ဥပဒေတွေ၊ သို့မဟုတ် လူနာကိုပစ်ပယ်တဲ့အတွက် ကျန်းမာရေးလုပ်သားတွေ အရေးယူမခံရအောင် ကာကွယ်ပေးမယ့် ဥပဒေတွေ ထုတ်ပြန်ဖို့ စဉ်းစားဆွေးနွေးနေကြတယ်။

ကျန်းမာရေးလုပ်သားတွေရဲ့ "ယုံကြည်ချက်ဆိုင်ရာ အခွင့်အရေး"ဘက်က ရပ်ခံသူတွေပြောတာက နိုင်ငံသားတွေကို မိမိတို့ရဲ့ စာရိတ္တတန်ဖိုးစံတွေ၊ ဘာသာရေးတန်ဖိုးစံတွေ ဖွတ်အတင်း ဖောက်ဖျက်ခံရမှုကနေ ကာကွယ်တာဟာ အမေရိကန်နိုင်ငံရဲ့ အခြေခံလူ့အခွင့်အရေးစံဖြစ်တယ်လို့ ဆိုနေပါတယ်။ လူနာဘက်တော်သားတွေ ပြောတာကတော့ ဆေးပညာသည်တွေရဲ့ ရိုးရာအစဉ်အလာကျင့်ဝတ်ဟာ လူနာကို ပထမဦးစားပေးဖို့ဖြစ်တယ်လို့ဆိုပါတယ်။

ဒီကနေ့အမေရိကန်နိုင်ငံမှာ လက်ျာအတွေးအခေါ် ပိုလွှမ်းမိုးလာနေပြီး ဘာသာရေးရပ်တည်ချက်က နိုင်ငံရေးနယ်ပယ်မှာပါ အသာစီးရလာနေလို့ ပြဿနာက ပိုကြီးလာပါတယ်။ မွတ်ဆလင်နိုင်ငံတွေက အစ္စလမ်ဘာသာရေးမူရင်းစွဲဝါဒီတွေ နိုင်ငံရေး၊ လူမှုရေးနယ်ပယ်တွေထဲ စွက်ဖက်ကြီးစိုးတာလောက် မပြင်းထန်ပေမဲ့ အမေရိကန်နိုင်ငံအပါအဝင် ခရစ်ယာန်နိုင်ငံတွေမှာလည်း လူမှုရေးနယ်ပယ်နဲ့ သိပ္ပံပညာနယ်ပယ်၊ အထူးသဖြင့် ဆေးပညာလောကထဲကို ခရစ်ယာန် ဘာသာရေးမူရင်းစွဲအမြင်နဲ့ ချဉ်းကပ်စွက်ဖက်တာတွေဟာ လူအများ အာရုံစိုက်လောက်အောင် ဖြစ်ပေါ်နေပါတယ်။ ဒါ့အပြင် ဆေးပညာရပ်ဟာ ထုံးတမ်းစဉ်လာအားဖြင့် မိမိနဲ့မဆိုင်ခဲ့တဲ့ နယ်ပယ်တွေထဲ တိုးဝင်လာတဲ့အတွက်ကြောင့်လည်း ပြဿနာ ပိုရှုပ်လာတာဖြစ်ပါတယ်။ သန္ဓေသားလောင်း ပင်မကလပ်စည်းတွေကို ရောဂါကုဖို့ ဆရာဝန်တွေ အသုံးချတာ၊ ကုမရတဲ့လူနာတွေ ဆရာဝန့် အကူအညီနဲ့ မိမိကိုယ်အဆုံးစီရင်ခွင့်ကို ပြည်နယ်အများစုမှာ တရားဝင်ခွင့်ပြုလာတာ အစရှိတဲ့ ကိစ္စရပ်တွေဟာ ဒီတိုက်ပွဲကို မီးထိုးပေးဖို့ရှိပါတယ်။

ဟေ့စ်တင်းဗဟိုဌာန လို့ခေါ်တဲ့ ဆေးဖက်ဆိုင်ရာကျင့်ဝတ်စူးစမ်းလေ့လာရေးအဖွဲ့က နန်စီဘာလင်ဂါက "ဆေးပညာမှာ ကျင့်ဝတ်နဲ့ညီတဲ့ သက်ဝင်ယုံကြည်ခွင့်ဆိုတာဘာလဲ၊ အကန့်အသတ်က ဘာလဲ။ ဒါဟာ ကျမတို့ အတွက် ပိုလို့ ပိုလို့ စဉ်းစားရခက်လာတယ်" လို့ပြောတယ်။

မင်းဖစ်မြို့အနီး ကျေးလက်ဆေးခန်းတခုမှာ အလုပ်လုပ်တဲ့ သူနာပြုဆရာမ ဒက်ဘရာရှက်ပလီဟာ အရေးပေါ် သန္ဓေတားဆေးတွေ တောင်းလာရင်ပေးဖို့ ဆေးခန်းအာဏာပိုင်တွေက သူမကို ညွှန်ကြားလာတဲ့အခါ သူမရဲ့ တာဝန်နဲ့ သူမရဲ့ ခရစ်ယာန်ယုံကြည်မှုအကြား ပဋိပက္ခ စဖြစ်လာခဲ့တယ်။ အသက်(၄၉)နှစ်ရှိတဲ့ သူမက "ကျမရဲ့ ဘာသာရေးလွတ်လပ်ခွင့်တွေ ချိုးဖောက်ခံရတယ်လို့ ခံစားမိတယ်။ ခိုင်းတဲ့အတိုင်းလုပ်ရင် ကျမစိတ်တွေ သန့်ရှင်းမှာ မဟုတ်တော့ဘူး။ ကျမအဖို့တော့ ဘုရားသခင်က အဓိက ပထမဘဲ" လို့ပြောတယ်။

ဒါပေမဲ့ ကင်းဆပ်ပြည်နယ်က ပေဂျီဂျာဆန် (၃၇ နှစ်) ကတော့ ဆရာဝန်တွေ သူနာပြုဆရာမတွေဟာ ကိုယ့်ပုဂ္ဂလိက တန်ဖိုးစံတွေက လူနာပြုစုရေးကို စွက်ဖက်နှောင့်ယှက်တာ ဘယ်တော့မှ မဖြစ်စေသင့်ဘူးလို့ ယုံကြည်ပါတယ်။ သူမကို ဆရာဝန်က ဘာသာရေး အကြောင်းပြချက်နဲ့ အရေးပေါ်တားဆေးပေးဖို့ ငြင်းဆန်ခဲ့ပါတယ်။ "ကျမ အင်မတန့်ကို ဒေါသထွက်မိတယ်။ ကြောက်လည်း အင်မတန် ကြောက်မိတယ်။ ဒါဟာ ကိုယ့်ဘာသာရေးယုံကြည်မှုကို သူများအပေါ် အဓမ္မချမှတ်တာဖြစ်လို့ လုံးဝမှားယွင်းတဲ့ကိစ္စဖြစ်တယ်ရှင့်" လို့ ဂျာဆန်ကပြောပါတယ်။

အခုလိုငြင်းခုံမှုဟာ ၁၉၇၃ ခုတုံးကလည်း ပေါ်ခဲ့ဖူးတယ်။ အဲဒီတုံးက ကိုယ်ဝန်ဖျက်ချတာ မလုပ်ပေးချင်တဲ့ ဆရာဝန်တွေ၊ သူနာပြုဆရာမတွေဘက်က ကာကွယ်ပေးတဲ့ဥပဒေတွေကို ပြည်နယ်အများအပြားမှာ ပြဋ္ဌာန်းခဲ့ဖူးတယ်။ ဆရာဝန်အကူအညီနဲ့ မိမိကိုယ်ကိုအဆုံးစီရင်ခွင့်ကို ၁၉၉၄ ခုမှာ ပြဋ္ဌာန်းတဲ့ အခါမှာလည်း ဆရာဝန်တွေ သူနာပြုတွေ မလုပ်ချင်ရင် မလုပ်ဘဲနေနိုင်ခွင့် ပြုထားပါတယ်။

အခုနောက်ပိုင်း ပြဿနာပေါ်လာတာက ကိုယ်ဝန်ဖျက်ချမှုဆန့်ကျင်ရေး ဆေးဆိုင်ရှင်တွေက အရေးပေါ်သန္ဓေတားဆေး ပေးခိုင်းတဲ့ ဆရာဝန်ညွှန်ကြားချက်တွေကို လိုက်နာဖို့ငြင်းဆန်တာက စလာတာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကိစ္စ၊ ဒီဆေးဆိုင်ရှင်တွေတင်မကဘဲ ကိစ္စရပ်အတော်များများမှာ ကျန်းမာရေးလုပ်သားတွေ၊ လူနာတွေ၊ ရှေ့နေတွေ၊ ကျင့်ဝတ်ဆရာတွေ၊ ဥပဒေပါရဂူတွေ၊ ဘာသာရေးခေါင်းဆောင်တွေ၊ ဆေးဖက်အာဏာပိုင်တွေနဲ့ ကျယ်ကျယ်ပြန့်ပြန့်ကို ပတ်သက်နေပါတယ်။

တချို့ မေ့ဆေးပညာရှင်တွေက သားကြောဖြတ်ခွဲစိတ်မှုမှာ ကူညီဆောင်ရွက်ပေးဖို့ ငြင်းဆန်ကြတယ်။ အသက်ရှူထောက်ကူကိရိယာပညာရှင်တွေက လမ်းဆုံးရောက်နေတဲ့ လူနာတွေရဲ့ အသက်ရှူကရိယာကို ဖယ်ရှားပစ်ဖို့ တခါတရံ ငြင်းဆန်ကြတယ်။ မီးယပ်ပညာရှင်တွေက သန္ဓေတားဆေးပေးဖို့ ငြင်းတယ်။ လူပျိုလူလွတ်တွေ ဗိုင်ယာဂရာဆေးတောင်းတာကို တချို့ဆရာဝန်တွေက ပယ်ချတယ်။ တဖက်မှာလည်း လမ်းဆုံးရောက်ရောဂါသည်တွေအတွက် အထူးတလည်ပြုစုစောင့်ရှောက်တာကို ကျန်းမာရေးလုပ်သားတချို့က မကျေနပ်မနှစ်မြို့ကြသလို ကက်သလစ်ဆေးရုံတွေမှာ ကိုယ်ဝန်ဖျက်ချမှု၊ သားကြောဖြတ်မှုနဲ့ အရေးပေါ်တားဆေးပေးမှုတို့ လက်မခံတာကိုလည်း တခြားလူတွေက ကန့်ကွက်ကြတာတွေရှိတယ်။

ဒီအငြင်းပွားမှုဟာ တချို့သော ဘာသာရေးသမားတွေ၊ အထူးသဖြင့် အင်မတန် ဘာသာရေးထက်သန်ကိုင်းရှိုင်းတဲ့ ခရစ်ယာန်တွေအဖို့ အင်မတန် အကဲဆတ်တာ ဖြစ်လာပါတယ်။ သူတို့အဖို့ "ယုံကြည်သက်ဝင်မှု"ဆိုတဲ့ သဘောတရားဟာ အင်မတန်အလေးထားတဲ့အရာဖြစ်ပါတယ်။ အခုခေတ်မှာ သူတို့ရဲ့ တန်ဖိုးစံတွေကို စိန်ခေါ်မှုတွေ တခုပြီးတခု ပေါ်လာနေပါတယ်။ ဒါတွေကတော့ ချက်ကြိုး အချင်းစတဲ့ သန္ဓေသားတစ်သျှူးသုံးတဲ့ ကုသမှုတွေ၊ ဆရာဝန်အကူအညီနဲ့ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံမှု၊ RU-486 ကိုယ်ဝန်ဖျက်ဆေး၊ ကလုံးပုံတူ မျိုးပွားနည်းပညာ၊ အရေးပေါ် (နောက်နေ့မနက်) သန္ဓေတားဆေး၊ ထောင်နဲ့ချီတဲ့ (စမ်းသပ်ဖန်ပြွန်)သန္ဓေသားလောင်းအပိုအလျှံတွေ လှောင့်ပစ်နေတဲ့ သားသမီးထွန်းကားရေး ဆေးခန်းများ၊ သန္ဓေသားပင်မကလပ်စည်း အသုံးချကုသနည်းသစ်များ စသည်တို့ဖြစ်ပါတယ်။

စတန်းဖို့တက္ကသိုလ်က ဝီလျမ်ဟားလ်ဘတ်က "ဒီကနေ့ ဆေးပညာဟာ မူလအခြေခံ ကုသရေးထုံးတမ်းစဉ်လာတွေနဲ့ ပဋိပက္ခဖြစ်တဲ့ ကိစ္စမျိုးစုံကို လုပ်နေရတယ်ခင်ဗျ" လို့ပြောပါတယ်။

အခုအငြင်းပွားမှုဟာ လူ့အဖွဲ့အစည်းအတွင်း နိုင်ငံတော်စည်းမျဉ်းစည်းကမ်းစောင့်ထိန်းမှုနဲ့ ဘာသာရေးအခန်းကဏ္ဍတို့ အကြား တိုက်ပွဲကို ထင်ဟပ်နေပါတယ်။ စာသင်ကျောင်းတွေမှာ ဒါဝင်သဘောတရားသင်ရေး မသင်ရေးဟာလည်း ဒါနဲ့ ဆက်စပ်နေပါတယ်။

ပြဿနာအတော်များများကတော့ တိုးတိုးတိတ်တိတ် ပြေလည်သွားပါတယ်။ တချို့ကျန်းမာရေးလုပ်သားတွေက ယုံကြည်မှုပိုင်း အခက်အခဲတွေ့တဲ့ အလုပ်ကနေ ထွက်သွား ပြောင်းသွားကြတယ်။ တချို့နေရာတွေမှာတော့ ယုံကြည်မှု ပြဿနာမရှိတဲ့ လုပ်ဖော်ကိုင်ဖက်က ဝင်ဆောင်ရွက်ပေးလိုက်တာရှိတယ်။ အများအားဖြင့် လူနာတွေက ဘာမှတောင် မသိလိုက်ပါဘူး။

ပြဿနာပေါ်တာကတော့ ဆေးရုံ သို့မဟုတ် ဆေးခန်းက မိမိရဲ့ကျန်းမာရေးလုပ်သား ကန့်ကွက်ချက်တွေကို မလိုက်လျောနိုင်တဲ့အခါမျိုး၊ ကျန်းမာရေးလုပ်သားက လူနာကို လိုအပ်တဲ့နေရာပို့ပေးဖို့ ငြင်းဆန်တဲ့အခါမျိုး၊ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းမရှိဘဲ တကိုယ်တော်ကြိတ်နေရချိန်မျိုး၊ ဒါမှမဟုတ် တခြားဝန်ထမ်းအတွက် အစားထိုးလုပ်ပေးနေရတဲ့ အခါမျိုးတွေမှာ ပေါ်တတ်ပါတယ်။

ကျန်းမာရေးလုပ်သားတွေဟာ ကိုယ့်ယုံကြည်မှုနဲ့ ဆန့်ကျင်တဲ့ကိစ္စ လုပ်နိုင်ဖို့ လူနာတွေကို အခြားဆရာဝန်တယောက် သို့မဟုတ် အခြားတနေရာကို ညွှန်ပေးတာလည်း မလုပ်စေသင့်ဘူးလို့ ကန့်ကွက်တာရှိနေတယ်။ အိုရီဂွန်တက္ကသိုလ်ကဆရာဝန် ဝီလျမ်တော်ဖလာက "ကျနော်သာ ပန်းပဲဆရာဖြစ်ပြီး ကျွန်ပိုင်ရှင်တယောက်က သူ့ကျွန် တယောက်အတွက် သံခြေကျင်းတွေ လာပြင်ခိုင်းရင် 'ကျုပ်ကတော့ ကျွန်တွေကိုနှိပ်စက်တဲ့အလုပ်မလုပ်ဘူး၊ ဒါပေမဲ့ ဟိုဘက်လမ်းထိပ်က ပန်းပဲဆရာဆီသွားလုပ်ရင်ရတယ်' လို့ ညွှန်ပေးရမှာလား" လို့မေးခွန်းထုတ်တယ်။

ဗာဂျီးနီးယားတက္ကသိုလ် ဒဿနပါမောက္ခ လော်ရင်လိုမာ့စကီးက "အမေရိကန်ပြည်ထောင်စု စတည်ရှိခဲ့ကတည်းက လွတ်လပ်စွာယုံကြည်ခွင့်ဟာ ကျနော်တို့နိုင်ငံရေးခံယူချက်မှာ အဓိကကျခဲ့တယ်။ ပြည်သူတွေဟာ စာရိတ္တခံယူချက်အရ လက်မခံနိုင်တာကို အဓမ္မလုပ်ခိုင်းခံရတာ မဖြစ်သင့်ဘူး" လို့ဆိုတယ်။ လိုမာစကီးက ကိုယ်ဝန်ဖျက်ချမှုဆန့်ကျင်ရေး၊ သားကြောဖြတ်မှုဆန့်ကျင်ရေး၊ ကရုဏာဖြင့် အသက်ပြတ်စေမှု (Euthanasia) ဆန့်ကျင်ရေးတွေဟာ ဟိုတုံးက ဗီယက်နမ်စစ်ဆန့်ကျင်ရေးအသိစိတ်နဲ့ တူတယ်လို့ ယူဆတယ်။ ကာလီဖိုးနီးယားပြည်နယ်က မေ့ဆေးဆရာဝန်တွေ ပြည်နယ်တရားရေးဌာနရဲ့ မေ့ဆေးနဲ့ သေဒဏ်ပေးကွပ်မျက်မှုမှာ မပါဝင်ဖို့ ငြင်းဆန်တာလည်း ဒီသဘောပဲလို့ သူကယူဆပါတယ်။

တချို့ကတော့ ပုဂ္ဂလိက ယုံကြည်မှုထက် ပညာသည်တာဝန်ရှိမှုကို ဦးစားပေးရမယ်လို့ ခံယူကြတယ်။ ကိုယ့်မှာ ဆေးကုခွင့်လိုင်စင်ရှိသွားပြီဆိုရင် ပညာသည်တယောက်လိုပဲ တာဝန်ဝတ္တရားတွေရှိသွားပြီ။ ဆိုလိုတာက လူနာဟာ အဓိကဖြစ်သွားပြီလို့ဆိုပါတယ်။ ကိုယ်ရထားတဲ့ ပညာသည်အနေအထားဟာ ယဉ်ကျေးမှုလေ့ထုံးစံအရ အသာစီးယူစရာ အဆောင်အယောင် မဖြစ်သင့်ဘူးလို့ ဆိုကြတယ်။ အရေးပေါ်အခြေအနေတွေမှာ ဒါမှမဟုတ်လည်း တခြားရွေးချယ်စရာနည်းပါးတဲ့ ကျေးလက်ဒေသတွေ၊ ဆင်းရဲသားရပ်ကွက်တွေမှာဆိုရင် ဘာသာရေးအရ ကန့်ကွက်မှု ငြင်းဆန်မှုတွေဟာ အသက်အန္တရာယ်တောင် ဖြစ်စေနိုင်ပါတယ်။ ကိုယ့်ဆေးပညာပိုင်းတာဝန်ကို ပြည့်ပြည့်ဝဝ မထမ်းဆောင်နိုင်တဲ့ ဆရာဝန်တွေ၊ သူနာပြုတွေနဲ့ တခြားကျန်းမာရေးလုပ်သားတွေဟာ ဒီ့ပြင်အသက်မွေးဝမ်းကျောင်းအလုပ် ပြောင်းလုပ်သင့်တယ်လို့ ဆိုတဲ့သူလည်းရှိပါတယ်။

တက္ကဆက် ဥပဒေကျောင်းက ဂျွန်ရောဘတ်ဆန်ကတော့ "ဒါဟာ အင်မတန့်ကို ဦးနှောက်စားတဲ့ပြဿနာပါ။ ဒီအရှုပ်အထွေးထဲက ထွက်ပေါက် ရှင်းရှင်းလင်းလင်းကို မရှိသေးပါဘူး" လို့ ကောက်ချက်ချထားပါတယ်။

ဆရာဝန်လက်မှတ်မပါဘဲ ကြိုက်တဲ့ဆေးဝယ်နိုင်၊ လိုင်စင်မရှိဘဲ ကြိုက်သလိုဆေးကုနိုင်တဲ့ မြန်မာပြည်မှာတော့ အဲဒီပြဿနာတွေ မဖြစ်ဘဲ ဒေါ်အောင်ဆန်းစုကြည် နိမိတ်ဖတ်တဲ့ အလုံးစုံပျက်သုဉ်းမှုဆီကိုသာ ဦးတည်နေပါတယ်။ ■ Washington Post, 16.7.06

ဂါမဏိ

ဆပ်ပြခင်စေချင် ထောင်ဆရာဝန်

မေအိခင်(လယ်ဝေး)

ကျမကြားဖူးတဲ့ စကားတခု ရှိတယ်။ ဆရာဝန်ဆိုတဲ့ ကျန်းမာရေးလုပ်သား ပညာရှင်ကြီးတွေဟာ လူနာတဦးနဲ့ပတ်သက်လာရင် ရန်သူမိတ်ဆွေမခွဲခြားဘဲ စေတနာထား ကုသရတယ်လို့ပါ။ အဲဒီစကားနဲ့ ထပ်တူမကျနိုင်တာ ရှိကောင်းရှိမယ်ပေါ့လေ။ ဒါပေမယ့် မိမိရဲ့ပညာရပ်ကိုရော လူတယောက်ရဲ့အသက်ကိုရော မထောက်ထား မညှာတာတဲ့ ဆရာဝန်မျိုးတွေ မြန်မာနိုင်ငံရဲ့ အကျဉ်းထောင်တွေထဲမှာ တော်တော်များများရှိနေတာဟာ ကျမတို့မြန်မာနိုင်ငံအတွက် ရင်နာစရာကောင်းလှပါတယ်။

အဲဒီအဖြစ်တွေကို ထောင်ထဲမှာပဲ ကျဆုံးသွားကြတဲ့ မသေသင့်ဘဲ သေကျန်ရစ်ကြတဲ့ ရဲဘော်တွေက ဘဝနဲ့ အသက်နဲ့ ရင်းပြီး အသိပေးမီခဲ့လို့ ကျမကံကောင်းထောက်မစွာ ထောင်ထဲကနေ အသက်နဲ့တကွ ပြန်လာခဲ့ရပါတယ်။ ကျမဟာ အင်မတန်ကျန်းမာတဲ့ မိန်းကလေးပါ။ ကျန်းမာလွန်းလို့ မိဘတွေ အဘွားတွေကို ဆိုးချင်နွဲ့ချင်လို့ တခါတရံများ ငါအပြင်းဖျားရင် သိပ်ကောင်းမှာပဲလို့တောင် ငယ်စဉ်က ဆန္ဒရှိခဲ့ဖူးသူပါ။ ဘဝတခုရဲ့အလှည့်အပြောင်း၊ ကျမတို့တိုင်းပြည်အတွက် အချိန်ကျပြီဆိုတဲ့ ကာလတခုမှာ ရှစ်ဆယ့်ရှစ်အရေးတော်ပုံကြီးနဲ့ အတူတကွ ကျမလည်း ထောင်ကျဘဝကို ရောက်ခဲ့ရတယ်ပေါ့။

လပေါင်းများစွာ အချုပ်တကြိမ်နဲ့ နှစ်ပေါင်းများစွာ ထောင်ကျတကြိမ်မှာ ငယ်စဉ်က ကျမဖျားချင်ခဲ့တဲ့ အဖျားကို မုန်းရလောက်အောင် ကျမအကြိမ်ကြိမ် ခံစားရပါတော့တယ်။ အထီးကျန်နေတဲ့အချိန် နွေးထွေးမှုမဲ့နေတဲ့ နေရာမျိုးမှာ မကျန်းမာတာဟာ ငရဲပမာပါပဲ။ အဲဒီအကြောင်းကြောင့်နဲ့ ဆရာဝန်တဦးရဲ့ ဆေးပညာအပေါ် သစ္စာမစောင့်စည်းမှု၊ ရောဂါကိုစနစ်တကျ စစ်ဆေးခြင်းမပြုဘဲ သောက်ဆေးတွေ အမျိုးမျိုးပေး၊ ထိုးဆေးတွေ၊ အကြောဆေးတွေ အမျိုးမျိုးသွင်းနဲ့ သာယာဝတီအကျဉ်းစခန်းက ကျမအပါအဝင် ရဲဘော်အများစုဟာ အစမ်းသပ်ခံဘဝနဲ့ လူးလိမ့်ရင်း သေသူသေ၊ မသေဘဲ ပြန်လွတ်လာသူတွေလည်း ရောဂါအမျိုးမျိုးစွဲပြီး အသက်ရှည်ရှည် လူ့လောကမှာမနေရဘဲ ဆေးတွေရဲ့ ဘေးထွက်ဆိုးကျိုးတွေကို ခံခဲ့ကြရပါတယ်။

၁၉၉၉ ဇွန်လရဲ့ ရက်တရက်မှာ 'ထောင်ဆရာဝန် ဆေးခန်းမှာရောက်နေတယ်၊ ဘယ်သူဆေးခန်းလိုက်မလဲ'လို့ ဝါဒါက လာမေးတော့ လွန်ခဲ့တဲ့သုံးရက်လောက်ထဲက ငွေ့ငွေ့ဖျားနေခဲ့တဲ့ ကျမဟာ 'ကျမ ဆေးခန်းလိုက်မယ်'ဆိုပြီးလိုက်သွားခဲ့ပါတယ်။ ဆရာဝန်က ဖျားတာဘယ်တုန်းကလဲဆိုတော့ ၃ရက်ရှိပြီလို့ ပြောလိုက်တယ်။ ဆရာဝန်က နင်တို့မသေနိုင်ပါဘူးဟာ။ ဘာညာနဲ့ သူ့အမူအကျင့်အတိုင်း ပေါက်ပေါက်ဝဝစကားတွေပြောပြီး ပါရာစီတမော(၁)လုံးနဲ့ အောက်စီတက်ထရာ(၁)လုံး ပေးလိုက်တယ်။ သူပေးတဲ့ဆေးကို ညနေထမင်းစားပြီးတာနဲ့ ကျမသောက်ပါတယ်။ ဒါပေမဲ့ အဖျားက မကျဘူး။ နောက်နေ့ကျတော့ ဆရာဝန်လာရက်မဟုတ်လို့ မပြရဘူးပေါ့။ ထောင်ဆေးမှူးခေါ်တဲ့ ဝါဒါလေး(၂)ယောက်ကလည်း ကျန်းမာရေးကိစ္စမှန်သမျှ ထောင်ကျဆေးမှူးအကူ အမျိုးသမီးလေးတွေနဲ့လွှဲထားလေတော့ crimmnal (ရာဇဝတ်သား)တွေကို ပေးတဲ့ဆေးပဲရတာပေါ့။

ဒီလိုနဲ့ နောက်(၃)ရက်အကြာ ဆရာဝန်လာတဲ့အခါ ကျမအဖျားမကျဘူးဆိုတော့ ဆေးတွေတထုပ်ကြီး ပေးလိုက်ပြန်ပါတယ်။ ဆရာဝန်ကွယ်ရာမှာ နားလည်တဲ့သူကို မေးကြည့်တဲ့အခါ အဲဒါ တီဘီဆေးတွေတဲ့။ နင့်ကို TB suspect (တီဘီ သံသယ)ဖြစ်လို့ အွန်ပေးတာ ဖြစ်မယ်တဲ့။ ဘုရားဘုရား။ ကျမ ဘုရားတမိပါတယ်။ တခါဘူးမှ ချောင်းမဆိုးဖူး ချွဲမထွက်ဖူးတဲ့ ကျမ။ ရင်ကျပ်ဖို့ဝေးပါ။ အအေးမိတယ်၊ နှာစေးတယ် ဆိုတာတောင် ဖြစ်ခဲတဲ့ ကျမပါ။ မေမေဖေဖေ အဖိုးအဖွားမှာလည်း တီဘီဆိုတာ မကြားဖူးခဲ့ဘူး။ ကျမဟာ အဘယ်အတွက်ကြောင့် TB suspect ဖြစ်ရပါသလဲလို့ တွေးပြီး မျက်ရည်တွေဝဲလာပါတယ်။ ငယ်ငယ်က ကြားဖူးတဲ့ တီဘီရောဂါဟာ အမေအဖေမိသားစုနဲ့တောင် အတူ မအိပ်ရ၊ ထမင်းတပန်းကန်မစား ရတဲ့ဘဝဆိုပြီး ကျမကြောက်လိုက်တာ။ ဒါပေမဲ့ ကျမ ၈၉ ခုနှစ်မှာ ပထမအကြိမ် အချုပ်ကျစဉ်က မမနွယ်လို့ခေါ်တဲ့ တက္ကသိုလ် ကျောင်းသူမခင်နှင်းနွယ်က ထောင်ထဲမှာ ကျမတို့ မသိသမျှတွေကို အမြဲတမ်း နွေးနွေးထွေးထွေး ပညာပေးတဲ့ အခါမှာ ညီမလေးတို့ရေ ... ထောင်ထဲမှာဆေးထိုးတိုင်း၊ တိုက်တိုင်း လက်ခံမသောက်နဲ့နော်။ ဒင်းတို့က ညဏ်များတယ်။ ဒင်းတို့လက်နဲ့မသတ်ဘဲ သေနိုင်တဲ့နည်းတွေ အများကြီးနဲ့ အမတို့ညီမတို့ကို သတ်ပစ်နိုင်တယ်ဆိုတဲ့စကား ပြန်ကြားပြီး ငါဘာ တီဘီမှ မဖြစ်နိုင်ဘူး။ ဒီဆေးတွေ ငါမသောက်ဘူး။ အဲဒီဆရာဝန်ကိုလည်း ဆက်မပြတော့ဘူးဆိုပြီး အွန်တဲ့ တီဘီဆေးတပတ်စာကို လုံးဝမသောက်တော့ပါဘူး။

ဒါပေမယ့် ကျမကံဆိုးတာလား။ ကံကောင်းတာလားတော့ မသိပါဘူး။ ငါးရက်မြောက်မှာ ကျမရဲ့အဖျားဟာ ၁၀၅ကျော်ပြီး ၁၀၆နီးပါးဖြစ်လို့ သတိရတချက် မရတချက်နဲ့ ကျမအချမ်းကြီးလို့။ အခန်းဖော်ကငိုပြီး စောင်အထပ်ထပ်နဲ့ တက်ဖိပေးရှာတယ်။ ကျမသတိရရင် တရားမှတ်လိုက် တရားလွတ်ပြီး ညည်းတွားလိုက်နဲ့ အခန်းဖော်ကမနေသာဘဲ ညကြီးမင်းကြီး ဆေးမှူးလာပါဗျို့လို့ အော်ခေါ်တော့တာပါပဲ။ အဲဒီအခါမှာ ထောင်မှူးတာဝန်ကျက ၅ည အကျဉ်းသူ အဖျား၁၀၆လည်းဆိုရော လွန်ခဲ့တဲ့ငါးရက်က တီဘီဆေးပေးခဲ့တဲ့ဒေါက်တာ ကြွလာတော့တာပါပဲ။ ဒီတခါတော့ အရင်လိုမစမ်းသပ်ဘဲ ဆေးပေးတာ မလုပ်တော့ဘူး၊ သွေးပေါင်တွေချိန်၊ မျက်လုံးတွေဖြဲကြည့်နဲ့ သူပြောသွားတဲ့ အဖြေက ငှက်ဖျား၊ ရှိုးမငှက်တဲ့လေ။ ချက်ချင်းပဲ ငှက်ဖျားဆေးတိုက်သွားပြီး ဆေးတလုံးထိုးသွားတာ ည(၂)နာရီလောက်မှာ ကျမအဖျား ၁၀၁ လောက်ပဲရှိတော့တယ်။ နံနက်မိုးသောက်တော့ ကျမကို ဆရာဝန်ခေါ်တယ်ဆိုလို့ အခန်းဖော်ကတွဲပြီး ဆေးခန်းသွားတော့ သွေးဖောက်စစ်တယ်။ အဖြေတော့ မသိရသေးဘူးပေါ့။ အဲဒီနောက်ပိုင်း ငှက်ဖျားဆေးသောက်ပြီး အဖျားရှိန် လျော့လျော့သွားတာ ထပ်မဖျားတော့ပါဘူး။ ဒါပေမယ့် စောစောက ပေးခဲ့တဲ့ တီဘီဆေးတွေဟာ....။

ဆရာဝန်က မေးဖို့ မေ့ပဲမေ့သွားတာလား၊ မေ့ထားပစ်လိုက်တာလားတော့မသိပါ။ ကျမလည်း ငှက်ဖျားဆေးနဲ့နေကောင်းသွားပြီပေါ့။ ဒါပေမဲ့ ကျမနည်းတူ အဖျားအမျိုးမျိုးကို ခံစားပြီး ရင်ဆိုင်ခဲ့ရတဲ့ ရဲဘော်တယောက်ရှိတယ်။ သူကတော့ သူ့ကျောတွေ အောင့်အောင့်နေတယ်ဆိုပြီး အဲဒီဆရာဝန်ညွှန်ခဲ့တဲ့ တီဘီဆေးကို အတော်ကြာသောက်လိုက်တယ်။ သေချာတာကတော့ တီဘီဆေးသောက်တာ ဖလမပြည့်ခဲ့ပါဘူး။ နောက်ဆုံး သူ့အသဲထဲမှာ ငှက်ဖျားပိုးဝင်ပါတယ်ဆိုပြီး ငှက်ဖျားဆေးတိုက်တာနဲ့ သူလည်း ကျန်းမာရေးချွတ်ခြုံကျသွားတာကို ကျမမြင်ခဲ့ရပါတယ်။

ဒါတင်ပဲလားဆိုတော့ မကသေးပါဘူး။ မကြာခဏဆိုသလို ကျမဟာ မူးမူးတတ်တယ်။ ခမ္မတာလည်း မမှန်သလို သိပ်ကိုက်တယ်။ မူးတယ်လို့ပြောတဲ့အခါ သွေးပေါင်ချိန်ကြည့်ရင် အမြဲ ကျမသွေးက ၈၀၊၆၀၊၇၅၊၅၅ ဖြစ်နေတတ်တယ်။ အဲဒီအခါ ကျမကို ပုလင်းကြီးလို့ခေါ်တဲ့ ဘားပလက်နဲ့ ဂလူးကို့စ်အရည် သွင်းပေးတော့တာပဲ။တကတည်း သူတို့သွေးပေါင်ချိန်တဲ့ ကတ်ကြီးက မိနစ်ပိုင်းမှာ ၂ခါချိန်၂မျိုး၊ ၃ခါချိန် ၃မျိုးဖြစ်နေတယ်။ စက်ကြီးက စုတ်နေပြီ။ ကျမအိမ်ကို ဝယ်လှူခိုင်းမယ်ဆိုပြီး အိမ်ကထောင်ဝင်စာအလာ လှူဖို့ပြောတော့ အိမ်ကလှူပါတယ်။ ဒါပေမယ့် သူတို့က လက်မခံဘူးတဲ့။ လက်မခံဘူးဆိုပြီး အသစ်လည်း မဝယ်ဘူး။ ဒီတော့ သွေးပေါင်ချိန်တဲ့ ကတ်ကြီးကို မယုံကြည်တာရယ်၊ ကျမမူးတိုင်း သွေးပေါင်ကျတယ်ဆိုပြီး တခါတရံဆို တရက်နှစ်ရက်ပဲခြားတယ်။ အကြောဆေးပိုက်ပုလင်းကြီးတွေနဲ့ လာချိတ်တော့တာပဲ။ အကြောဆေးက သွင်းတိုင်းမကောင်းဘူးဆိုတဲ့ စကား ကျမကြားဖူးတဲ့အခါ ကြောက်လာပြီး နောက်တခါမူးတော့ အကြောဆေး လာချိတ်တာကို ကျမငြင်းပါတော့တယ်။ ဒီမှာ ဆရာဝန်ဒေါသဖြစ်ပြီး ကျမဘာဖြစ်ဖြစ် ကျမရဲ့ကျန်းမာရေးတင်ပြမှုမှန်သမျှကို ဗလွတ်ရွတ်တထိကပါးရိကပါး ယုတ်ညံ့တဲ့ စကားတွေနဲ့ ပြောတော့တာပါပဲ။ ခက်တာက ကျမတို့မှာလည်း ထောင်တွင်းနေတာ ၅နှစ်၆နှစ်နီးပါးဆိုတော့ ကျန်းမာရေးက တမျိုးမဟုတ်တမျိုး ပြဿနာရှိလာတာပေါ့။

တနေ့မှာ အမျိုးသမီး ခမ္မတာကိစ္စ ကိုက်ခဲတဲ့ကိစ္စဖြစ်လာတော့ သည်းခံနိုင်သလောက် သည်းခံပေမဲ့ စိတ်ထဲမှာ သားအိမ်ကင်ဆာများဖြစ်ရင်ဆိုတဲ့ စိုးရိမ်ကြီးသွားပြီး 'အင်းလေ သူကဆရာဝန်၊ ကိုယ်ကလူနာပဲ။ သွား ပြောရတာပေါ့' ဆိုပြီး ဆရာဝန်ဆီသွားတယ်။ ဒါပေမဲ့ ကျမက အမျိုးသမီးနာ့စ်နဲ့ ဆွေးနွေးတင်ပြချင်တယ်ဆိုတဲ့အခါ ဒီဆရာဝန်နဲ့ ကျမပြဿနာကြီးလာရပါလေရော။ စကားလုံးရင့်ရင့်တွေ ယုတ်ရမ်းကြမ်းတမ်းစွာသုံးပြီး ကျမရောဂါကို ရာဇဝတ်ထောင်ကျ အမျိုးသမီးဆေးမှူးနဲ့သာ လွှဲထားပါတော့တယ်။ ဒီလိုနဲ့ ဆေးဝါးကို စမ်းသပ်ခြင်းမပြုဘဲ အပြင်းစားဆေးဝါးတွေ လွဲမှားစွာညွှန်မှု၊ လက်လွတ်စပယ် ဝါဒါဆေးမှူးတွေနဲ့လွှဲပြီး ရက်ရက်စက်စက် ပစ်ထားမှုတွေကြောင့် အဲဒီသာယာဝတီထောင်ကြီးထဲမှာ ကျမအကျဉ်းကျနေစဉ်ကာလအတွင်း ဦးအောင်မေသု၊ ကိုညွှန့်ရွှေ၊ ကိုစည်သူဆိုတဲ့ သူရဲကောင်းတွေ ကျဆုံးခဲ့ရပါတယ်။ ကျမသာ ကံကောင်းထောက်မလို့ အရှင်ထွက် ထွက်ခဲ့ရတာပါ။ အရှင်ထွက် ထွက်ခဲ့ရပေမဲ့ ရဲဘော်တော်တော်များများဟာ အပြင်ရောက်တာနဲ့ အနည်းဆုံး ရောဂါ ၂မျိုးစီလောက် ကိုယ်စီကိုယ်ငှ ခံစားကြရပြီး ဆရာဝန်ဂုဏ်အင်မပြည့်ဝတဲ့ နအဖလက်ကိုင်တုတ် ပညာရှင်တွေကြောင့် ကျမတို့တော်လှန်ရေးအတွက် များစွာသော ဆုံးရှုံးမှုတွေကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ဆေးပညာရပ်ကို ပင်ပန်းကြီးစွာ ခက်ခက်ခဲခဲ သင်ယူခဲ့ရတဲ့ ဆရာဝန်တွေအများစုရဲ့ နှလုံးသားဟာ လူသားတွေကို ကယ်တင်ဖို့ဆိုတာ ကျမခြွင်းချက်မရှိ ယုံကြည်တယ်။ ဒါကြောင့်လည်း အကျဉ်းထောင်မှာတာဝန်ကျတဲ့ ဆရာဝန်တွေဟာ ရာဇဝတ်သားတွေပဲဖြစ်ဖြစ် နိုင်ငံရေးအကျဉ်းသားပဲဖြစ်ဖြစ် အကျဉ်းကျနေတဲ့ ဒုက္ခသည်လူနာတွေအပေါ် ပိုပြီးတော့ ကြင်နာစွာ ကုသပေးကြမယ်ဆိုရင် အဲဒီဆရာဝန်တွေဟာ တော်လှန်ရေးအတွက် ကြီးမားတဲ့ အင်အားတရပ်ပါ။ ခုတော့ ဆရာဝန်သတ်လို့ သေရတဲ့ နိုင်ငံရေးအကျဉ်းသားတချို့ရဲ့ ဘဝအတွက် ကျမယူကြုံးမရဖြစ်ခဲ့ရပါတယ်။ ထိုနည်းတူ လက်ရှိ အကျဉ်းထောင်ထဲမှာ ရောဂါကြီးမားစွာ ခံစားနေကြရတဲ့ ကျမတို့ ရဲဘော်တွေအတွက် ဆုတောင်းလိုက်ပါတယ်။ 'ဆရာဝန်သတ်လို့ သေရတဲ့ ရဲဘော်တွေ နောက်ထပ် မရှိပါစေနဲ့တော့လို့ ....'။ ■

ဒီလိုနဲ့ ဆေးဝါးကို စမ်းသပ်ခြင်းမပြုဘဲ အပြင်းစားဆေးဝါးတွေ လွဲမှားစွာညွှန်မှု၊ လက်လွတ်စပယ် ဝါဒါဆေးမှူးတွေနဲ့လွှဲပြီး ရက်ရက်စက်စက် ပစ်ထားမှုတွေကြောင့်အဲဒီသာယာဝတီထောင်ကြီးထဲမှာ ကျမအကျဉ်းကျနေစဉ်ကာလအတွင်း ဦးအောင်မေသု၊ ကိုညွှန့်ရွှေ၊ ကိုစည်သူဆိုတဲ့ သူရဲကောင်းတွေ ကျဆုံးခဲ့ရပါတယ်။

မေအိခင်(လယ်ဝေး)

မှတ်ချက် ။ ။ သာယာဝတီ အကျဉ်းထောင်ထဲတွင် ကျဆုံးသွားခဲ့ရသော (ဆရာဝန်သတ်၍ သေခဲ့ရသော)ရဲဘော်ကိုစည်သူ၊ ရဲဘော်ဦးအောင်မေသုတို့နှင့် အတူတကွရှိခဲ့သော ရဲဘော် ယဉ်ထွေး (BPPU)၏ ပြောပြချက်နှင့် မိမိ၏ကိုယ်တွေ့ဖြစ်စဉ်ကို ရေးဖွဲ့ပါသည်။



အားသစ်တဖန်မွေးဖွားခြင်း

နေခြည်နု(PEDU)

မစဲတမ်းရွာတတ်တဲ့မိုးတွေကလည်း ဒီတညတော့ မရွာဘဲ စဲလို့ ...။ လဆန်းရက်မို့ အဆောင်ရဲ့ပြတင်းက ဖြာကျလာတဲ့ လရဲ့အလင်းရောင်ဟာ အခန်းတွင်းမှာ မီးမဖွင့်ဘဲ လင်းထိန်နေပြီး အပြင်ဘက်မှာလည်း ခပ်လှမ်းလှမ်းအထိ သဲသဲကွဲကွဲမြင်ရလောက်အောင် လင်းနေတယ်။ ညသန်းခေါင်ယံအချိန်မို့ သစ်ရွက်လှုပ်ခတ်သံနဲ့ တချက်တချက် ပိုးကောင်တွေအော်မြည်သံကလွဲလို့ ဒီတညတော့ အလွန်တိတ်ဆိတ်လွန်းနေခဲ့တယ်။ အိပ်ပျော်အောင်မျက်လုံးနှစ်ဘက်ကို အတင်းမှိတ်အိပ်ပေမယ့် အိပ်လို့မရအောင် အတိတ်ဆိုးတွေက ခြောက်လှန့်နေတယ်။ မေ့ပျောက်ဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပေမယ့် တိတ်ဆိတ်တဲ့ဒီလိုညမျိုးတွေနဲ့ဆုံတိုင်း ဒဏ်ရာဟောင်းတွေဟာ တဖန်ပြန်ပြီး နိုးထလာခဲ့တယ်။

ဆေးခန်းဝန်ထမ်းတချို့တွေက တတိယနိုင်ငံကိုသွားဖို့ ဒုက္ခသည်စခန်းထဲ ဝင်ရောက်သွားပြီးချိန်နဲ့ ဆေးခန်းလုံခြုံရေးအတွက် ညနက်နက်တွေမှာ အပြင်မထွက်ဖို့ ဆေးခန်းမိသားစုအားလုံးကို မေတ္တာရပ်ခံထားတဲ့အချိန်မို့ အခုလိုမျိုး သိပ်ပြီးတိတ်ဆိတ်နေခဲ့တာဖြစ်မယ်။ အရင်တုန်းကဆို ဆေးခန်းဝန်ထမ်းတွေ၊ လူနာတွေ လူနာစောင့်တွေရော ည(၁၀)နာရီ (၁၁)နာရီလောက်ဆို တီဗွီဇာတ်လမ်း ကြည့်ကောင်းတုန်းအချိန်ပေါ့။ အခုတော့ အလှည့်ကျဂျူတီပြောင်းတဲ့ဆရာ/ ဆရာမတွေနဲ့ အပေါ့အလေးသွားတဲ့သူတွေကလွဲလို့ အပြင်မှာ လူခြေတိတ်နေခဲ့တယ်။ ဒီလို တိတ်ဆိတ်တဲ့အချိန်မျိုးနဲ့ ဆုံလိုက်တိုင်း ကျမရင်ထဲမှာ တစုံတယောက်ကို လွမ်းသလိုလို၊ ဆွေးမြေ့မှုတခုခုကို ခံစားရသလိုလိုနဲ့ အိပ်ရာပေါ်မှာလှဲအိပ်ရင်း အလွန်ဝမ်းနည်းလာပြီး တိတ်တဆိတ်မျက်ရည်ကျခဲ့တယ်။ အပူအပင်မရှိဘဲ နှစ်ခြိုက်စွာအိပ်ပျော်နေတဲ့ ဘေးနားက အဖော်တွေမသိအောင်ပေါ့။ ကျမလည်း သူတို့လို နှစ်နှစ်ခြိုက်ခြိုက် အိပ်ချင်လိုက်တာ။

ဒါပေမယ့် ကျမရဲ့ အတိတ်က အဖြစ်အပျက်တခုကို ပြန်ပြန်ပြီး သတိရနေလို့ အိပ်ရေးပျက်ခဲ့တဲ့ ညတွေလည်းမနည်းတော့ဘူး။ သတိရတဲ့အကြောင်းက လွန်ခဲ့တဲ့တပတ်က သင်ယူခဲ့ရတဲ့ ဆယ်ကျော်သက် မျိုးပွားမှု ဆိုင်ရာ ကျန်းမာရေးသင်တန်းကနေ ရလာတဲ့ အသိပညာတခုနဲ့ တိုက်ဆိုင်နေလို့ပါပဲ။ အဲဒီသင်တန်းကို စတက်ကတည်းက သင်ခဲ့တဲ့ သင်ခန်းစာတွေဟာ ကျမအတွက် ရှက်စရာတခုလို ဖြစ်နေခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ သင်တဲ့ သင်ခန်းစာတွေက လိင်နဲ့ ပတ်သက်တာတွေ များတယ်ဆို တော့ ငယ်ရွယ်နုနယ်သေးတဲ့ဆယ်ကျော်သက်အရွယ်မို့ လိင်နဲ့ ပတ်သက်တာတွေဆိုရင် ကျမနားထဲမှာ အတော့်ကို ရှက်စရာ ဖြစ် နေခဲ့တယ်။ သင်တန်းပထမရက် သင်ခန်းစာအလယ်လောက်မှာပဲ ဒီလိုမျိုး သင်ခန်းစာတွေဟာ ဆယ်ကျော်သက်တွေအနေနဲ့ သိသင့်သိထိုက်ပြီး ရှက်စရာမဟုတ်မှန်း ကျမ သိနားလည်လာခဲ့တယ်။

ဒီလိုမျိုး သင်ခန်းစာတွေ၊ အသိပညာဗဟုသုတတွေ မသိခဲ့လို့၊ မရှိခဲ့လို့ ကျမတို့လို ဆယ်ကျော်သက်တွေ စောစောစီးစီး အသက်အန္တရာယ်တွေနဲ့ ရင်ဆိုင်ခဲ့ရတယ်ဆိုတာ သဘောပေါက်လာတယ်။ သင်တန်းမှာ သင်ခဲ့ရတာက ကျန်းမာအောင် ဘယ်လိုနေရမယ်ဆိုတဲ့ အကြောင်းတွေ၊ အမျိုးသမီးတွေမှာဆိုရင် ရာသီလာခြင်း၊ သားဥကြွေခြင်း၊ သန္ဓေအောင်ခြင်းတွေ၊ ကိုယ်ဝန်ပျက်ကျခြင်းတွေ ပြီးတော့ မိသားစုစီမံကိန်းတွေရယ်၊ မျိုးဆက်ပွားကျန်းမာရေး အခွင့်အရေးတွေ၊ လိင်မှတဆင့် ကူးစက်တတ်တဲ့ ရောဂါအကြောင်းတွေနဲ့ ကြိုတင်ကာကွယ်နည်း အကြောင်းတွေလည်း ပါတယ်။ ရာသီလာခြင်းအကြောင်းကို သင်နေရင်းမှာပဲ ကျမရဲ့အချစ်ဆုံးသူငယ်ချင်းတယောက် ရာသီလာနေတုန်း ရေချိုးရင်း ခေါင်းလျှော်မိရာကနေ နောက်ဆက်တွဲပြဿနာတွေကြောင့် ဆုံးသွားခဲ့ရတယ်။ အရင်က ရာသီလာစဉ်ခေါင်းလျှော်လို့ ဘာမှမဖြစ်ခဲ့ပေမယ့် အခုတော့ သူ့မှာ ရောဂါအခံတခုခုရှိလို့လားမသိ ရာသီလာစဉ်ခေါင်းလျှော်ပြီး ဖျားနာရာကနေ ဆိုးဆိုးဝါးဝါးဖြစ်ပြီး ဆုံးသွားရတာပဲ။ အဲဒီလိုမျိုးအချိန်မှာ ကျမတို့ရွာမှာ ကျန်းမာရေး အကြောင်းနားလည်တဲ့ ကျန်းမာရေးလုပ်သားတွေ ရှိမယ်ဆိုရင် ဒီအဖြစ်ဆိုးတွေနဲ့ ကြုံရမှာ မဟုတ်ဘူး။ ကျမတို့ဒေသမှာ အခြားဆယ်ကျော်သက်အရွယ်တွေလည်း ကျန်းမာရေးချွတ်ယွင်းချက် တခုခုကြောင့် မသေသင့်ဘဲ သေဆုံးသွားရတာ အများကြီးပါပဲ။

ကျမတို့ရွာက အမျိုးသမီးတယောက် ကလေးမမွေးနိုင်လို့ မြို့ထဲက ဆေးရုံကိုအသွား လမ်းမှာပဲဆုံးသွားတယ်။ ရွာက လက်သည်တွေက ကလေးမွေးနိုင်အောင် ကြိုးစားပေမယ့် ကလေးကကြီးလို့ မမွေးနိုင်ဖြစ်နေတယ်။ နီးစပ်ရာမှာလည်း ဆေးရုံ၊ဆေးခန်းက မရှိတော့ ခြောက်မိုင်လောက်ဝေးတဲ့ မြို့ထဲကို သွားရတာပဲ။ လမ်းပန်းဆက်သွယ်ရေးကလည်း လှည်းပဲရှိတယ်လေ။ မြန်မြန်ရောက်နိုင်အောင် နွားတွေကို တဟုန်ထိုး မောင်းနှင်ပေမယ့် အမျိုးသမီးက သွေးသွန်ပြီး ဆုံးသွားရတာပဲ။ သားဦးဖြစ်ပေမယ့် ကလေးမမွေးနိုင်တဲ့အခါ နီးစပ်ရာမှာ ဆေးရုံ၊ ဆေးခန်းရှိမယ်ဆိုရင် ဒီအဖြစ်ဆိုးတွေနဲ့ ကြုံရမှာမဟုတ်ဘူး။

သင်တန်းမှာ ဆယ်ကျော်သက်အရွယ်ဟာ အသက်အန္တရာယ်တွေနဲ့ ဘယ်လိုနီးစပ်တယ်ဆိုတာကို ဆရာပြောပြသွားခဲ့တာတွေက ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ လူငယ်အားလုံးရဲ့ (၂၇)ရာခိုင်နှုန်းဟာ သွေးအားနည်းရောဂါ ခံစားနေရတယ်။ တကမ္ဘာလုံးမှာရှိတဲ့ ကိုယ်ဝန်ဆောင်အားလုံးရဲ့ (၁၀) ရာခိုင်နှုန်းဟာ အသက်(၁၅)နှစ်ကနေ (၁၉)နှစ်ကြား ဆယ်ကျော်သက်လူငယ်တွေဖြစ်တယ်။ ပြီးတော့ နှစ်စဉ်နှစ်တိုင်း ကိုယ်ဝန်ပျက်ကျနှုန်း (၄.၄)သန်းရှိတဲ့ အနက် (၁)သန်းဟာ ဆယ်ကျော်သက်လူငယ်တွေ တရားမဝင်ကိုယ်ဝန်ဖျက်ချမှုတွေဖြစ်တယ်။ အိပ်ချ်အိုင်ဗွီ ကူးစက်သူအားလုံးရဲ့ တဝက်လောက်မှာ အသက်(၂၅)နှစ်အောက် လူငယ်တွေဖြစ်ပြီး ကာလသားရောဂါ ကူးစက်တာကတော့ အားလုံးရဲ့ သုံးပုံတပုံဟာ ဆယ်ကျော်သက်လူငယ်တွေဖြစ်တယ်ဆိုတာ သိလာရတယ်။ ဒါတွေကို ပြန်သုံးသပ်မယ်ဆိုရင် ဆယ်ကျော်သက်အရွယ်တွေဟာ အန္တရာယ်တွေနဲ့ အင်မတန်မှ ကြုံတွေ့ရတတ်ပြီး အန္တရာယ်ဖြစ်မှုတွေ လျော့နည်းသွားအောင် ဆယ်ကျော်သက်လူငယ်တိုင်းကိုမကဘဲ သူတို့နဲ့ သက်ဆိုင်တဲ့ အုပ်ထိန်းသူတွေကိုပါ မျိုးဆက်ပွားကျန်းမာရေး ဗဟုသုတတွေ ဖြန့်ဝေပေးသင့်တယ်လို့ ကျမယုံကြည်ယူဆမိတယ်။

ကျမတို့ဒေသမှာဆိုရင် အရွယ်မရောက်ဘဲ ကိုယ်ဝန်ဆောင်ပြီး ကလေးမမွေးနိုင်လို့ ဆုံးသွားခဲ့တာတွေ၊ ကိုယ်ဝန်ပျက်ကျပြီး နောက်ဆက်တွဲ ပြဿနာတွေနဲ့ သေဆုံးရတာတွေ၊ မိသားစုစီမံကိန်းမရှိဘဲ ကလေးတွေတသီတတန်းကြီးနဲ့ ဆင်းရဲချို့တဲ့တဲ့ မိသားစုတွေလည်း အများကြီးပဲ။ ဒီလိုမျိုးပြဿနာတွေဟာ ဟိုးအရင်တုန်းကလည်းရှိခဲ့တယ်။ အခုလည်းရှိနေတုန်းပဲ။ ဒီဒေသမှာ ကျန်းမာရေးဝန်ထမ်းတွေ၊ ဆေးရုံဆေးခန်းတွေမရှိတော့ ဒီအဖြစ်ဆိုးတွေနဲ့ ရင်ဆိုင်လာရတာ နှစ်ပေါင်းလည်းမနည်းတော့ဘူး။

ဆေးရုံဆေးခန်းဆိုတာ ဟိုးမြို့ကြီးတွေမှာပဲ ရှိနေရမှာလား။ မြို့နဲ့ဝေးတဲ့ ကျမတို့တောရွာမှာရော ဆေးရုံဆေးခန်းရှိဖို့ မလိုဘူးလား။ ပြည်သူ့ဆေးရုံဆိုတာ ဟိုးမြို့ကြီးတွေမှာပဲတွေ့ဖူးတယ်။ ပြည်သူတွေက မြို့ကြီးတွေမှာပဲ ရှိတာလား။ ကျမတို့ရွာက လူတွေရော ပြည်သူတွေမဟုတ်လို့လား။ စစ်ကြောင်းတွေတော့ ကျမတို့ရွာကို ခဏခဏရောက်လာပါတယ်။ ရွာမှာရှိတဲ့ ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်စတဲ့ အိမ်မွေးတိရိစ္ဆာန်တွေအားလုံး အတင်းအဓမ္မစားသောက်သွားကြတာပဲ။ပေါ်တာတွေလည်း မကြာမကြာဖမ်းတယ်။ သူတို့ရဲ့လိုအပ်ချက်တွေကိုတော့ အနုနည်းရော အကြမ်းနည်းရောသုံး၊ လက်နက်ကိုအသုံးချပြီး ဖြစ်ချင်တာတွေလုပ်သွားကြတယ်။ ပြည်သူတွေရဲ့လိုအပ်ချက်တွေကိုတော့ ဘာတခုမှပြန်မကြည့်ဘူး။ ဒီလောက်တောင် ကျန်းမာရေးချို့တဲ့တဲ့အချိန်မျိုးမှာတောင် သူတို့ရဲ့ စစ်တပ်ဆောက်ဖို့အတွက် လမ်းဖောက်ဖို့ လုပ်အားပေးသွားရသေးတယ်။ မသွားရင် ငွေပေးရတယ်။ စားဝတ်နေရေးကလည်း အဆင်မပြေ၊ ကျန်းမာရေးကလည်းချို့တဲ့၊ ငွေမဆောင်နိုင်တော့ မထူမထောင်နိုင်တဲ့ကြားကနေ လုပ်အားပေးသွားရသေးတယ်။ သူတို့ရဲ့ အာဏာတည်မြဲရေး၊ သူတို့ရဲ့စစ်အုပ်စုကောင်းစားရေးအတွက် ပြည်သူတွေကိုပဲ အနိုင်ကျင့်တယ်။ ပြည်သူတွေရဲ့ဘဝဟာ မြေဇာပင်တွေပါပဲ။

ဘယ်တော့လောက်မှ မိသားစုစုံစုံညီညီနဲ့ ထမင်းမြိန်မြိန်စားရမလဲ၊ ဘယ်တော့လောက်မှ ပျော်ပျော်ရွှင်ရွှင်နဲ့ ယဉ်ကျေးမှုပွဲတော်တွေကို သွားရမလဲလို့ တွေးမနေအားပဲ စစ်တပ်တွေက လုပ်အားပေးတွေ၊ အတင်းအဓမ္မခိုင်းစေမှုတွေ၊ မုဒိမ်းမှုတွေ ဘယ်တော့ဖြင့် လုပ်တော့မှာပဲလို့ စိုးရိမ်စိတ်တွေကပဲ ပြည်သူတွေရဲ့ စိတ်ဝိဉာဉ်မှာ ကိန်းအောင်းနေတယ်။ ဒီကြောက်စိတ်တွေကြောင့်ပဲ လူတွေရဲ့စိတ်တွေက ကယောင်ခြောက်ခြားဖြစ်နေတယ်။ စိတ်မချမ်းသာရင်တော့ ကိုယ်ကတော့ ဘယ်ကျန်းမာနိုင်တော့မှာလဲ။

စစ်အာဏာရှင်တွေရဲ့ နှိပ်စက်မှုကို အမြဲတမ်းခံခဲ့ရပြီး ကျန်းမာရေး အသိပညာနိမ့်ကျတဲ့ ကျမရဲ့ဒေသကို ကျန်းမာရေး အသိပညာ ဖြန့်ဝေပေးဖို့ ကျမပြန်ချင်ပေမယ့် ပြန်ခဲ့ရင် ကျမကို သူပုန်တွေနဲ့ ဆက်သွယ်တဲ့သူဆိုပြီး ဖမ်းဆီး နှိပ်စက်ကြမှာလေ။ သူတို့လက်ထဲမှာ ကျမဘဝကို အဲဒီလို အဓိပ္ပါယ်မဲ့ အနှစ်မွန်း မခံနိုင်ဘူး။ အဲဒါကြောင့် ကျမပြန်လို့မဖြစ်သေးဘူး။

ကိုယ့်ရဲ့ဒေသမှာ ကျန်းမာရေး အသိပညာတွေဖြန့်ဝေဖို့အခွင့်အရေးမရနိုင်သေးတဲ့အချိန်မှာတော့ အခြားကျန်းမာရေး အသိပညာနည်းသေးတဲ့ ဒေသတွေနဲ့ ထိုင်းနိုင်ငံမှာရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် ကျန်းမာရေး အသိပညာတွေကို ဖြန့်ဝေပေးဖို့ ကျမ အခွင့်အရေးရှိသေးတယ်။

သင်တန်းမှာ အနယ်နယ်အရပ်ရပ်က ဆယ်ကျော်သက်လူငယ်တွေ လာတက်ကြတယ်။ သင်တန်း လှုပ်ရှားမှုတခုက ကိုယ့်ငယ်စဉ်ကအကြောင်းရယ်၊ ရှေ့ဆက်ဘာလုပ်မလဲဆိုတဲ့အကြောင်းရယ် တယောက် တလှည့်စီ ဝိုင်းဖွဲ့ပြီး ဆွေးနွေးကြတယ်။ သင်တန်းတက်ရောက်လာသူ အားလုံးက သူတို့ရဲ့ ငယ်စဉ်ဘဝ အကြောင်းကို ပြောပြသွားတာတွေထဲမှာ စစ်အာဏာရှင်တွေရဲ့ နှိပ်စက်မှုကြောင့် ရွာသူရွာသားတွေဟာ ကိုယ့်ဌာနေကနေ အဝေးကို ထွက်သွားရတာတွေ၊ သူတို့တွေဟာ ကျန်းမာရေး စောင့်ရှောက်မှု အသိပညာရရှိခွင့်နည်းပါးတဲ့ သနားဖွယ်ရာ ရွာသူရွာသား မိသားစုတွေထဲက မွေးဖွားလာတဲ့သူတွေ ချည်းပဲ။

အတိတ်က ပြည်သူတွေရဲ့ ကျန်းမာရေးချို့တဲ့မှုတွေ၊ စစ်အာဏာရှင်ရဲ့ နှိပ်စက်မှုတွေ၊ ပြည်သူတွေရဲ့ ကျန်းမာရေးလိုအပ်ချက်တွေ မဖြည့်ဆည်းပေးဘဲ သူတို့ရဲ့ အာဏာကို အသုံးပြုအနိုင်ကျင့်ရက်စက်တတ်တဲ့ စစ်အာဏာရှင်တွေရဲ့ ယုတ်မာမှုတွေကို ပြန်သတိရတိုင်း အိပ်ရေးပျက်ခဲ့တဲ့ ညတွေကို ကျော်လွှန်မေ့ပျောက်ပြီး အများအကျိုးအတွက် ကျန်းမာရေးနဲ့ပတ်သက်တဲ့ အသိပညာဗဟုသုတတွေကို ဖြန့်ဝေဖို့ ဆုံးဖြတ်ချက်ချရင်း စီးကျနေတဲ့ မျက်ရည်တွေကို သုတ်ပြီး ရှေ့ဆက်ရမဲ့ အနာဂတ်အတွက် အားသစ်တဖန် မွေးဖွားလိုက်ဦးမယ်။■

နေခြည်နု (PEDU)

> **ကျမရဲ့အတိတ်က အဖြစ်အပျက်တခုကို ပြန်ပြန်ပြီး သတိရနေလို့ အိပ်ရေးပျက်ခဲ့တဲ့ညတွေလည်း မနည်းတော့ဘူး။ သတိရတဲ့အကြောင်းက လွန်ခဲ့တဲ့တပတ်က သင်ယူခဲ့ရတဲ့ဆယ်ကျော်သက်မျိုးပွားမှုဆိုင်ရာကျန်းမာရေးသင်တန်းကနေရလာတဲ့ အသိပညာတခုနဲ့ တိုက်ဆိုင်နေလို့ပါပဲ။**

နွံနစ်တဲ့ပန်း

နန်းမေသစ်(ဒေါနု)

ပိုက်ဆံအိတ်ထဲက လက်ကျန်ငွေတထောင်ကို နှမြောတသစွာကြည့်ပြီး ကျမတွေဝေနေမိတယ်။ ကျမအနေနဲ့ ဆုံးဖြတ်ချက်တခုကို ပြတ်ပြတ်သားသား ချမှတ်ရတော့မယ်။ ရန်ကုန်မြို့လို နေရာမျိုးမှာ ဒီလောက်ငွေလေးနဲ့ သုံးရက်တောင် ခံနိုင်မှာမဟုတ်ပါဘူး။

ကျမအဖေက မြောက်ဒဂုံနဲ့ဆူးလေလိုင်းကိုမောင်းတဲ့ ကားသမားပါ။ အမေကတော့ အိမ်စရိတ်လေးကာမိအောင် ကုန်စုံဆိုင်လေးဖွင့်ထားတယ်။ အရင်ကတော့ အဆင်ပြေခဲ့တယ်လို့ ပြောရမှာပဲ။ နောက်ပိုင်းကျတော့ တရိပ်ရိပ်တက်နေတဲ့ ကုန်ဈေးနှုန်းနောက်ကို မလိုက်နိုင်အောင် မျက်ခြေပြတ်ကျန်နေခဲ့ပါတယ်။ ဒီရေလိုထိုးတက်လာတဲ့ လောင်စာဈေးနှုန်းဒဏ်ကြောင့် အဖေ့ရဲ့ကားမောင်းလို့ရတဲ့ဝင်ငွေဟာ ထမင်းနပ်မှန်ရုံလောက်ပါပဲ။ အမေ့ရဲ့အိမ်ဆိုင်လေးကလည်း အထက်တန်းကျောင်းသူဖြစ်နေတဲ့ ကျမရဲ့ကျောင်းစရိတ်ကို မနည်းထောက်ပံ့နေရတယ်။ ဒီကြားထဲမှာ (၈)တန်းရောက်နေတဲ့ မောင်လေးဖြစ်သူရဲ့ကျောင်းစရိတ်ကလည်း မသေးဘူး။ လူကသာ မြီးကောင်ပေါက်အရွယ်ရောက်ပေမယ့် ကလေးစိတ်မကုန်သေးဘူး။ အရာရာကို စူးစမ်းချင်တယ်၊ တတ်ချင်တယ်။ လူငယ်မို့ ယောကျ်ားလေးမို့၊ အငယ်ဆုံးမို့ဆိုပြီး အလိုလိုက်ထားတော့ ငယ်ငယ်လေးထဲက ဂျစ်ကန်ကန်စရိုက်ရှိခဲ့တယ်။ အခုဆိုရင် လမ်းသရဲဂိုက်ဖမ်းနေပြီ။ ဆေးလိပ်တွေ၊ အရက်တွေတောင် စသောက်နေပြီလို့ ကျမသူငယ်ချင်းတွေက ပြောတယ်။ ကျမကိုယ်တိုင်တော့ တခါမှမတွေ့မိသေးပါဘူး။ ကျမတို့မောင်နှမနှစ်ယောက်ရဲ့ကျောင်းစရိတ်၊ မုန့်ဖိုး၊ လမ်းစရိတ်၊ စာအုပ်ဖိုး၊ နောက်ပြီး ကျောင်းမှာ ခေါင်းစဉ်မရှိ ခေါင်းစဉ်အမျိုးမျိုးရှာပြီး ကောက်ခံတဲ့ ဘာကြေး ညာကြေး၊ အိမ်စရိတ်၊ စားဝတ်နေ ရေးစရိတ်စတာတွေနဲ့ ရင်ဆိုင်နေရတဲ့ အဖေနဲ့အမေဟာ တဖြည်းဖြည်း တဖက်သတ်ရှုံးနိမ့်ခြင်းဆိုတဲ့ အခြေအနေကို ရောက်နေခဲ့ပါပြီရှင်။

အဖေကားသိမ်းပြီးပြန်လာရင် မိသားစုအတွက် အမြဲတမ်းပါလာနေကျ ခေါက်ဆွဲကြော်၊ အစိမ်းကြော်အထုပ်တွေလည်း မမြင်ရတော့တာ ကြာပြီ။ အရင်က အမေ့ပါးအရောင်ကို ပြောင်စေခဲ့တဲ့ နားကပ်လေးလည်း မတွေ့ရတော့ပါဘူး။ စိုပြည်စိမ်းလန်းခဲ့တဲ့ ကျမတို့ရဲ့ မိသားစုလေးဟာ အခုတော့ သိသိသာသာကြီးကို ခြောက်သွေ့လာပါတယ်။ မတည်မြဲခြင်းသဘောတရား ဒုက္ခသစ္စာ စတာတွေကို ကျမသေသေချာချာသဘောမပေါက်ပေမယ့် မျက်ဝါးထင်ထင်ကြုံတွေ့နေရပြီလေ။ ကျမအရမ်းဝမ်းနည်းသွားတယ်။ စီးပွားရေးဟာ လူတယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာကိုသာမကဘူး စိတ်ပိုင်းဆိုင်ရာကိုပါ ပြောင်းလဲစေနိုင်တယ်ဆိုတာကို ကျမယုံကြည်သွားပါတယ်။ ဟုတ်တယ်လေ ညနေဆိုရင် အဖေက အရက်ကလေးတမြမြနဲ့ဖြစ်နေပြီ။ ဒီကြားထဲမှာ အမေကလည်း ကံစမ်းတဲ့သဘောလား၊ ဖြတ်လမ်းသဘောလားတော့မသိ။ နှစ်လုံးကဏန်းတွေ၊ သုံးလုံးကဏန်းတွေနဲ့ အလုပ်ရှုပ်လာတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျမအမေနဲ့ စကားများခဲ့ရသေးတယ်။ အမေကပြောတယ် 'သည်အတိုင်းသာ ရှေ့ဆက်သွားရင် ညဉ်းတို့ကျောင်းစရိတ်တွေ၊ အိမ်စရိတ်တွေကို ဘယ်လိုလုပ်ပြီးထိန်းနိုင်မှာလဲ။ ညဉ်းတို့အဖေကလည်း အရက်လေး တမြမြနဲ့ တခါတလေ သူကားမောင်းလို့ရတဲ့ ဝင်ငွေဟာ ဘောလုံးပွဲလောင်းသက်သက်နဲ့ကို ကုန်နေတာ။ ဒီတော့ ရလိုရငြား စမ်းကြည့်တာပေါ့ သမီးရယ်၊ စိတ်မပူပါနဲ့ တချီလောက်အချီကြီးမိလို့ကတော့ အမေတို့၊ သမီးတို့ ချမ်းသာပြီ သိလား၊သမီး ငယ်ပါသေးတယ်ကွယ် စီးပွားရေးဆိုတာ တခါတလေ ဖြတ်လမ်းကလုပ်တတ်ရတယ်ကွယ့်'။ ကျမဘာမှ ဆက်မပြော တော့ပါဘူးအမေ။ အမေပြောသလိုသာ နှစ်လုံး၊ သုံးလုံးကဏန်း တွေထိုးလို့ချမ်းသာမယ်ဆိုရင် ရန်ကုန်တမြို့လုံးသာမကဘူး မြန်မာနိုင်ငံတနိုင်ငံလုံးက လူတွေအားလုံး ချမ်းသာကုန်မှာပေါ့။

တနေ့ထက်တနေ့ ယိမ်းယိုင်လာတဲ့ စီးပွားရေးဒဏ်က ကျမကို စိတ်အနှောင့်အယှက် ဖြစ်စေခဲ့တယ်။ တနေ့တနေ့ အဖေနဲ့အမေရဲ့ရန်ဖြစ်သံ၊ အကြွေးရှင်တွေရဲ့ အကြွေး တောင်းသံတွေကြောင့် အိမ်မှာတောင် မနေချင်တော့တာ အမှန်ပါပဲ။ ကျမအလုပ်ထွက်လုပ်ချင်တယ်။ ဒါပေမယ့် ဆယ်တန်းမအောင်ဘဲ အလုပ်တခုရဖို့ဆိုတာ မလွယ်ပါဘူး။ဆယ်တန်းလောက်တော့ ပြီးဆုံးအောင် ဆက်တက်ချင်တယ်။ ပြီးမှ အလုပ်လုပ်ရင်း အဝေးသင်ဆက် တက်၊ ဘွဲ့ပြန်ယူ ဒါတွေအားလုံးဟာ ကျမရဲ့ စိတ်ကူးယဉ်အိပ်မက်တွေပါ။ တကယ်ဖြစ်တယ် မဖြစ်ဘူးဆိုတာကတော့ ဘုရားပဲ သိပါလိမ့်မယ်။

'မနက်ဖြန် ကျောင်းမှာ မိဘဆရာအသင်းကြေးရယ်၊ အရင်လကကျန်တဲ့စာအုပ်ဖိုးတွေ ကြံ့ဖွံ့အသင်းဝင်ကြေးတွေကို ဒီလအပြီးပေးရမယ်'။ ဆရာမပြောတဲ့စကားတွေက ကျမရဲ့ဆုံးဖြတ်ချက်တွေကို ပြတ်သားစေခဲ့တယ်။ ညနေကျောင်းပြန်လာတော့ ရေချိုးပြီး ကျမကိုယ်ကျမ အလှပဆုံးဖြစ်အောင်ချယ်သလိုက်တယ်။ မှန်ထဲမှာပေါ်နေတဲ့ ကျမရဲ့ရုပ်သွင်ကိုကြည့်ပြီး ဝမ်းနည်းလာပါတယ်။ ဒါပေမယ့် ကျမမျက်ရည်မကျခဲ့ဘူး။ မျက်ရည်မကျမိအောင်လည်း ကျမထိန်းလိုက်တယ်။ ကျမရဲ့ရည်မှန်းချက်အတွက် ကျမရဲ့ပညာရေးအတွက် ဒီလောက်တော့ ပေးဆပ်ရမှာပေါ့။ မှန်ရှေ့မှာအကြာကြီး ရပ်နေမိတယ်။ (၆)နာရီထိုးခါနီးတော့ ကျမလမ်းထိပ်ကိုထွက်လာခဲ့တယ်။ အဖေနဲ့အမေကို သူငယ်ချင်းတယောက်အိမ်မှာ စာသွားကျက်မယ်လို့ မနေ့ကတည်းက ပြောထားတယ်။ ကဏန်းလုံးတွေကြားမှာနစ်နေတဲ့အမေနဲ့ အရက်ကို အဖော်ပြုနေတဲ့အဖေဟာ သားသမီးတွေရဲ့ပညာရေးအတွက် ဘာမှစိတ်ဝင်စားမှု မပြုနိုင်တော့ပါဘူး။ ကိုယ့်ဘာသာကိုယ် ကြိုးစားဆိုတဲ့သဘောပါပဲ။ လမ်းထိပ်မှာလာကြိုတဲ့ကားနဲ့ မြို့ထဲကို ထွက်လာခဲ့တာပေါ့။ အားလုံးပေါင်း (၈)ယောက်။ 'ဩော် ... ကျမလိုဘဝတူတွေလည်း ရှိနေတာပဲလေ'ဆိုပြီး ကျမရဲ့ဆုံးဖြတ်ချက်အတွက် နောင်တမရမိသေးပါဘူး။ ကားရပ်တော့ လူတယောက်လာကြိုတယ်။ သူကကျမကို ကြည့်ပြီး 'အန်တီမော်လီ လွှတ်လိုက်တဲ့သူထင်တယ်။ ကျမက ခေါင်းညိမ့်ပြတော့ သူကကျမကိုခေါ်သွားတယ်။ ကျမရောက်နေတဲ့နေရာက စားသောဆိုင်ကြီးတခုမှာပါ။ အခန်းထဲမှာ ပုလင်းသံတွေ၊ တီးဝိုင်းကထွက်လာတဲ့အသံတွေနဲ့ ဆူညံလို့နေပါတယ်။ မီးရောင်မှိန်မှိန်အောက်ကနေပြီး အခန်းငယ်တခုရှေ့ကို ဖြတ်လျှောက်လာတယ်။ စောစောက လာကြိုတဲ့သူက 'ကျနော်က ဒီဆိုင်ရဲ့ အထွေထွေမန်နေဂျာပါ။ အန်တီမော်လီ လွှတ်လိုက်တဲ့လူဖြစ်လို့ ဒီကညီမလေးကို ချက်ချင်းဒီဆိုင်မှာအလုပ်ခန့်လိုက်မယ်။' အေးစိမ့်လှတဲ့ အဲယားကွန်းရဲ့အငွေ့အသက်အောက်မှာ ကျမအာခေါင်တွေ စေးကပ်နေပါတယ်။ ရင်ထဲမှာလည်း တဒိန်းဒိန်းနဲ့ ခုန်နေတယ်။ 'ဒါနဲ့ ညီမလေးက သီချင်းဆိုတတ်လား' 'ရှင်' 'ဩော် .. သီချင်း ဆိုတတ်လားလို့ပါ။ သီချင်းဆိုတတ်ရင် ကိုယ်တို့က လခပိုပေးတယ်။ ပြီးတော့ ပန်းကုံးကြေးတို့ ဘာတို့' 'ကျမမဆိုတတ်ဘူး'။ သူ့စကားမဆုံးခင်မှာဘဲ ကျမငြင်းဆန်လိုက်ပါတယ်။ 'ဩော်... ရပါတယ်။ ကိုယ်က ညီမလေးကို ဝိုင်းတကာမှာ အရက်ခွက်ငှဲ့ပေးနေရတဲ့ မိန်းကလေးတယောက်အနေနဲ့ မတွေ့ချင်လို့ပါ။ ကိုယ့်စေတနာကို သဘောပေါက်မှာပေါ့နော်'။ အဲဒီနေ့ကစပြီး ကျမဟာ အဲဒီဆိုင်ရဲ့ ကိုယ်ဟန်ပြမယ်တယောက်အဖြစ် စတင်လုပ်ဆောင်ခဲ့ပါတယ်။ ကျမရဲ့ပထမဦးဆုံး လှုပ်ရှားမှုက မယုံနိုင်လောက်အောင်ဘဲ အောင်မြင်မှုရခဲ့တယ်။ ကျမရဲ့ဆွဲဆောင်မှုအောင်မှာ ပုရိသယောကျ်ားတွေ မှိန်းမောခဲ့ရတယ်။ ဒါက ကျမရဲ့ ပထမဦးဆုံး ခြေလှမ်းပါ။ မန်နေဂျာဖြစ်သူက ကျမကို စောစောပြန်ဖို့အတွက် စီစဉ်ပေးတယ်။ အပြန်မှာ ငွေသုံးထောင်ကို ကျမလက်ထဲပေးပြီး 'အဲဒါက ကိုယ်တို့အနေနဲ့ ဂုဏ်ပြုတဲ့သဘောပါ'တဲ့။ ကျမအိမ်ပြန်ရောက်တော့ အမေကလှမ်းမေးတယ်။ 'သမီး၊ စာကျက်လို့ပြီးပြီလား'။ ကျမရင်ထဲ နစ်ကနဲနေအောင် ခံစားလိုက်ရတယ်။ အဲဒီညရောက်ရောက်ချင်းပဲ ကျမအိပ်လိုက်တယ်။မနက်ဖြန် ကျောင်းတက်ရဦးမယ်လေ။

မန်နေဂျာရဲ့ပြောစကားကြောင့် ကျမအရမ်းကို တုန်လှုပ်မိတယ်။ ရှက်လည်းရှက်မိတယ်။ ဒါပေမယ့် ကိုယ့်ရဲ့ကျောင်းစရိတ်အဆင်ပြေဖို့အတွက် ငွေကအရေးကြီးတယ်လေ။ 'မင်းဒီနေရာမှာ အလုပ်လုပ်ရင် ဒီလိုအတွေ့အကြုံမျိုးတော့ ရှိထားသင့်တယ်'တဲ့။ ကျမဘာမှမပြောနိုင်တော့ဘူး။ သူကကျမကို ကွန်ဒုံးတခုပေးတယ်။ ကျမရှက်ရှက်နဲ့ ငြင်းဆန်မိတယ်။ တခါမှသုံးဖူးတာမဟုတ်ဘူး။ တကယ်ပါ။ မန်နေဂျာခေါ်သွားတဲ့နောက်ကို လိုက်သွားတော့ ဆိုင်အပြင်မှာ ဇိမ်ခံကားတစီးကို တွေ့ရတယ်။ အထဲမှာ ရမက်ခိုးတွေ၊ ယမကာခိုးတွေနဲ့ ဗိုက်ရွှဲရွှဲ လူကြီးတယောက်ရှိတယ်။ သူက အပြုံးလေးနဲ့ ကျမကို ဖိတ်ခေါ်ပါလေရော။ ကျမဘာမှ မစဉ်းစားနိုင်ဘူး။ဝက်ဖြစ်မှတော့မစင်ကြောက်စရာ ဘယ်လိုတော့မလဲ။ အဲဒီညဟာ ကျမအတွက် ဝမ်းနည်းစရာနဲ့ ကြေကွဲစရာအ ကောင်းဆုံးညတညပါပဲရှင်။ ကျမ အရမ်းချစ်တဲ့ အဖေနဲ့အမေ မျက်နှာ၊ မောင်လေးရဲ့မျက်နှာတွေကို မြင်ယောင်လာတယ်။ နောက်ပြီး ကျောင်းကဆရာမ ပြောလိုက်တဲ့စကားသံတွေ ကျောင်းလခတွေ ဒါတွေကို ပြန်တွေးပြီး စိတ်နှလုံးဒုန်းဒုန်းချလိုက်မိတယ်။ ကျမရဲ့ဘဝရည်မှန်းချက်အတွက် ကျမရဲ့ပညာရေးအတွက် ကျမရဲ့ကိုယ်ခန္ဓာကို အရင်းပြုပြီး ကြိုးစားနေရပြီ။ ကျမလေ အရမ်းဝမ်းနည်းမိပါတယ်။ ဒါပေမယ့် ကျမမျက်ရည်မကျခဲ့ပါဘူးရှင်။

'အမပေးတဲ့ပိုက်ဆံ ကျနော်မယူနိုင်ဘူး'။ မောင်လေးပြောလိုက်တဲ့ စကားလုံးတွေဟာ ကျမရဲ့နှလုံးသားတွေကို အစိပ်စိပ်အမွှာမွှာ ဖြိုခွဲပစ်လိုက်သလိုပါပဲ။ 'ဘယ်လိုပြောလိုက်တာလဲ မောင်လေးရယ်။ မောင်လေးရဲ့ကျောင်းစရိတ်တွေ၊ ပြီးတော့ မောင်လေး သုံးချင်ရာသုံးဖို့ မမက စေတနာနဲ့ ပေးတာလေ'။ ကျမဝမ်းနည်းစွာနဲ့ ပြောမိတယ်။ 'အမရဲ့ စေတနာကို ကျနော်နားလည်ပါတယ်။ ဒါပေမယ့် အမဒီငွေကို ဘယ်လိုနည်းနဲ့ ရလာတာလဲ။ အမဘာလုပ်နေလဲဆိုတာ ကျနော်သိတယ်။ အမရဲ့ မောင်လေးဖြစ်တဲ့ ကျနော့်နေရာကနေပြီးတော့ ခံစားကြည့်စမ်းပါအမရယ်၊ ကျနော့်ရဲ့သူငယ်ချင်းတွေကြားမှာ ကျနော်ဘယ်လိုမျက်နှာပြရမှာလဲ။ အခုဆိုရင် ပတ်ဝန်းကျင်မှာ အမသတင်းကမကြားချင်မှအဆုံးပဲ။ ကျနော်ရှက်လို့ သေမိလိမ့်မယ်ဗျာ'။ ကျမဘာမှပြန်မပြောနိုင်ပဲ မောင်လေးပြောသမျှနားထောင်နေမိတယ်။ အိုး ... မောင်လေးမျက်ရည်ကျနေပါလား။ကျမရဲ့မောင်လေး တကယ့်ကိုဝမ်းနည်းနေတာပဲ။ မောင်လေးရယ် အမပေးတဲ့ငွေတွေဟာ အမရဲ့ခန္ဓာကိုယ်နဲ့ ရင်းပြီး ရတဲ့ငွေဖြစ်လို့ မသန့်ဘူးဆိုပေမယ့် လူတကာအလယ်မှာ အမတို့မိသားစု မျက်နှာမငယ်ရအောင် မောင်လေးလည်း သူများနဲ့ တန်းတူနေနိုင်အောင်ဆိုပြီး အမရဲ့ စိတ်စေတနာနဲ့ ပေးတဲ့ငွေဖြစ်လို့ ဖြူစင်သန့်ရှင်းပါတယ်ကွယ်။ ကျမရင်ထဲမှာ စကားတွေအများကြီး ပြောနေမိတယ်။ ကျမရဲ့နှုတ်ခမ်းက ဘာစကားမှ မထွက်လာပေမယ့် ကျမဘာကြောင့်ဒီလိုလုပ်ရလဲဆိုတာ မောင်လေးကို ရှင်းပြချင်နေတယ်။ ဒီလိုခေတ် ဒီလိုအခါမျိုးမှာ သူများမိုးခါးရေသောက်မှတော့ ကိုယ်လည်းလိုက်သောက်ရတော့မှာပေါ့ မောင်လေးရယ်။ ပညာ ကို ငွေနဲ့ရှာပြီးဝယ်နေရတဲ့

စာမျက်နှာ(၁၂)သို့ ▶▶▶

▶▶▶ စာမျက်နှာ (၇)မှ အဆက် ဆိုက်ကားထွက်ရမှာ (အဲလေ) မန္တလေးပြတော့ပါဘူး။ ဒါတွေကို သံချပ်လိုဖတ်၊ ဒီလိုမှတ်နော်။

'အချိုများများ
အနားများများ ... အခါးတွေကိုဖြတ်ကြပါ ...။
ပူစပ်မစား၊ ရေများများသောက် အချိန်လောက်က ကုသရှင်လန်း ကျန်းဝန်ထမ်းနဲ့'

ဆိုလိုတိတ်က ကိုတိတ်ကြီးရဲ့ငယ်နာမည် (အဲလေ) ဆိုလိုတာက အချိုများများစားပါ။ အလုပ်တွေလျော့ပြီး အနားယူချိန်များများထားပါ။ အခါးခတ်အစားအစာတွေဖြတ်ပါ။ အပူအစပ်တွေကို မစားဘဲနေပါ။ ရေကိုများများ သောက်ပါ။ နေ့စဉ် ရေတွင်းထဲ ခုန်ဆင်း (အဲလေ) နေ့စဉ် ၅၀၀စီစီ ပုလင်း (၆)လုံးနဲ့ အထက်သောက်ပါ။ တကယ်လို့အချိန် လုံလောက်မှုရှိရင် ကျန်းမာရေးဝန်ထမ်းတွေနဲ့ စနစ်တကျကုသပါ။ စသဖြင့် စသဖြင့် ပေါ့ကွယ်။ ဒါတွေကို လိုက်နာရင် ယောယုဝပြည် (ဝါ) မာလကီးယားပြည်က မသင်းမေ (သေမင်း)ဟာ ငါ့ဆီကို မင်းတို့မလာကြနဲ့လို့ ငြင်းဆန်မှာ ဧကန်၊ ဧကန်ပဲကွဲ့။ ဒီတော့ကာ ဖိုးသမား တွေရဲ့ထိပ်ပြောင် (အဲလေ) ထိပ်ခေါင်တွေဖြစ်ကြတဲ့ ကိုလွမ်းဇာတို့၊ ဆံရှည် သစ်ကောင်းအိမ်တို့၊ ဖြူဖွေးတို့ကို ပြောလိုက်ပါကွယ်။ ကိုင်းကိုင်း ... ငါ့နောက်က လိုက်ဆိုကြ ဒကာမလေးတို့။

မချောလေးယောက်တပြိုင်နက် ။ ။ တကမ္ဘာလုံးမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ ... အားလုံးသော ယနေ့ည ကြွရောက်လာကြတဲ့ ဒကာ ဒကာမအပေါင်း ချမ်းသာကြပါစေ (ဆရာတော် ဘုရားလည်း ချမ်းသာပါစေ)

ဂုရုဆန် ။ ။ ဒါက ကြာနီကန်ဆရာတော်ရဲ့ နိဂုံးချုပ်တရားကွဲ့။ ဂုရုဆန်ရဲ့ နိဂုံးချုပ်စကားက ဒီလို။ (အသည်းလေးလို့ မခေါ်တော့ဘူး မသင်းမေ)[၃] ။ ကိုင်း ... ဆိုကြည့်စမ်း ညီညီလေး သုံးခေါက်။

မချောလေးယောက်တပြိုင်နက်။ ။ ('အသည်းလေးလို့မခေါ်တော့ ဘူး မသင်းမေ')[၃]

အဲသည်နောက် ဂုရုဆန်နှင့် မချောလေးယောက်တို့သည် မာလကီးယားပြည်၌ မာလကာသီး သွားမစားကြဘဲ (အဲလေ) မသင်းမေနှင့် အခေါ်အပြော မလုပ်ကြတော့ဘဲ လူ့ဘဝအထွေထွေတို့ကို မန်းမျိုးမြင့်၏ ပတ်ဗေတိုးဗေ တီးသံသာလေးဖြင့် ဒေါက်တာလွဏ်းဆွေ ပြုစုသော မဲဆောက်မြို့မှ နာမည်ကြီး လပ်ကီးလ္ဘက်ရည်ကို သူနိုင်ကိုယ်နိုင် အပြိုင်တီးကြလေသတည်း။

(ဟုတ်ကဲ့ဘုရားစူး ... တီး Tea သောက်ကြတာပါခင်ဗျာ)။ ■

ဆန်တာကလော့စ် (ခေတ္တ–အင်္ဂပူ)

▶▶▶ နောက်ကျောဖုံးမှ အဆက်

ပိုင်များက လက်တုန့်ပြန်သည့် အနေနှင့် သက်သေမပါဘဲ တရားစွဲဆိုမှုကို ခံခဲ့ရသည်။ အစောပိုင်း သတင်းထုတ်ပြန်ချက်များတွင် အသည်းရောင်အသားဝါဘီပိုး ပျံ့နှံ့မှုကို ထိန်းချုပ်ရန် မြို့တော် အာဏာပိုင်များ၏ ညွှန်ကြားချက် အရ(အသည်းရောင် အသားဝါဘီပိုးသည် သွေးနှင့် လိင်ဆက်ဆံမှုမှ အဓိကကူးစက်သည်ဟု ဆိုကတည်းက ပီကင်းအစိုးရက မကြာခဏ သတိပေးပြောဆိုခဲ့သည့် ဥပဒေပုဒ်မဖြစ်သည်။) ကျောင်းသားများကို ကျောင်းထုတ်ခဲ့သည်ဟု သိရသည်။

'မီဒီယာမှာ ကြီးမားတဲ့ တုန့်ပြန်မှု ရှိခဲ့တဲ့အတွက်ကြောင့် ကျနော်တို့ရဲ့ လုပ်ဆောင်ချက်တွေဟာ အစိုးရဌာနအချို့ကို အနောက်အယှက်ဖြစ်စေခဲ့တယ်လို့ ကျနော်ထင်တယ်'ဟု ချန်ကပြောကြားခဲ့သည်။ ဇင်ကျန်မြို့ပြ ကိစ္စရပ်များဆိုင်ရာ ဗျူရို အကြီးအကဲတဦးဖြစ်သူ တူအားဒီက အန်ဂျီအိုကို ပိတ်ပင်ခဲ့ကြောင်း အတည်ပြု ပြောကြားခဲ့သည်။ 'အခုအချိန်မှာ ဌာနဆိုင်ရာအတော်များများက ဒီအဖွဲ့ကိုစုံစမ်းစစ်ဆေးနေပါတယ်။ လိုင်စင်မရှိတာဟာ အစိုးရဥပဒေအရ တရားမဝင်အဖွဲ့အစည်းတခုအဖြစ် အကျုံးဝင်နေတယ်'ဟု တူအားဒီက ပြောကြားခဲ့သည်။

'ဒါဟာ အစိုးရက တရားဝင်ပိတ်ပင်လိုက်တဲ့ ပထမဦးဆုံး အေအိုင်ဒီအက်စ် အန်ဂျီအိုဖြစ်တယ်'ဟု ဝါရင့် အေအိုင်ဒီအက်စ် အကျိုးဆောင်တဦးဖြစ်သူ ဝမ်ယန်ဟိုင်က ပြောကြားခဲ့သည်။ တရုတ်အစိုးရသည် မကြာသေးမီက အိပ်ချ်အိုင်ဗွီ ကူးစက်ပျံ့ပွားမှု တိုက်ဖျက်ရေးအတွက် အရှိန်မြှင့်လုပ်ဆောင်ခဲ့သော်လည်း အေအိုင်ဒီအက်စ်အရေး လှုပ်ရှားဆောင်ရွက်သူများနှင့် လူနာများကမူ သူတို့အား ယခုအချိန်အထိ ဒေသဆိုင်ရာ အရာရှိများက မကြာခဏ အနှောက်အယှက် ပေးနေဆဲဖြစ်သည်ဟုပြောကြားခဲ့သည်။'တရုတ်ပြည်မှာ အစိုးရအနေနဲ့ လွတ်လွတ်လပ်လပ် ဝေဖန် ပြောဆိုတတ်တဲ့ အန်ဂျီအိုအဖွဲ့တွေအပေါ် သံသယတွေအများကြီးရှိတယ်။ ကြောက်လည်း ကြောက်တယ်'ဟု ဝမ်က ပြောကြားခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။ တရုတ်ပြည်တွင် အစိုးရက အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရှိသူဟု တရားဝင် ထုတ်ပြန်သည့် လူဦးရေ ၆၅၀၀၀၀ အနက် ၂၆၀၀၀ သည် ဆေးကုမှု ခံယူနေသည်ဟုသိရသည်။ ■

Advocate.com / 21.10.2006

▶▶▶ စာမျက်နှာ (၁၃)မှ အဆက်

အို ... ဘုရားသခင် ...

ချစ်သူအတွေးတွေထဲ ကျနော်ရှိမှရှိသေးရဲ့လား။ သူမဆီကျနော် လှမ်းသွားလိုက်သည်။

'ချို'

သူမဆံနွယ်တွေ ဝဲကနဲ လွင့်ဖြာသွားပြီး သူမကျနော့်ကို လှည့်ကြည့်သည်။

ခုံတန်းလေးကို ကွေ့ကျော်ပြီး သူမရှေ့ကို ကျနော်ရောက်သွားသည်။ သူမမျက်လုံးလေးတွေဝိုင်းစက်လို့ မှင်သက်မိစွာ စူးစူး စိုက်စိုက် သေသေချာချာ ကျနော့် မျက်နှာကို ကြည့်သည်။

'ချို ... ကိုယ်မင်းကို တောင်းပန်ဖို့လာခဲ့တာ ... ကိုယ့်ကို ခွင့်လွှတ်နိုင်ပါဦးမလားဟင် ..'

ကျနော့်အမေးကို ပါးပြင်ပေါ်သို့ မျက်ရည်တွေ စိမ့်ထွက်စီးကျလာကာ အပြုံးများနှင့် ခေါင်းညိတ်ပြရှာသည်။

ကျနော် သူမအနီးသို့ တိုးဝှေ့ဝင်ထိုင်လိုက်ပြီး မျက်ရည်တို့ကို သုတ်ပေးလျက် 'တိတ်တော့နော် နောက်ဆို ကိုယ့်အတွက်နဲ့ မင်းစိတ်မဆင်းရဲစေရဘူး ကိုယ်ကတိပေးတယ်'ဟု ဆိုတော့ သူမကိုယ်လေး ကျနော့်ရင်ခွင်ထဲ ယိုင်လဲပြိုကျလာသည်။ ကျေနပ်ကြည်နူးစိတ်တို့ဖြင့် သူမမျက်နှာ အပြုံးတွေဝေလျက်။ ညနေအလင်းတို့သည်လည်း ချစ်ခြင်းတို့ဖြင့် ဖြာဝေ။

ထိုသောညနေ၏ နောက်တနေ့တွင် ကျနော်တို့မြို့မှ ပြည်သူ့ဆေးရုံကြီးတွင် ချိုနှင့်ကျနော် သွေးစစ်ကြသည်။

ချစ်သူနှစ်ဦး အနာဂတ်ကို ပိုင်ပိုင်ထွေးပိုက်ခွင့် ရခဲ့ပြီ။ တယောက်လက်ကိုတယောက် ဆုပ်ကိုင်လျှောက်လှမ်းလာကြစဉ် ...

'ကို'

'ဟင်'

'ချို တခုတွေးမိတယ်။'

'ဘာများလဲ'

'ဟိုလေ ... ဒီကမ္ဘာပေါ်မှာရှိတဲ့ချစ်သူတွေအားလုံး ကိုနဲ့ချို့လို ဘဝမျိုး ပိုင်ဆိုင်နိုင်ကြရင် ... ဘယ်လောက်ကောင်းမလဲလို့'

'သြော် ...အင်း ... ဟုတ်တယ်နော် ...အေးလေ ... တယောက်ကိုတယောက် နားလည်မှုရှိစွာ တကယ့်ကို ချစ်တယ်ဆိုရင်တော့ ကိုယ်တို့နှစ်ယောက်ဘဝမျိုး ရကြမှာပေါ့ကွာ'ဟု ချို့ကိုပြန်ပြောရင်း ဆုပ်ကိုင်ထားသော သူမ၏လက်ဖဝါးလေးကို ကျနော် တင်းတင်းဖျစ်ညှစ်မိလိုက်သည်။

လောကသည်ကြည်လင်နေ၏။ လျှောက်လှမ်းလာကြသော ချစ်သူနှစ်ဦး၏ခြေဖဝါးအောက်တွင် ကမ္ဘာမြေကြီးသည် ကြမ်းတမ်းမှုတို့ပြေလျော့စွာ။ ညီညွတ်ချောမွေ့လျက် ရှိနေတော့သည်။

အံ့မိုးအိမ်

▶▶▶ စာမျက်နှာ (၁၁)မှ အဆက်

စနစ်ပျက်ကြီးမှာ အမတို့လို မောင်လေးတို့လို ငယ်ရွယ်နုနယ်တဲ့ ကျောင်းသူကျောင်းသားတွေအတွက် ဘယ်လိုလုပ်ပြီးလွယ်လွယ်ကူကူငွေရှာနိုင်မလဲ။ ငွေမရှိရင် အမတို့ပညာမတတ်ဘူး။ ပညာမတတ်ရင် အမတို့လူမဖြစ်ဘူး။ ဒါကြောင့် ရတဲ့နည်းနဲ့ငွေ ရှာရတာပဲ။ တကယ်လို့သာ အမကဒီလို မဆုံးဖြတ်ခဲ့ရင် အခုချိန်လောက်ဆို မောင်လေးရော အမရော ကျောင်းထွက်ပြီး လမ်းဘေးမှာ ဈေးပဲရောင်းနေရမလား။ ဘာဖြစ်မလဲ သိမှာမဟုတ်ဘူး။ ဒီမှာ မောင်လေး အခုလိုစနစ်ဆိုး ခေတ်ဆိုးအောက်မှာ ငွေကအရေးကြီးတယ်။ ငွေမရှိရင် ဘာမှလုပ်လို့မရဘူး။ ဒါကို မောင်လေးနားလည်ထားပါ။ အင်း ...မင်းကငယ်သေးတော့လည်း ဘယ်သိနိုင်မှာလဲလေ။ တဖြည်းဖြည်းတော့ အမရဲ့စေတနာကိုမင်းနားလည်နိုင်မှာပါ။

'မင်းကို ကိုယ်စကားနည်းနည်း ပြောချင်တယ်ကွာ'။ မန်နေဂျာဖြစ်သူ ပြောတဲ့စကားကြောင့် ကျမမန်နေဂျာအခန်းထဲကို လိုက်သွားတယ်။ 'မင်းကိုပြောတဲ့စကားစကို လိုက်ရှာနေရတယ်။ အမှန်တော့ ပြောချင်တာကြာလှပါပြီ။ ဒါပေမယ့် မင်းရဲ့သိက္ခာကို ထိပါးမှာစိုးလို့ မပြောထွက်ခဲ့မိဘူး'။ အလေးအနက်ထားကာ ပြောလိုက်သော မန်နေဂျာဖြစ်သူရဲ့စကားကြောင့် ကျမခေါင်းငုံ့လိုက်မိတယ်။ မဟုတ်ဘူး။ ကျမဟာဘာသိက္ခာမှ ရှိခဲ့သူမဟုတ်ဘူး။ မိန်းကလေးမှတန်မဲ့ ဘာအရှက်သိက္ခာမှ ရှိခဲ့သူမဟုတ်ဘူး။ လူတကာရှက်ရွံ့တဲ့ ဘဝမျိုးမှာ ကျမပျော်ပါးခဲ့တယ်။ ကျမရဲ့ခန္ဓာကိုယ်ကို ရောင်းစားခဲ့တယ်။ အဲဒီအတွက် အခုမန်နေဂျာပြောမဲ့စကားကို ကျမသိက္ခာအတွက် ထိပါးစရာအကြောင်းမရှိပါဘူး။ ကျမ ရင်ထဲမှာ ထပ်ခါထပ်ခါပြောနေမိတယ်။ သူကကျမကို ကွန်ဒုံးအသုံးပြုဖို့ တိုက်တွန်းတယ်။ ကွန်ဒုံးအသုံးမပြုရင် ကာလသားရောဂါ၊ အိပ်ချ်အိုင်ဗွီ/အေ့စ်ရောဂါနဲ့ အခြားရောဂါတွေ ကူးစက်နိုင်တယ်လို့ မန်နေဂျာဖြစ်သူက ရှည်လျားစွာ ရှင်းပြခဲ့ပါတယ်။ အဓိကဖြစ်တဲ့ ကုရာနတ္ထိ ဆေးမရှိသေးတဲ့ အေအိုင်ဒီအက်စ်အကြောင်းကို ပြောပြခဲ့တယ်။ အိုး ... အရင်က ကျမ ဒါတွေ မသိခဲ့ဘူး။ ပင်နီဆီ လင်ဆေးကို ပုံမှန်ထိုးနေပေမယ့် အေအိုင်ဒီအက်စ်ရောဂါကို မကာကွယ်နိုင်ဘူးဆိုတာ သိလိုက်ရပြီး နောက်မှာ ကျမကွန်ဒုံးသုံးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျမရဲ့အဖော်တွေကိုလည်း ကွန်ဒုံးသုံးဖို့ တိုက်တွန်းရပါတော့မယ်ရှင်။

'မိုက်လိုက်တဲ့ သမီးရယ်'တဲ့။ အမေ့ရဲ့ဂရုဏာဒေါသနဲ့ ပြောလာတဲ့စကားလုံးတွေက ကျမရင်ကို နာကျင်စေခဲ့တယ်။ ပြောပါအမေရယ်။ ကျမဟာ မှားမှန်းသိရက်နဲ့ အမှားကို ဆက်လုပ်ခဲ့သူပါ။ အမေပြောသလို သမီးမိုက်ခဲ့မိပါတယ်။ ဒါပေမယ့် သမီးဘာကြောင့် ဒီလိုလုပ်ခဲ့ရလဲ။ ဘာကြောင့် ဒီလိုဘဝမျိုးရောက်ခဲ့ရလဲ။ သမီးရှင်းပြချင်တယ်အမေ။ သမီးရှင်းပြတာကို အမေတို့ လက်ခံမလား။ ပတ်ဝန်းကျင်ကကော ယုံကြည်နိုင်ပါ့မလား။ ငါ့ဝမ်းပူဆာမနေသာလို့ သမီးရဲ့ကျောင်းစရိတ်အတွက် မဖြစ်ဖြစ်တဲ့နည်းနဲ့ ငွေရှာခဲ့ရတာ။ အဲဒီအတွက် သမီးနောင်တမရနိုင်အောင်ကို ဖြစ်ခဲ့မိတယ်အမေ။ မိုက်လုံးကြီးလှတဲ့သမီးရယ်လို့ အမေမဆိုလိုက်ပါနဲ့။ အမှန်ကိုပြောရရင် အမေ့သမီးဟာ ကိုယ်ကျင့်တရားပျက်ပြားလို့ ဒီအလုပ်ကို လုပ်နေရတာမဟုတ်ပါဘူး။ စီးပွားရေးကပ်ဆိုက်နေတဲ့ ခေတ်ကာလကြီးမှာ သမီးတို့ရဲ့ ကျောင်းစရိတ်အတွက် ငွေရှာနေရတာပါ။ အမှန်တော့အမေရယ် ဆိုးရွားလှတဲ့ စနစ်ဆိုးကြီးက သမီးတို့လို အမျိုးကောင်းသားသမီးတွေကို တဖြည်းဖြည်းနဲ့ ပျက်စီးခြင်းမက ပျက်စီးသွားအောင် လုပ်ဆောင်နေတာပါ။ ဒါပေမယ့် သမီးဆုတောင်းပါတယ်။ သမီးလို ဘယ်အမျိုးကောင်းသမီးမှ ဒီလို အဖြစ်မျိုးမကြုံကြပါရစေနဲ့လို့ သမီးဆုတောင်းပါတယ်။ အမှန်တော့ ကျမတို့ရဲ့ဘဝဟာ နွံနစ်နေတဲ့ပန်းကလေးတွေပါပဲ။ လာပြီး ဆယ်ယူမယ့်သူမရှိမချင်းကတော့ နွံထဲမှာပဲ ရှင်သန်ရဦးမှာပါ။

နန်းမေသစ်(ဒေါ်န)

▶▶▶ နောက်ကျောဖုံးမှ အဆက်

လုပ်ဆောင်ခဲ့သည့် ဒေါက်တာစတီဗင်ဒိခ်စ်က 'ဒါဟာ ကုသမှုတခု မဟုတ်ဘူး။ အခုလို လုပ်ဆောင်မှုက လူနာရဲ့ ခန္ဓာကိုယ်ထဲက အိပ်ချ်အိုင်ဗွီပိုးကို ဖယ်ရှားပေးမယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး'ဟု အမြဲတမ်း ပြောကြားခဲ့သည်။

အစားထိုးမှု မလုပ်ခင် ၁၉၉၅ ခုနှစ်၌ ဂက်တီက 'အန္တရာယ်ရှိတယ်ဆိုတာ ကျနော် သိပါတယ်။ ဒါပေမယ့်ရှေ့ခရီးကိုဆက်လျှောက်ဖို့ ဘာမှမလုပ်တာက ကျနော့် အတွက် အန္တရာယ်ပိုရှိပါတယ်။ ဒီနေရာမှာ ငုတ်တုတ်ထိုင်ပြီး စဉ်းစားနေတာ ပိုကောင်းလိမ့် မယ်ဆိုတဲ့ အယူအဆက ကျနော့်အတွက်တော့ ဟာသပဲ'ဟု ပြောကြားခဲ့သည်။

ဘာဘွန်းမျောက်ထံမှကိုယ်အင်္ဂါတခုကို လူ၌အစားထိုး ကုသခြင်းသည် ဘာဘွန်းမျောက်တွင်ရှိသည့် ရောဂါများ လူသို့ကူးစက်မှုကို ပိုမိုလွယ်ကူစေနိုင်သည် ဆိုသည့် စိုးရိမ်ပူပန်မှု အမြဲရှိခဲ့သည်။

ဂက်တီက 'ကျနော့် ဘဝကို ခင်တွယ်ပါတယ်။ ဒါပေမယ့် ဒီရောဂါနဲ့ပတ်သက်ပြီး ကျနော် လေ့လာ သိရှိခဲ့တာကတော့ ခင်ဗျား အနေနဲ့ တချို့အခွင့်အရေးတွေကို အရမယူခဲ့ရင် ခင်ဗျား အသက်ဆက်ရှင်မှာ မဟုတ်ဘူး ဆိုတာပဲ'ဟု ၁၉၉၅ခုနှစ်တွင် ပြောကြားခဲ့သည်။ ■

medicalnewstoday.com / 16.10.2006

▶▶▶ စာမျက်နှာ (၆)မှ အဆက်

- အို ...
  ငါး ...ကွန်...ထွန်...ကော်
  မျက်ထူ မျက်ပါး ကျယ်ကျဉ်းတွေဟာ
  သူ့အာနိသင်နဲ့သူ ရှိပြီးသားပါ
  သွားမကစားဖို့သာအဓိက
  သွားမစားဖို့သာ အဓိက
- ဒီမှာသူငယ်ချင်း ...
  မင်းအပေါင်းအသင်းဟာ
  မင်းဘဝ မင်းအလှ မင်းတကယ်ချစ်ရပါတယ်ဆိုရင်
  အဆိုးအကောင်း စကားအလှနဲ့
  အကျိုးအကြောင်း အသွားအရ
  ခွဲခြားပြရမယ်လေ
  လူငယ်သဘာဝ (ဂစ်တာနဲ့)
  ပျော်ကြ ရွှင်ကြ ကကြခုန်ကြတာ အဆန်းမဟုတ်ရပါဘူး
  အဲဒါတွေကိုသာ
  သွားမစဖို့ သွားမဆွဖို့သာ သတိထားရမယ်လေ
- ကဲ ...
  စွဲလန်းမှုဆိုတာ
  အကဲစမ်းမှုပိုရာက စခဲ့တယ်ဆိုရင် .....။ ။

သောင်းထိုက် (MTC)

ချစ်တယ်ဆိုလျှင်

အုံ့မိုးအိမ်

'ကို'

'အိမ်ထောင်မှုဘုရားတည်တဲ့'

'ချစ်တဲ့စိတ်တခုတည်းနဲ့ ကိုယ့်ကို လက်ထပ်ဖို့တော့ ... ချို ... လွယ်လွယ်နဲ့ မဆုံးဖြတ်ရဲဘူး'

'လက်ထပ်ပြီးကာမှ ပတ်ဝန်းကျင်အသိုင်းအဝန်းမှာ မျက်နှာငယ် လူတောမတိုးဝံ့အောင် အရှက်ရမှာတော့ ချိုကြောက်တယ်'

'သေဆုံးချိန်ထိ သားရယ်သမီးရယ်နဲ့ ပျော်ပျော်ရွှင်ရွှင် သိုက်ဝန်းစိုပြေတဲ့ မိသားစုဘဝလေးတော့ သောကကင်းစွာ ချိုလိုချင်တယ်'

'ချိုတို့ရဲ့ရင်သွေးတွေကိုလည်း ဒီကမ္ဘာလောကမှာ ကျန်းမာသန်စွမ်းတဲ့ ဘဝလေးတွေနဲ့ လူမှုအသိုင်းအဝိုင်းအလယ်မှာ ရှင်သန်စေ့ချင်တယ်၊ အဲဒီတော့ ... ကိုရယ် ... ချို့ကိုချစ်တယ်ဆိုရင် ... ဟိုလေ ... သွေး ...သွား ...'

'တော်တော့ချို ... မင်းဆက်မပြောတော့နဲ့'

မာထန်သွားသော စကားသံ၊ မာန်မာနကြီးစွာ တောက်လက်နေသော ခြသေ့်တကောင်ကဲ့သို့ စူးရဲသော ကျနော့်အကြည့်များအောက်တွင် သူမစကားသံတို့ တိကနဲ့ပြတ်ကျပြီးခေါင်းလေးငုံ့သွားသည်။ ကျနော်ဟန့်တားလိုက်တာပါ။

ချိုနှင့်ကျနော် လက်ထပ်လိုက်ကြဖို့ ဆွေးနွေးနေကြခြင်းပါ။ အခါတိုင်း ဒီအကြောင်းပြောကြစဉ်အကြိမ်တိုင်း ကျနော့်လက်တဖက်ကိုယူကာ သူမ၏လက်တဖက်နှင့်ထပ်လိုက်ပြီး ...

'လက်ထပ်တာပဲကိုရယ် ခုလည်း ... လက်ထပ်လို့ရတာပဲ'ဟု ဆိုကာ တခြားအကြောင်းများဆီ လွှဲဖယ်သွားတတ်သော ချစ်သူ၏ရင်တွင်းမှ တစုံတခုကို ဒီနေ့တွင်တော့ သူမနှုတ်ဖျားမျက်ဝန်းများဆီက မြင်တွေ့လိုက်ရပြီ။

သံသယစိတ်တို့ဖြင့် ကျနော့်ကိုယ်ကျင့်တရားတို့အား မယုံသင်္ကာဖြစ်ကာ သူမကျနော့်ကို သွေးစစ်ခိုင်းသည်မှတပါး အခြားမဖြစ်နိုင်တော့။

***

ညှင်းသွဲ့သော လေပြေတသုန်သုန်တွင် မျောလွင့်လှုပ်ခတ်ကြကုန်သော ချစ်သူ၏ဆံနွယ်ခက်တို့သည် ကဗျာမဆန်ချင်တော့။

လောကတွင် ချစ်သူနှင့်အတူရှိနေချိန်တို့သည် အသာယာဆုံးဟုထင်မှတ်ထားခဲ့သည်မှာ မှားများနေပြီလား။

သူမနှင့်ကျနော်ချစ်ခဲ့ကြသည်မှာ သုံးနှစ်ပင်ပြည့်တော့မည်။ အမေနှင့်သမီးသာရှိခဲ့သော သူမတို့ဘဝလေးထဲ ကျနော့်အား တရားဝင် ဝင်ရောက်ခွင့်ရချိန်ကတည်းက ချစ်သူတို့သဘာဝ တွေ့ဆုံချိန်များကို သူမတို့ခြံဝန်း အိမ်ရှေ့ပန်းခြံထဲက ခုံတန်းထက်တွင် ကုန်ဆုံးစေခဲ့သည်သာ။

ညဥ့်နက်သန်းခေါင် လူမြင်ကွယ်ရာ ဆိတ်ကွယ်ရာ အရပ်တို့ဆီသို့လည်း ကျနော်သူမကို မခေါ်ခဲ့။ မတွေ့ဆုံဖြစ်ခဲ့။

ချစ်သူတို့သဘာဝတွင် ထိုသို့သော အခွင့်အရေးများကိုလည်း သူမကို မြတ်နိုးတန်ဖိုးထားစိတ်ဖြင့် ကျနော်ဥပေက္ခာပြုထားနိုင်ခဲ့သည်ပင်။

ဤသို့သော သူမ၏ချစ်သူကျနော့်အား လက်ထပ်ဖို့အတွက် သွေးစစ်ခိုင်းသည်မှာ သူမလွန်လွန်းပြီ။

'ချို'

'ရှင်'

'ကိုယ်တို့ရဲ့ချစ်သူသက်တမ်းတလျှောက် မင်းဆီက ဘယ်လိုအခွင့်အရေးတွေ ကိုယ်ယူခဲ့ဖူးသလဲ'

မျက်ဝန်းတို့တွင် မျက်ရည်တို့ရစ်ဝဲနေသည့် ညှိုးငယ်သော မျက်နှာလေးဖြင့် မော့ကြည့်လျက် သူမခေါင်းခါပြသည်။

'ဒါနဲ့များကွာ ... ကိုယ့်အချစ်သိက္ခာကို မင်းစော်ကားရက်တယ် ...၊ ကောင်းပြီလေ ... မင်းကို အချိန်တပတ်ပေးမယ်၊ ဒီတပတ်အတွင်း ကိုယ်တို့နှစ်ယောက် လက်ထပ်ဖို့ကို မင်းစဉ်စားဆုံးဖြတ်ပြီး ကိုယ့်ကို အကြောင်းပြန်ပါ၊ ကိုယ်ကတော့ လက်ထပ်ဖို့အတွက် ဘယ်တော့မှ သွေးမစစ်နိုင်ဘူး။'

ထိုစကားတို့ကို ပြောပြီးလျှင် ချိုနှင့်နီးကပ်စွာ ယှဉ်လျက်ထိုင်နေရာမှ ထရပ်လိုက်ပြီး သူမကို ကျနော် ကျောခိုင်းလှည့်ထွက်လိုက်သည်။

'ကို'ဟု တုန်ရီအက်ကွဲစွာ ထွက်ပေါ်လာသော ချစ်သူ၏ခေါ်သံသည်လည်း ကျနော်နောက်ပါးအရပ်ဆီတွင် ကျန်ရစ်ခဲ့စေ။

***

ဘာရယ်လို့တော့မဟုတ်ပါဘူး။ ကျနော်နှင့်ချိုတို့အကြောင်းကို သူငယ်ချင်းဖြစ်သူကျော်မိုးအား ပြန်ပြောပြနေခြင်းပါ။

ခြောက်ကပ်သွားသော အာခေါင်ကို ရေနွေးတခွက်ငှဲ့ကာ ပါးစပ်အတွင်းသို့ လောင်းထည့်လိုက်စဉ် ...

'ချိုက မင်းကို အကြောင်းပြန်ပြီးပြီလား'ဟု ကျော်မိုးကျနော့်ကို မေးလာတယ်။ သူ့ရဲ့အမေးကို ခေါင်းရမ်းခါပြလိုက်ပြီး လှောက်ရည်ဆိုင်အပြင်ဘက်လမ်းမဆီ ကျနော့်အကြည့်တို့ရောက်သွားသည်။

လမ်းမထက်တွင် သွားလာလှုပ်ရှားနေကြသောသူများနှင့် မော်တော်ကားများကို တွေ့နေရသော်လည်း အမြင်အာရုံတို့ဝေဝါးစွာပီပြင်မှုမရှိ။အတွေးတို့လွင့်ဖြာ။

'နေမျိုး ... ဟေ့ကောင်'

ကျော်မိုး၏ခေါ်သံကြောင့် အတွေးတို့ပြိုကွဲလျက် သူ့မျက်နှာဆီ ကျနော့်အကြည့်တို့ပြန်ရောက်သည်။

'ဒီကိစ္စမှာ မင်းနားလည်မှုလွဲနေပြီ ... ချို့တောင်းဆိုမှုကို မင်းလိုက်လျောလိုက်ရင် ကောင်းမယ်'

ဒီကောင့်စကားအဆုံး ကျနော့်မျက်နှာ တင်းမာသွားလျက်

'ဘာကွ၊ ငါက ဘာလို့ လိုက်လျောရမှာလဲ၊ ငါ့အကြောင်းမင်းအသိဆုံးပါ၊ ဒီအသက်အရွယ်အထိ အရက်၊ မူးယစ်ဆေး၊ မိန်းမကိစ္စ ဘာတခုများ ခုံခုံမင်မင် ငါပျော်ပါးခဲ့ဖူးသလဲ၊ အဲဒါတွေ ဘာတခုမှ မလုပ်ခဲ့ပဲနဲ့ ငါ့ခန္ဓာကိုယ်က သွေးတွေဖောက်ပြီး အိပ်ချ်အိုင်ဗွီပိုးတွေရှာရဦးမှာလား ... ဟင် ... ဝေးသေး...၊ နေပါဦး ... ငါ့ကိုသာ ပြောနေတယ် ချို့ကိုကျတော့ရော ...'

ကျနော်ဆက်မပြောဖြစ်။ မှုန်ဝေအုံ့ပြနေတဲ့ မျက်နှာနဲ့ ကျော်မိုးကို ကြည့်နေလိုက်တယ်။

ရေနွေးအိုးကို ကိုင်မငှဲ့ရင်း ကျော်မိုးပါးစပ်မှ စကားတို့ထွက်ကျလာသည်။

'ဒီခေတ်ဒီအချိန်မှာ ချစ်သူသမီးရည်းစားကာလ အပျော်မလွန်ကြဖို့နဲ့ အိမ်ထောင်ပြုကြမယ်ဆိုရင်လည်း နှစ်ယောက်စလုံးသွေးစစ်ပြီး ကျန်းမာရေးအာမခံချက်ရယူထားနိုင်ရင် အကောင်းဆုံးပေါ့။ ငယ်ကပေါင်းတဲ့ မင်းအကြောင်းကို ငါသိသလို ...ချို့အကြောင်းကိုလည်း မင်းအသိဆုံးမို့လား ...'

ဟုတ်တော့လည်းဟုတ်သည်။ ကျနော့်ချစ်သူမိန်းကလေးသည် မြေယာကောင်းတွင် ထွန်ယက်စိုက်ပျိုးခြင်းအတတ်ကို ကောင်းစွာ ကျွမ်းကျင်တတ်သိသော ဥယျာဉ်မှူး၏လက်တွင် ရှင်သန်ပွင့်လန်းခဲ့သော ပန်းလေးတပွင့်။

'အခုတလော ကြက်ငှက်တုပ်ကွေး ရောဂါအကြောင်း နိုင်ငံတကာအသံလွှင့်ဌာနတွေက မင်းကြားနေရတာပဲ၊ အဲဒီအရင်ကလည်း ဆားစ်ရောဂါ၊ အေအိုင်ဒီအက်စ် (AIDS) ရောဂါတွေလည်း ဖြစ်ခဲ့ကြပြီးပြီ။ လူဆိုတာ ခက်သားလား၊ တခြားရောဂါတွေနဲ့ သေသွားရမှာ မကြောက်ကြပေမယ့် အိပ်ချ်အိုင်ဗွီပိုးကြောင့် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပြီး သေမှာတော့ကြောက်ကြတယ်။ ရှက်ကြတယ်။ ဒီရောဂါကို အလွယ်တကူဖြစ်ပွားကူးစက်စေတတ်တဲ့ အရက်၊ မူးယစ်ဆေး၊ လိင်ကိစ္စတွေကို ကင်းကင်းရှင်းရှင်း ရှောင်နိုင်လို့ ကိုယ့်ဆီမှာ မဖြစ်နိုင်ဘူးလို့ ထင်မှတ်မထားသင့်ဘူး။ ငါတို့ဟာ နေ့စဉ် လူလူချင်း ဆက်ဆံပြီး လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ နေနေကြရတာမို့လား။ လူတယောက်မှာ အိပ်ချ်အိုင်ဗွီပိုးရှိတာသိလို့ သူ့ရဲ့ရောဂါပိုးတွေကူးစက်စေတတ်တဲ့ သွေးတို့၊ သူသုံးပြီးသား အပ်၊ ဓါးတို့ကို ငါတို့ရှောင်ဖယ်နိုင်ပေမယ့် တကယ်တမ်း မသိခဲ့ဘူးဆိုရင် အဲဒီလူ ထိခိုက်ဒဏ်ရာရတဲ့အခါ ကူညီမိရင်က သူ့ရဲ့သွေးတွေ ငါတို့ခန္ဓာကိုယ်အရေပြားပေါ်က ပွန်းပဲ့ရှနာတွေကနေပြီး အမှတ်တမဲ့ ကူးစက်နိုင်တယ်။'

ပြောလက်စ စကားတို့ကို ခေတ္တရပ်ပြီး ငှဲ့ထားသော ရေနွေးပန်းကန်ကို ကျော်မိုး ကောက်ယူမော့လိုက်သည်။ ပြီးတော့ နှုတ်ခမ်းအစုံကို လျှာဖြင့်သပ်လိုက်ကာ စကားဆက်ပြန်သည်။

'ကာံ၊ စိတ်၊ ဥတုတဲ့ သူငယ်ချင်း ...၊ အာရောဂျံ၊ ပရမံ၊ လာဘံတဲ့ ဗုဒ္ဓမြတ်စွာက ဟောထားခဲ့တယ်၊ ကျန်းမာခြင်းဟာ လောကမှာ ဘယ်လိုအရာနဲ့မှ မလဲနိုင်တဲ့ ဆုလာဘ်ပဲတဲ့။ အဲဒါ ငါတို့ ရှင်သန်နေသမျှ အလိုအပ်ဆုံးလိုအပ်ချက်ပဲ။ ဒီလို နေထိုင်နိုင်ဖို့လည်း ငါတို့နေ့စဉ်စားသုံးနေသမျှ အစာအာဟာရနဲ့ ရာသီဥတုတွေရယ်၊ အတွေးအကြံ စိတ်ကူးတွေနဲ့ လုပ်ကိုင်နေသမျှရယ်ဟာ ညီညွတ်မျှတ နေရမယ်တဲ့။'

'ဒီကနေ့ ကမ္ဘာကြီးဟာ ဘေးအန္တရာယ်အမျိုးမျိုး၊ ကူးစက်စေတတ်တဲ့ ကပ်ရောဂါအမျိုးမျိုးနဲ့ တို့လူသားတွေကို စိန်ခေါ်နေတယ်၊ အဲဒီတော့ ... တို့ကမ္ဘာကြီးမှာ ပြည့်စုံကျန်းမာတဲ့ လူ့အဖွဲ့အစည်းတရပ် ဖြစ်ထွန်းနေဖို့ လိုလာပြီ။ ဒီအတွက် တို့လူသားတဦးချင်းဆီမှာ ရှင်သန်ချိန်ကနေပြီး သေဆုံးချိန်အထိ ကျန်းမာနေဖို့လိုတယ်။ နောက်ပြီး တို့လူသားတိုင်း ကျန်းမာရေးဗဟုသုတ အတွေ့အကြုံတွေ ရရှိနိုင်ဖို့ကိုလည်း သက်ဆိုင်ရာ တိုင်းနိုင်ငံအစိုးရတွေနဲ့ ကျန်းမာရေးဌာန၊ ကျန်းမာရေးလုပ်သားဝန်ထမ်းတွေမှာ တာဝန်ရှိသလို ငါတို့အနေနဲ့လည်း တိကျစွာလိုက်နာတတ်ကြဖို့ လိုအပ်တယ်။ ဒါမှ ဒီနေ့ကမ္ဘာကြီးရဲ့ စိန်ခေါ်မှုကို တွန်းလှန်နိုင်ပြီး ကျန်းမာစွာ ပြီးပြည့်စုံတဲ့ လူ့အသိုက်အဝန်းကြီးကို တည်ဆောက်နိုင်မယ်။ ဒီတော့ မာယာကြွယ်တဲ့ လောကအလယ် ချိုနဲ့မင်း ဘဝနှစ်ခုပေါင်းစပ်ပြီး အန္တရာယ်အသွယ်သွယ် ရောဂါအမျိုးမျိုးက ကင်းဝေးစွာ ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝတခုကို ရယူနေထိုင်သွားမလား ... ဒါမှမဟုတ်... ချို့ကို မင်း ... စွန့်လွှတ်မလား မင်းဘာလုပ်သင့်သလဲ စဉ်းစားပေါ့'

ကျော်မိုး၏စကားအရှည်ကြီး အဆုံးတွင် နှစ်ယောက်သားငြိမ်သက်သွားကြသည်။

လေတချက်ဝှေ့အတိုက်တွင် ရွက်ခြောက်ကြွေတို့ မျောလွင့်လိုက်ပါသွားကြသလို ကျနော့်ရင်ထဲမှ အတ္တတိမ်တိုက်တို့သည်လည်း ကျော်မိုး၏ စကားတို့တွင် လွင့်ပြယ်ခဲ့ပြီ။

တင်းမှုန်နေသော မျက်နှာသည်လည်း ပြေလျော့လျက်။

ခေါင်းပါးခဲ့သော အသိတရားတို့အတွက် ကျနော်ရှက်မိပြီ။ ကျော်မိုးဆီမှ မျက်နှာလွှဲလိုက်စဉ် လှောက်ရည်ဆိုင်တွင် ချိတ်ဆွဲထားသော နာရီကို နံရံထက်တွင်မြင်သည်။

ညနေလေးနာရီတောင်ခွဲတော့မှာပဲ။

ဒီအချိန်ဆိုလျှင် ဟူသောအတွေးဖြင့် ကျနော် ထရပ်လိုက်မိသည်။

'မင်းသွားတော့မလား'

'အေး'

'ချို့ဆီကိုလား'

ကျနော် ကျော်မိုးကို လှည့်မကြည့်ဘဲ ခေါင်းညိတ်ပြလိုက်သည်။

***

သုတ်ကနဲ သုတ်ကနဲ ဝှေ့ဝဲတိုက်ခတ်လာသော လေတချက်တချက်တွင် စက္ကူပန်းရွက်ခြောက်တို့ ပင်ဝယ်ကိုင်းခက်တို့ဆီမှ စွန့်ခွာကြကုန်သည်။

အဝေးဆီမှ မြူခိုးပြာပြာတွေ မျောလွင့်နေသည့် မိုးကုပ်စက်ဝိုင်းကြီးကို မော့ကြည့်ရင်း သူမကို့ကို လွမ်းနေမိသည်။

အလွမ်းတို့သည် သူမရင်ကို ပူပြင်းလောင်မြိုက်စေ ပြီကော။ ချစ်သူစွန့်ပစ်ခံရလို့ ရင်တွေပွင့်ထွက်လုအောင် ခံစားနေရသော မိန်းမတို့၏သောကတွေ ဖြေသိမ့်ရာကို ကျမသိချင်လိုက်တာ။

'ကိုရယ် ... ချိုတို့ ဒီလိုနဲ့ ဝေးကြရတော့မှာလား ...'

စိတ်ထဲမှ ရေရွတ်မြည်တမ်းလျက် နောက်ကျိရှုပ်ထွေးစွာ သူမကို့ကို လွမ်းနေမိသည်။

***

ချိုတို့ခြံထဲ ခြေချမိစဉ်ကတည်းက ကျနော်တို့ထိုင်နေကျ ပန်းခြံထဲက ခုံတန်းထက်တွင် ခြံဝင်လမ်းလေးကို ကျောခိုင်းပြီး ကောင်းကင်ကြီးကို ငေးနေသော ချို့ကို ပန်းပင်တွေကြားက လှမ်း

စာမျက်နှာ(၁၂)သို့ ▶▶▶

ဆေးသတင်းအတိုအထွာ - ဩဂါတင်ဆက်သည်



အမျိုးသားတားနည်းသစ်

အမျိုးသားတွေအနေနဲ့ သန္ဓေတားဖို့အတွက် သားကြောဖြတ်မယ့်အစား နောက်တနည်းသုံးနိုင်ဖို့ အမေရိကန်မှာ စမ်းသပ်နေပါတယ်။ ဒါကတော့ အမျိုးသားရဲ့ ဝှေးစေ့မှာ အပေါက်လေးတပေါက် ဖောက်ပြီး သုတ်ပြွန်ထဲကို ဆီလီကွန်အဆို့လေးတခု ထည့်ပိတ်လိုက်တာဖြစ်ပါတယ်။ ဒီအဆို့လေးကို သုတ်ပြွန်တွင်း ကရိယာ IVD (Intra Vas Device) လို့ ခေါ်ပါတယ်။ အမျိုးသား (၃၀) ကို စမ်းသပ်ကြည့်ရာမှာ ရာနှုန်းပြည့် ထိရောက်တာတွေ့ရပြီး ပြန်လည်ချေဖျက်လို့လည်း ရတာကို တွေ့ရတယ်။ ဒါပေမဲ့ ဒီကရိယာကို နှစ်ရှည်လများသုံးပြီးနောက် ပြန်ချေဖျက် ရ/မရ သုတေသနလုပ်ဖို့ လိုနေသေးတယ်။

ထုံးတမ်းစဉ်လာသားကြောဖြတ်နည်းကတော့ ဝှေးစေ့တွေနဲ့ ယောကျာ်းလိင်တံ ဆက်သွယ်တဲ့ သုတ်ပြွန်နှစ်ခုကို ဖြတ်တောက်လိုက်တာဖြစ်ပြီး အမျိုးသားတချို့မှာတော့ ပြန်ဆက်လို့ ရပါတယ်။ ဆန်ဖရန်စစ္စကိုမြို့က သုတေသီတဦးကတော့ သုတ်ပြွန်တွေကို အင်မတန်ကျွမ်းကျင်တဲ့ အနုစိတ်ခွဲစိတ်ကုဆေးပညာရှင်နဲ့ ငွေအင်မတန် အကုန်ခံ ပြန်ဆက်တာထက် IVD အဆို့လေးကို ပြန်ဆွဲထုတ်တာက အများကြီး ပိုလွယ်တယ်လို့ပြောပါတယ်။ ဒါပေမယ့်သားကြောပြန်ဆက်ရာမှာ အောင်မြင်ရင်တောင်မှ သန္ဓေအောင်ဖို့ အခွင့်အလမ်းက တနှစ်ကို (၁၀)ရာခိုင်နှုန်း ကျဆင်းသွားတတ်သလိုမျိုး IVD မှာလည်း ဖြစ်/မဖြစ် လေ့လာရပါဦးမယ်။

အခုအချိန်မှာ အမျိုးသားတွေ အဓိကသုံးနိုင်တဲ့ သန္ဓေတားနည်းတွေကတော့ ကွန်ဒွမ်သုံးတာနဲ့ သားကြောဖြတ်တာဆိုတဲ့ နှစ်နည်းဘဲ ရှိပြီး ဟော်မုန်းနဲ့ တားနည်းတွေကို စမ်းသပ်လေ့လာနေဆဲဖြစ်ပါတယ်။ ဟော်မုန်းသုံးတာက အလွယ်တကူ ရပ်စဲချေဖျက်လို့ရပေမယ့် ခန္ဓာကိုယ်တခုလုံးအပေါ် အကျိုးသက်ရောက်မှုရှိလို့ မလိုလားအပ်တဲ့ ဘေးထွက်ဆိုးကျိုးတွေ ရနိုင်ပါတယ်။ ဒါ့အပြင် ယောကျာ်းပီသမှုကိုလည်း ထိခိုက်မှာ စိုးရိမ်ကြတယ်။

IVD နဲ့ပတ်သက်လို့ အဓိကစိုးရိမ်မှုက သုတ်ပြွန်ကိုပိတ်ဆို့ထားတဲ့အတွက် ဝှေးစေ့ထဲမှာ ဖိအားတိုးလာပြီး သုတ်ထုတ်လုပ်တဲ့ တစ်သျှူးတွေ ပျက်စီးသွားမှာကို ဖြစ်ပါတယ်။ တရုတ်ပြည်က သုတေသီတွေကတော့ ဇကာပေါက်လို IVD အဆို့မျိုးကို စမ်းသပ်နေပါတယ်။ ဇကာပေါက်တွေက သုတ်ကောင်အနည်းအကျဉ်းကို ပေးဖြတ်ပေမဲ့ သန္ဓေအောင်လောက်တဲ့ ပမာဏတော့ မဖြစ်စေပါဘူး။ လေ့လာချက်တခုအရ အမျိုးသား(၆၀)ရာခိုင်နှုန်းဟာ မိမိတို့အဖော်မိန်းမသားတွေရဲ့ သန္ဓေတားမှု ဝန်ထုပ်ဝန်ပိုးကို သက်သာစေချင်ကြတာ တွေ့ရပါတယ်။ ■ BBC/October

ဝမ်းတွင်းပါပရဟိတစိတ်

လူသားတွေဟာ ကလေးဘဝ အသက်တနှစ်ခွဲအရွယ်ကတည်းက ပရဟိတစိတ်ရှိနေတယ်ဆိုတာကို သုတေသီတွေ စူးစမ်းတွေ့ရှိထားပါတယ်။ တိရစ္ဆာန်လောကမှာ မရှိသလောက်ရှားတဲ့ ဒီပရဟိတစိတ်အရ လူသားကလေးငယ်တွေဟာ (၁၈)လသားအရွယ်မှာဘဲ လူကြီးမိဘတွေ အကူအညီ လိုနေတဲ့အခြေအနေကို နားလည်ပြီး သူတို့တတ်နိုင်သလောက် လူကြီးတွေကို ကူညီလုပ်ကိုင်ပေးတတ်တာတွေ့ရပါတယ်။ ဥပမာအားဖြင့် ပစ္စည်းတွေ မ,ပေးရွှေ့ပေးတာ၊ တံခါးဖွင့်ပေးတာ၊ ပစ္စည်းတွေ ကောက်ပေးတာမျိုး ဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်အရ ချင်ပင်ဇီမျောက်ဝံတွေမှာလည်း ပရဟိတအမူအကျင့် တစုံတရာ ရှိတာတွေ့ရတဲ့အတွက် ပရဟိတစိတ်ဖြစ်ပေါ်တိုးတက်မှုဟာ လူသားတွေနဲ့ ချင်ပင်ဇီမျောက်ဝံတွေ မဖြစ်ပေါ်ခင် ဘိုးဘိုးဘေးအနွယ်တွေကစပြီး ရှိခဲ့ပုံရတယ်လို့ ကောက်ချက်ချနိုင်စရာ ဖြစ်လာပါတယ်။

ဂျာမဏီနိုင်ငံ လိုက်ပဇစ်မြို့က မက်စ်ပလန့် မနုဿဗေဒတက္ကသိုလ်ရဲ့ လေ့လာမှုတခုမှာ စမ်းသပ်သူလူကြီးတယောက်က အဝတ်လှန်းချိတ်တခု လွတ်ကျစေပြီးနောက် မမီမကမ်းနဲ့ ပြန်ကောက်လို့မရဖြစ်နေတဲ့ အခါ လေးဘက်ထောက်သွားဆဲအရွယ် ကလေးလေးတယောက်က ခပ်သုတ်သုတ်တွားလာပြီး အဝတ်လှန်းချိတ်ကိုကောက်၊ လူကြီးကို လှမ်းပေးလိုက်တာ တွေ့ရတယ်။ ချင်ပင်ဇီနဲ့ အလားတူပုံစံမျိုး စမ်းတော့လည်း တုံ့ပြန်ချက် အတူတူ တွေ့ရတယ်။ ဒါပေမယ့်လူသားကလေးတွေဟာ လူကြီးလက်မအားလို့ တံခါးဖွင့်ပေးတာ၊ ဘီဒိုဖွင့်ပေးတာမျိုးနဲ့ စာအုပ်တွေစီပေးတာမျိုးမှာ ချင်ပင်ဇီထက်သာတာ တွေ့ရတယ်။ ဒါ့အပြင် လူသားကလေးငယ်တွေနဲ့ ယေဘုယျလူသားအားလုံးဟာ တခါမှမသိကျွမ်းဖူးတဲ့ တစိမ်းတရံစာတွေကို အကူညီပေးဖို့ ချင်ပင်ဇီတွေထက် ပိုစိတ်အားထက်သန်ကြတာလည်း တွေ့ရှိရတယ်။

ခြုံပြောရရင် လူသားကလေးငယ်တွေဟာ ပိုပြီး ပရဟိတ လုပ်ကြတယ်။ ချင်ပင်ဇီတွေထက် ပိုလည်းလုပ်နိုင်တယ်။ ဒါဟာ လူသားတွေမှာ ဝမ်းတွင်းပါ ကူညီချင်စိတ် ပိုကြီးလို့သော်လည်း ကောင်း၊ ဘာကူညီရမလဲဆိုတာကို လူသားတွေက ချင်ပင်ဇီတွေထက် ပိုနားလည်လို့သော်လည်း ကောင်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် နအဖရဲတွေရဲ့ 'ကူညီပါရစေ' ဆိုတာကတော့ ချင်ပင်ဇီလောက်ကို အဆင့်မရှိတာ ဘာ့ကြောင့်ပါလိမ့်။ ■

Washington Post/March

ငှက်ဖျားကုနည်းသစ်

ဗြိတိန်နိုင်ငံက ဆေးပညာရှင်တွေနဲ့ ကင်ညာနိုင်ငံက ဆေးပါရဂူတွေ ပူးပေါင်းလေ့လာချက်အရ ငှက်ဖျားရောဂါသည်တွေကို အရည်ဓာတ် အစားဖြည့်သွင်းခြင်းဖြင့် အသက်ကယ်နိုင်မယ်လို့ ဆိုပါတယ်။ ငှက်ဖျားဖြစ်နေတဲ့ ကလေး (၈၈) ယောက်ကို စမ်းသပ်လေ့လာမှုအရ အယ်လ်ဗျူမင်ပါတဲ့ ရေဓာတ်အစားဖြည့်မှုအားဖြင့် ငှက်ဖျားရောဂါသည်ကလေးများမှာ ရေဓာတ်ပြန်ပြည့်ပြီး အသက်ရှင်နိုင်စွမ်း တိုးမြင့်လာတာ တွေ့ရတယ်။

အရင်ကတော့ ငှက်ဖျားဖြစ်နေတဲ့ကလေးတွေကို ရေဓာတ်ဖြည့်မပေးခဲ့ပါဘူး။ အကြောင်းကတော့ ငှက်ဖျားကြောင့် ဦးနှောက်ဖောရောင်နေတာကို ပိုဆိုးစေနိုင်လို့ဖြစ်ပါတယ်။ ဒါပေမဲ့ အခုနည်းသစ်မှာတော့ ရေဓာတ်ကို သွေးကြောအတွင်းမှာသာ ထိန်းထားနိုင်အောင်အယ်လ်ဗျူမင် Albumin ကိုပါ ထဲ့သွင်းပေးပါတယ်။

အယ်လ်ဗျူမင်ပါပုလင်းကြီးချိတ်တဲ့ကလေးတွေမှာ (၅)ရာခိုင်နှုန်းပဲအဖိတ်အစင်ရှိပြီး သမရိုးကျကုသနည်းခံယူတဲ့ ကလေးတွေကတော့ (၄၀)ရာခိုင်နှုန်း သေဆုံးခဲ့ကြပါတယ်။

သုတေသီ ဒေါက်တာကက်သရင်းက "အခြေအနေဆိုးတဲ့ ပြင်းထန်ငှက်ဖျားရောဂါသည်ကလေးတွေကိုအယ်လ်ဗျူမင်ပုလင်းချိတ်ပေးတာဟာအဖိတ်အစင်နှုန်းကို (၈၀)ရာခိုင်နှုန်းကျော် လျှော့ကျစေနိုင်တယ်။

ဒါဟာ ရေမှတ်တွေ့ရှိချက်ကြီးပါပဲ။ ဒါပေမယ့် လက်ရှိကုသနည်းစနစ်ကို အပြောင်းအလဲမလုပ်ခင် ပိုကျယ်ပြန့်တဲ့ လေ့လာစမ်းသပ်မှုတွေ လုပ်ဖို့ အင်မတန်အရေးကြီးတယ်ပေါ့နော်" လို့ပြောတယ်။ ■ BBC/September

ကျန်းမာရေးလုပ်သား အမှားတတောင်



အမေရိကန်ဆေးသိပ္ပံဌာနရဲ့ အစီရင်ခံစာမှာတွေ့ရှိချက်အရ တနှစ်ကို အနည်းဆုံး အမေရိကန်တသန်းခုနှစ်သိန်းလောက်ဟာ ဆေးညွှန်းမှားလို့၊ဆေးဝါးမှားလို့၊ ဆေးသုံးမှားလို့ သေဆုံးရ၊ ထိခိုက်ချို့ယွင်းရတယ်လို့ ဖော်ပြထားပါတယ်။ အထူးသဖြင့် ဆေးရုံတွေမှာ ဆေးပေးမှားတာတွေ တအားဖြစ်နေတယ်လို့ လေ့လာတွေ့ရှိရတယ်။

အဖြစ်အများဆုံး အမှားတွေကတော့ ဆရာဝန်တွေက လူနာစားနေတဲ့ တခြားဆေးဝါးတွေအကြောင်း မမေးမစမ်းဘဲ နောက်ထပ်ဆေးညွှန်းပေးမိလို့ ဆေးအချင်းချင်း အသက်အန္တရာယ်ထိခိုက်လောက်အောင် အပြန်အလှန်သက်ရောက်မှု ဖြစ်သွားတာ၊ သူနာပြု ဆရာမတွေက အကြောဆေးသွင်းရာမှာ ဆေးမှားတာ သို့မဟုတ် ဆေးအချိန်အဆမှားတာ၊ ဆေးဆိုင်ရောင်းသမားတွေက ၅၀ မီလီဂရမ်ဆေးလုံးပေးရမယ့်အစား ၁၀၀ မီလီဂရမ်ဆေးလုံး ပေးမှားတာမျိုး တို့ဖြစ်ပါတယ်။ အထူးသဖြင့် ဆေးဝါးတွေများများစားစားသုံးရတဲ့ ကလေးလူနာတွေ၊ စိတ်ရောဂါသည် လူနာတွေနဲ့ နာတာရှည် ရောဂါသည်တွေမှာ ဆေးဖက်အမှားတွေ အဖြစ်များပါတယ်။

ဒီဆေးဘက်ဆိုင်ရာ အမှားတွေဟာ အန္တရာယ်လည်းကြီး၊ အပျံ့အနှံ့လည်းဖြစ်နေပြီး (ပြန်လည်ကုသရတဲ့အတွက်) ငွေကုန်ကြေးကျလည်း များလှပါတယ်။ အမေရိကန်နိုင်ငံမှာ ဆေးရုံတွေက ဆေးပေးမှားလို့ ဖြစ်တဲ့ဒဏ်ချက်တွေ ကုသရတဲ့ ကုန်ကျစရိတ်ဟာ တနှစ်တနှစ်ကို အနည်းဆုံး ဒေါ်လာ သန်း ၃၅၀၀ ရှိမယ်လို့ ခန့်မှန်းထားတယ်။

ဒီအမှားတွေမဖြစ်နိုင်အောင် ဆရာဝန်တွေဟာ ကွန်ပျူတာသုံးပြီး ဆေးညွှန်းပေး ဆေးစာရေးဖို့၊ ဆေးဝါးတွေမှာ ဘားကုဒ်စနစ် တပြေးညီသတ်မှတ်ထားပြီး ဆေးမှားအောင် ပြန်စစ်ဆေးနိုင်ဖို့၊ လူနာတွေကလည်း ကိုယ်စားတဲ့ ဆေးအန္တရာယ်ကို သိအောင် အားထုတ်ဖို့လိုတယ်လို့ အစီရင်ခံစာက အကြံပြုထားပါတယ်။ လက်ရှိ ဆေးကုမ္ပဏီတွေ သုံးနေတဲ့ ဘားကုဒ်စနစ်က ခြောက်မျိုးရှိနေလို့ ဆေးရုံတွေအတွက် အလုပ်မဖြစ်ဖူးလို့ ဆိုပါတယ်။ ဆေးကုမ္ပဏီတွေအနေနဲ့ မိမိ ဆေးဝါးနဲ့ ပတ်သက်ပြီး စားသုံးသူတွေကို ပိုအသိပညာပေးနိုင်အောင် လုပ်ဖို့လိုသလို ဆေးထုပ်ပိုးရာမှာလည်း မမှားနိုင်အောင် တတ်နိုင်သမျှ လုပ်ဖို့၊ အထူးသဖြင့် ဆေးကဒ်စနစ်သုံးဖို့လိုတယ်လို့ အစီရင်ခံစာက အကြံပြုထားတယ်။ သက္ကရာဇ် ၂၀၁၀ ခုနှစ်နောက်ဆုံးထားပြီး ဆရာဝန်တွေဟာ ထုံးတမ်းစဉ်လာ ဆရာဝန်လက်ရေးနဲ့ ဆေးစာရေးတဲ့ စာရွက်ပိုင်းတွေကို စွန့်လွှတ်၊ ကွန်ပျူတာနဲ့ ဆေးစာရေး၊ ဆေးပေးတဲ့စနစ်ကိုပြောင်းဖို့ စီမံရမယ်လို့လည်း အစီရင်ခံစာက အဆိုပြုထားပါတယ်။ ကွန်ပျူတာသုံး ဆေးစာရေးစနစ်က ဆရာဝန်တွေရဲ့ ဖတ်မရတဲ့လက်ရေးကို မနည်းအဓိပ္ပါယ်ဖော်ရတဲ့ ဒုက္ခကနေ ကင်းဝေးသွားနိုင်ပေမဲ့ ကွန်ပျူတာနဲ့ စာရိုက်မှား စာလုံးပေါင်းမှားတာတော့ ကြုံနိုင်ပါသေးတယ်။

မြန်မာပြည်မှာတော့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ဆေးဆိုင်တွေ ဘယ်လောက်မှားနေနေ ဘာမှမဖြစ်ပါဘူး။ ဘာလို့လဲ ဆိုတော့ နိုင်ငံ့ကိုယ်က မှားယွင်းမှုကြီး ဖြစ်နေလို့ပါပဲ။ ■ Washington Post/July

အမျိုးသမီးတို့အတွက် ကင်ဆာကာကွယ်ဆေးလာပြီ

အမျိုးသမီးသားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို ၂၀၀၆ ဇွန်နဲ့ဇူလိုင်လထဲမှာ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ၊ ကနေဒါ၊ နယူးဇီလန်တို့က တရားဝင် သုံးစွဲခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။ ဂါဒါစင်းလ် Gardasil ဆိုတဲ့ နာမည်နဲ့ မာ့က်ကုမ္ပဏီက ထုတ်လုပ်ရောင်းချတဲ့ ဒီကာကွယ်ဆေးဟာ သားအိမ်ခေါင်းကင်ဆာအားလုံးရဲ့ (၇၀)ရာခိုင်နှုန်းကို ဖြစ်စေတဲ့ ဗိုင်းရပ်စ်ပိုး (၄)မျိုးကို ကာကွယ်နိုင်မှာ ဖြစ်တဲ့အပြင် ယောနိကင်ဆာ၊ ယောနိဝကင်ဆာနဲ့ ယောနိကြွက်နို့တို့ကိုပါ ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ဒီဗိုင်းရပ်စ်ပိုးဟာ လိင်ဆက်ဆံမှုကတဆင့် ကူးစက်နိုင်တဲ့ပိုး ဖြစ်ပါတယ်။

လောလောဆယ်မှာတော့ အသက်(၉)နှစ်က (၂၆)ကြားအမျိုးသမီးတွေအတွက်ပဲ ခွင့်ပြုထားပြီး အသက်(၂၆)နှစ် ထက်ကြီးတဲ့ အမျိုးသမီးတွေရဲ့ သားအိမ်ခေါင်းကင်ဆာနဲ့ အမျိုးသားတို့မှာ ခုနပြောတဲ့ဗိုင်းရပ်ပိုးကြောင့် ဖြစ်တတ်တဲ့ စအိုကင်ဆာ၊ လိင်တံကင်ဆာတို့ ကာကွယ်ဖို့ကိုတော့ ဆက်လက်သုတေသနလုပ်နေဆဲဖြစ်ပါတယ်။ လိင်ဆက်ဆံမှု အတွေ့အကြုံမရှိသေးတဲ့ မိန်းခလေးတွေမှာ ဒီကာကွယ်ဆေးက ပိုထိရောက်ပြီး ရောဂါပိုးကူးစက်ပြီးသား လူတွေကိုတော့ ဘာမှအကာကွယ်မပေးနိုင်ပါဘူး။

ကာကွယ်နိုင်စွမ်းအားအပြည့်ရဖို့ဆိုရင် ဒီကာကွယ်ဆေးကို ခြောက်လတာကာလအတွင်း သုံးလုံးထိုးရမှာဖြစ်ပါတယ်။ တကမ္ဘာလုံးမှာ တနှစ်ကို သားအိမ်ခေါင်းကင်ဆာကြောင့် သေဆုံးသူ အမျိုးသမီး နှစ်သိန်းခွဲရှိပြီး အမျိုးသမီးလူနာသစ်ငါးသိန်း သားအိမ်ခေါင်း ကင်ဆာဖြစ်နေပါတယ်။ ■

BBC/Washington Post /July

ကိုယ်ဝန်ဆိပ်တက်မျှော်လင့်ချက်

အမေရိကန် ကျန်းမာရေး သုတေသနဌာနတခုက ကိုယ်ဝန်ဆိပ်တက် Eclampsia ရောဂါရှင် အမျိုးသမီးတွေရဲ့ သွေးထဲမှာ ပရိုတင်းနှစ်မျိုး ထူးထူးခြားခြား များပြားနေတာကို တွေ့ရှိခဲ့တယ်။ ကိုယ်ဝန်ဆိပ်မတက်ခင် သုံးလလောက်ကတည်းက သွေးထဲမှာ ပရိုတင်းတွေ တွေ့နေရတယ် လို့ဆိုပါတယ်။

ဒီတွေ့ရှိချက်အရ မိခင်လောင်းတွေ ကိုယ်ဝန်ဆိပ် တက်နိုင်ခြေ ရှိမရှိ ကြိုတင်ခန့်မှန်းနိုင်မှာဖြစ်ပြီး မဖိတ်မစဉ်ရအောင် ကာကွယ် ကုသနိုင်စရာ ရှိပါတယ်။

ကိုယ်ဝန်ဆိပ်တက်ခြင်းဟာ အချင်းရဲ့ ချွတ်ယွင်းချက်တခုကြောင့်ဖြစ်ပြီး ကိုယ်ဝန်ဆောင် အမျိုးသမီး (၁၀)ရာခိုင်နှုန်းမှာ ဖြစ်တတ်ပါတယ်။ ဒီရောဂါဟာ ကိုယ်ဝန်ဆောင်မိခင်လောင်းကို အလွန်အကျွံ သွေးတိုးစေ၊ ကျောက်ကပ်ကိုလည်း ထိခိုက်ပျက်စီးစေပါတယ်။ မိခင်လောင်းအားလုံးရဲ့ (၂)ရာခိုင်နှုန်းအထိ အသက်ဆုံးတတ်တဲ့ ဒီရောဂါအတွက် ဆေးမရှိသေးပါ။ ■

BBC/September

မိုဘိုင်းလ်ဖုန်းသုံးတဲ့ အမျိုးသားများသတိထား

အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ်က ဆရာဝန်တွေ အိန္ဒိယနိုင်ငံမှာ လေ့လာချက်တခုအရ မိုဘိုင်းဖုန်းကို အသုံးများတဲ့ အမျိုးသားများမှာ သုတ်ကောင်အရေအတွက် ကျဆင်းသွားပြီး သုတ်ကောင်ရဲ့ လှုပ်ရှားနိုင်စွမ်း စတဲ့အရည် အသွေးပိုင်းလည်း နိမ့်ကျသွားတယ်လို့ သိရတယ်။ ဒါကြောင့် သားသမီးထွန်းကားနိုင်စွမ်း ထိခိုက်နိုင်ပါတယ်။

လေ့လာမှုမှာ တရက်ကို လေးနာရီကျော်အောင်ဖုန်းပြောတဲ့ ယောကျ်ားတွေမှာ သုတ်ကောင်အရေအတွက် အနည်းဆုံးနဲ့ အချိုနဲ့ဆုံး တွေ့ရတယ်။ ၁ မီလီလီတာမှာ သုတ်ကောင် သန်း ၅၀ ပဲ တွေ့ရတယ်။ ဖုန်းလုံးဝမသုံးသူတွေမှာတော့ သန်စွမ်းတဲ့ သုတ်ကောင် ၈၆ သန်းတွေ့ရပါတယ်။

ဒါပေမယ့် ဗြိတိန်နိုင်ငံက ပါရဂူတယောက်ကတော့ ဒါဟာ မိုဘိုင်းလ်ဖုန်းကြောင့်မဟုတ်ဘဲ အထိုင်များလို့ဖြစ်နိုင်တယ်လို့ ဆိုတယ်။ ဖုန်းက ဦးခေါင်းနဲ့ ကပ်ပြောတာဖြစ်ပြီး ဝှေးစေ့နဲ့ ကပ်ပြောတာမဟုတ်လို့ ဖုန်းကြောင့် ထိခိုက်တာ မဖြစ်နိုင်ဘူးလို့ဆိုပါတယ်။ ဖုန်းအကြာကြီးပြောတယ်ဆိုကတည်းက လှုပ်ရှားမှုနည်းတာ ပေါ်လွင်နေပြီးဖြစ်တယ်၊ လှုပ်ရှားမှုနည်းခြင်းရဲ့ အကျိုးဆက်အဖြစ် အခုလို သုတ်ကောင်ပြဿနာတက်လာတာ ဖြစ်နိုင်တယ် လို့ဆိုပါတယ်။ ■

BBC/October

ပုရိသတို့အတွက်စွမ်းအားမြှင့်ဆေးလာဦးမည်

အမျိုးသားစွမ်းအားမြှင့်ဆေးဗိုင်ယာဂရာကြောင့် ပုရိသယောကျ်ားတို့လောကမှာ တော်လှန်ရေးဖြစ်ခဲ့ပြီးနောက် အလားတူစားဆေးတွေ တမျိုးပြီးတမျိုး ပေါ်လာပါတယ်။ ဒါပေမဲ့ ဒီဆေးတွေဟာ ဆရာဝန်ဆေးညွှန်းနဲ့မှ ဝယ်နိုင်သုံးနိုင်တာဖြစ်ပြီး မျက်စိကွယ်တာလိုမျိုး ဘေးထွက်ဆိုးကျိုးတွေလည်း ရှိပါတယ်။

အခုတော့ ဆရာဝန်လက်မှတ်မလိုဘဲ သုံးလို့ရနိုင်တဲ့ လိမ်းဆေးတမျိုးကို ဂလက်ဆို ကုမ္ပဏီကြီးက စမ်းသပ်နေပါတယ်။ ဒီဆေးဟာ ယခင်က နှလုံးစူးအောင့်ရောဂါ Angina ကုသရာမှာသုံးတဲ့ ဂလစ်ဆရိုင်းထရိုင်နိုက်ထရိတ် GTN ကို အခြေခံတီထွင်ထားတာဖြစ်ပါတယ်။ အဲဒါဟာ သွေးကြောကိုချဲ့ပေးပြီး သွေးစီးဆင်းမှုကို တိုးများစေတဲ့ ဓာတ်ဖြစ်ပါတယ်။ GTN ကို နှလုံးရောဂါအတွက် နှစ်ပေါင်း (၄၀)ကျော် သုံးစွဲခဲ့တဲ့ အတွေ့အကြုံအရ ဘေးထွက်ဆိုးကျိုး အန္တရာယ်နည်းတာ ခိုင်ခိုင်မာမာသိထားတာကြောင့် လိမ်းဆေးကို ဆရာဝန်အညွှန်းမလိုဘဲ သုံးနိုင်မယ်လို့ ဆေးကုမ္ပဏီက ပြောပါတယ်။

ပန်းသေပန်းညှိုးရောဂါဟာ အနည်းဆုံးအမျိုးသား (၁၀)ရာခိုင်နှုန်းကနေ (၃၀)ရာခိုင်နှုန်း အထိကို ဖိစီးနေပါတယ်။ လက်ရှိအချိန်မှာ ဒီရောဂါအတွက် တရားဝင်စားဆေးလေးမျိုး၊ ထိုးဆေးတမျိုးရှိပြီး အားလုံး ဆရာဝန်ညွှန်ကြားချက်အရ သုံးရတာ ဖြစ်ပါတယ်။

စားဆေးတွေကတော့ Cialis, Levitra, Uprima, Viagra တို့ဖြစ်ပြီး ထိုးဆေးကတော့ Caverject ဖြစ်ပါတယ်။ မြန်မာပြည်မှာတော့ ဈေးအင်မတန်ကြီးတဲ့ ဒီဆေးတွေကို နအဖစစ်တပ် ထိပ်ပိုင်းက အရာရှိကြီးတွေ အများဆုံးသုံးစွဲကြတယ်လို့ မြန်မာပြည်ဆေးဆိုင်အသိုင်းအဝိုင်းကပြောပါတယ်။ ■

BBC/July

လုံးဝနီးပါးကုမရတဲ့တီဘီ

အလွန်အမင်း ဆေးဝါးခံ နိုင်ရည်ရှိတီဘီရောဂါ Extreme drug resistant TB (XDR TB) အသွင်တမျိုးကို အမေရိကန်၊ အရှေ့ ဥရောပနဲ့ အာဖရိကတို့မှာ တွေ့နေရတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် WHO ကထုတ်ဖော် ပြောဆိုလိုက်ပါတယ်။ ဒါဟာ ဆေးကုသနည်းတွေကို စနစ်တကျ အကောင်အထည်မဖော်လို့ ဖြစ်တယ်လို့လည်း WHO တာဝန်ခံက အပြစ်ဆိုလိုက်ပါတယ်။

လောလောဆယ်မှာကိုပဲ တီဘီရောဂါကြောင့် တကမ္ဘာလုံးမှာ တနှစ်ကို လူ ၁.၇ သန်း သေဆုံးနေပါတယ်။ အရင်ရှိခဲ့တဲ့ ဆေးပေါင်းစုံခံနိုင်ရည်ရှိတီဘီ MDR TB ဆိုတာ ပင်မတီဘီဆေးအနည်းဆုံးနှစ်မျိုးကို ခံနိုင်ရည်ရှိတဲ့ တီဘီအမျိုးအစားဖြစ်ပြီး ဆိုဗီယက်ပြည်ထောင်စုဟောင်း၊ တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေမှာ အဓိကဖြစ်ပွားနေပါတယ်။ ဒီရောဂါကို ဘေးထွက်ဆိုးကျိုးပိုရှိတဲ့၊ ဈေးပိုကြီးပြီး အချိန်ပိုကြာတဲ့ ဒုတိယတန်းစားတီဘီဆေးတွေနဲ့ ကုရပါတယ်။ အခုပေါ်လာတဲ့ XDR TB ကတော့ ပင်မတီဘီဆေးတွေ First-line drugs ကို ခံနိုင်ရည်ရှိရုံတင်မက ဒုတိယတန်းစား တီဘီဆေးခြောက်မျိုးမှာ အနည်းဆုံး သုံးမျိုးကိုပါ ခံနိုင်ရည်ရှိနေတဲ့ တီဘီရောဂါဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီတီဘီအမျိုးအစားဟာ လုံးဝ ကုမရနိုင်သလောက် ဖြစ်နေပါတယ်။

အမေရိကန်နိုင်ငံက ရောဂါထိန်းချုပ်ရေးဗဟိုဌာနနဲ့ WHO တို့ ၂၀၀၄ခု နိုဝင်ဘာကနေ ၂၀၀၅ ခု နိုဝင်ဘာအကြား လေ့လာ စစ်တမ်းကောက်မှုအရ တီဘီ ရောဂါသည် (၂၀)ရာခိုင်နှုန်းဟာ MDR TB ဖြစ်ပြီး (၂)ရာခိုင်နှုန်းဟာ XDR TB ဖြစ်နေတာ တွေ့ရတယ်။ တခြားနိုင်ငံအများအပြားကို လေ့လာရာမှာ ဒီနှုန်းထက်ပိုများတာ တွေ့ရပါတယ်။ အမေရိကန်မှာ MDR TB လို့သတ်မှတ်ထားတဲ့ တီဘီရောဂါ (၄)ရာခိုင်နှုန်းဟာ XDR TB ဖြစ်နေပြီး တောင်ကိုးရီးယားမှာ MDR TB တွေရဲ့ (၁၅)ရာခိုင်နှုန်း၊ ဆိုဗီယက်ပြည်ထောင်စုဟောင်းမှာ (၁၉)ရာခိုင်နှုန်း XDR TB ဖြစ်နေတာတွေ့ရပါတယ်။ တောင်အာဖရိကမှာ XDR TB ဖြစ်နေတဲ့ လူနာ (၅၃)ယောက်မှာ (၅၂)ယောက်ဟာ (၂၅)ရက်အတွင်း သေသွားခဲ့တယ်။ XDR TB ဟာ ဘယ်လောက်ကူးစက်နိုင်တယ် ဆိုတာကိုတော့ မသိရသေးပါဘူး။

ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကိုယ်ခံစွမ်းအားကျရောဂါ HIV ကလည်း လွှမ်းမိုးနေတဲ့အတွက် အခုလို အလွန်အမင်း ဆေးဝါးခံနိုင်ရည်ရှိ တီဘီရောဂါ ပေါ်လာတာ အင်မတန် စိုးရိမ်စရာကောင်းတယ်လို့ WHO က ဒေါက်တာနန်းက ပြောပါတယ်။ တီဘီတိုက်ဖျက်ရေး အင်ဂျီအိုအဖွဲ့တဖွဲ့က မစ္စတာဆမ်းမားဖဲလ်ဒ်က “XDR TB ဟာ အင်မတန့်ကို ကြောက်စရာပါပဲ။ ဘာလက်နက်၊ ဘာကိရိယာနဲ့မှ မနှိမ်နင်းနိုင်တဲ့ ဒီ ဘက်တီးရီးယားပိုးကို ကျနော်တို့ ရင်ဆိုင်ကြရပါတော့မယ်။ ဆိုလိုတာကတော့ ဒီရောဂါဖြစ်ဖို့ ရေခံမြေခံများတဲ့ဒေသတွေက ပြည်သူလူထုတွေအဖို့ သေမိန့်ကျသလိုပါပဲ” လို့ပြောသွားတယ်။ ■

BBC/September

ဆြာဂါ

အေအိုင်ဒီအက်စ်၊ ကင်ဆာရောဂါများနှင့် ရေရှည်စစ်ခင်းပြီးနောက် ဂျက်ဖ်ဂက်တီ ကွယ်လွန်

ဂျက်ဖ်ဂက်တီသည် အေအိုင်ဒီအက်စ်နှင့် ကင်ဆာရောဂါများကို ရေရှည် ခံစားရပြီးနောက် အသက် (၄၀)အရွယ်တွင် နှလုံးရပ်ပြီးကွယ်လွန်ခဲ့သည်။ဂက်တီသည် လွန်ခဲ့သည့်(၉)နှစ်က အေအိုင်ဒီအက်စ်ရောဂါကို ကုသရန်အတွက် ဘာဘွန်း (ခွေးမျက်နှာနှင့်ဆင်သော အာဖရိကမျောက်) တကောင်ထံမှ ရိုးတွင်းချဥ်ဆီ အစားထိုးကုသမှုကို ခံယူခဲ့သည်။ အဆိုပါ အစားထိုးကုသမှုကို အေအာဗွီဆေးပေါင်းများ ကုသမှုနယ်ပယ်သို့ ရောက်မလာမီ အချိန်က လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

ဂက်တီသည်ဘာဘွန်းမျောက်ထံမှ ရိုးတွင်းချဥ်ဆီဆဲလ်များ အစားထိုးမှုခံယူခဲ့သည့် ပထမဆုံး လူသားဖြစ်သည်။ဘာဘွန်းမျောက်၏သဘာဝကိုယ်ခံအားကို အသုံးပြုခြင်းဖြင့် သူ၏ခုခံအားစနစ်က အေအိုင်ဒီအက်စ်ရောဂါကို တွန်းလှန်နိုင်လိမ့်မည်ဟူသည့် မျှော်လင့်ချက်ဖြင့်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ လုပ်ထုံးလုပ်နည်းသည် ကံမကောင်းအကြောင်းမလှစွာဖြင့် ရေရှည်အောင်မြင်မှု မရခဲ့ပေ။ ထိုသို့ အစားထိုးကုသမှု လုပ်ဆောင်ခဲ့သော်လည်း မျိုးစိတ်မတူသည့် သက်ရှိချင်း အစားထိုးကုသမှုဆိုင်ရာ ကျင့်ဝတ်များနှင့် ပတ်သက်၍ အငြင်းအထန်အငြင်းအခုံဖြစ်ပွားခဲ့သည်။

အစားထိုးကုသမှု ခံယူပြီးနောက် ဂက်တီ၏ ကျန်းမာရေးသည် သိသိသာသာ တိုးတက်ကောင်းမွန်ခဲ့သည်။ သူသည် အေအိုင်ဒီအက်စ်ရောဂါအတွက် ထိရောက်သည့် ဆေးတိုက်ကျွေးမှု စနစ် (HAART) ပေါ်ပေါက်ရေးအတွက် တက်တက်ကြွကြွပါဝင်လှုပ်ရှားခဲ့သည်။ HAART ဆေးတိုက်ကျွေးမှုစနစ်သည် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်နှင့် နေထိုင်သူ သန်းပေါင်းများစွာ၏ အသက်ရှင်မှု မျှော်လင့်ချက်ကိုမြင့်တက်စေခဲ့သည်။

ဂက်တီသည် အေအိုင်ဒီအက်စ်ရောဂါကုသမှုဆိုင်ရာ ရှာဖွေလုပ်ဆောင်မှုများအတွက် ထင်ရှားသည့် လှုပ်ရှားဆောင်ရွက်သူတဦးဖြစ်သည်။ သူသည်တခါက လိုအပ်သည့်လူနာများအတွက် ကိုယ်တွင်းအင်္ဂါ အစားထိုး ကုမှု လုပ်ဆောင်ပေးဖို့ တောင်းဆိုသည့် အနေနှင့် ဆေးရုံတရုံ၏ ဥယျာဥ်ထဲသို့ အခေါင်းတလုံးကို လွှင့်ပစ်ခဲ့ဖူးသည်။

ရိုးတွင်းချဥ်ဆီအစားထိုးကုသမှုကိုစမ်းသပ် စာမျက်နှာ(၁၂)သို့ ...▸

ထိုင်းကျန်းမာရေးဝန်ကြီးဌာနက ရေနစ်သေဆုံးမှုများအတွက် အရက်ကိုအပြစ်ဖို့

ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက တနင်္လာနေ့တွင်ထုတ်ပြန်ခဲ့သည့် တွေ့ရှိချက်များနှင့်စပ်လျဥ်း၍ လွန်ခဲ့သည့်လက ထိုင်းနိုင်ငံအလယ်ပိုင်းနှင့်မြောက်ပိုင်းတို့တွင် လူ(၁၂၀)ခန့်ရေနစ်သေဆုံးမှု၏ ၂၇ ရာခိုင်နှုန်း အတွက် အရက်သေစာ သောက်သုံးခြင်းအပေါ်အပြစ်ဖို့ပြောကြားခဲ့သည်။

ပြည်သူ့ကျန်းမာရေး ရာသက်ပန် အတွင်းရေးမှူး ပရတ်ဘွန် ရာဝေါင်ဇက်က ရေကြီးသည့် (၈)ခရိုင်တွင် လူ(၁၂၀) သေဆုံးခဲ့မှုနှင့်ပတ်သက်၍ မကြာသေးမီက စစ်တမ်းတခု ကောက်ယူခဲ့ရာ (၃၂)ဦးသည် အရက်မူးခြင်းကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိခဲ့ရကြောင်းပြောကြားခဲ့သည်ဟုနေးရှင်းသတင်းစာကရေးသားဖော်ပြခဲ့သည်။

ရေဘေးသင့်ပြီး သေဆုံးသည့် ယောကျ်ားဦးရေသည် မိန်းမ ဦးရေထက် (၆)ဆ ပိုများသည်ဟု သိရသည်။ ထိုင်းနိုင်ငံ အလယ်ပိုင်းနှင့်မြောက်ပိုင်းခရိုင်များသည် လွန်ခဲ့သည့်လက ချောင်ဖရာမြစ် ရေကြီးမှုကြောင့် ရေလွှမ်းမိုးမှုဒဏ်ကို အကြီးအကျယ် ခံခဲ့ရသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်နှစ်ပေါင်း(၆၀) အတွင်း မြစ်ရေကြီးမှုအမြင့်ဆုံးသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်ဟုသိရသည်။ ■ Asia-Pacific News / 5.11.06

နိုက်တင်ဂေးလ်ကာတွန်း

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို သူမ၏ကိုယ်ရေးဆရာဝန် တွေ့ခွင့်မရ

ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ရေးဆရာဝန်က သူ့အနေနှင့် အထိန်းသိမ်းခံ မြန်မာအတိုက်ခံခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့် မရသည်မှာ (၂)လကျော် ကြာမြင့်ပြီဖြစ်ကြောင်းပြောကြားခဲ့သည်။ ထိုသို့တွေ့ခွင့်မရခြင်းသည် နိုင်ငံရေးဆိုင်ရာလှုပ်ရှားမှုများ ကြီးထွားနေခြင်းကြောင့်ဖြစ်ကြောင်း နအဖပိုင် သတင်းစာ၏ ဖော်ပြချက်အရ သိရသည်။



မြန်မာ့အလင်းသတင်းစာတွင် ပါရှိသည့်သတင်းထုတ်ပြန်ချက်၌ ရဲဌာနမှ စိုးရိမ်မှုမရှိစေရန် အာမခံကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်နေကောင်းကြောင်း၊ သူမ၏ဆရာဝန်သည်တလတွင် အနည်းဆုံး တကြိမ်ခန့် အတားအဆီးမဲ့ တွေ့ဆုံခွင့်ရကြောင်း ရေးသားဖော်ပြခဲ့သည်။ သတင်းစာပါဖော်ပြချက်အရ ဒေါက်တာတင်မျိုးဝင်းကစက်တင်ဘာလအတွင်းဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထူထောင်သည့် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် ကျောင်းသားခေါင်းဆောင် (၅)ဦးကို ဖမ်းဆီးထိန်းသိမ်းခြင်းအပါအဝင်မကြာသေးမီက ဖြစ်ပွားခဲ့သည့် နိုင်ငံရေးအခြေအနေများကြောင့် စက်တင်ဘာလနှင့် အောက်တိုဘာလတွင် ဒေါ်အောင်ဆန်းစုကြည်ကိုတွေ့ခွင့်မရခဲ့ကြောင်းအာဏာပိုင်များထံ စာရေးအကြောင်းကြားခဲ့သည်ဟု သိရသည်။

ဆရာဝန်အနေနှင့် နောက်ဆုံးအကြိမ်တွေ့ခွင့်ရခဲ့သည်မှာ ဩဂုတ်လ(၂၄)ရက်နေ့ကဖြစ်သည်။ ဆရာဝန်အား သူမနှင့် နှစ်လကျော်ကြာတွေ့ခွင့်မပြုခဲ့ဆိုသည့် ကောလာဟလများနှင့်ပတ်သက်၍ လွန်ခဲ့သည့်အပတ်တွင် သတင်းထောက်များနှင့် တွေ့ဆုံရာ၌ ရဲချုပ်ခင်ရီကဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေး အခြေအနေအပေါ် စိုးရိမ်ပူပန်မှု မရှိကြရန် အာမခံချက်ပေးခဲ့ကြောင်း သိရသည်။ ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အမြဲတစေထွက်ပေါ်နေသည့် ကောလာဟလများအပေါ် စိုးရိမ်ပူပန်မှု ရှိကြောင်းဖော်ပြခဲ့သည်။

ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်သည် ရန်ကုန်မြို့အင်းလျားကန်ဘေးရှိ သူမ၏ ခြံအတွင်း၌ တယောက်တည်းနီးပါး အကျယ်ချုပ် ကျခံနေခဲ့ရပြီး ပြင်ပမှ ဧည့်သည်များနှင့် တယ်လီဖုန်း အဆက်အသွယ်များကို နအဖစစ်အစိုးရက များသောအားဖြင့် ခွင့်မပြုခဲ့ပေ။ ဒေါက်တာတင်မျိုးဝင်းသည် အပြင်ကမ္ဘာမှ သူမနှင့် ဆက်သွယ်ခွင့်ရသူများအနက် တဦးဖြစ်သည်။ သတင်းစာပါဖော်ပြချက်အရ ဒေါက်တာတင်မျိုးဝင်းသည် သူ၏ အလည်အပတ် ခရီးအတွင်း အိမ်ကိုပြုပြင်ထိန်းသိမ်းခြင်းကဲ့သို့ ကိစ္စမျိုးတွေကိုလည်း စီစဥ်ဆောင်ရွက်ပေးသည်ဟုသိရသည်။

မြန်မာပြည်၌ စစ်အာဏာရှင်အုပ်စုသည် ၁၉၈၈ခုနှစ်တွင် ဒီမိုကရေစီတောင်းဆို ဆန္ဒပြသည့်ပြည်သူလူထုကို ရက်ရက်စက်စက် သတ်ဖြတ်နှိမ်နင်းပြီး နိုင်ငံ၏အာဏာကို သိမ်းယူခဲ့သည်။ ၁၉၉၀ပြည့်နှစ်တွင် စစ်အစိုးရကိုယ်တိုင် အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်၏ ပါတီက ရွေးကောက်ပွဲတွင်အပြတ်အသတ်အနိုင်ရရှိပြီးနောက် အာဏာလွှဲပေးရန်ငြင်းဆန်ခဲ့သည်။ နောက်ဆုံးအကြိမ်အကျယ်ချုပ်ကျခံရသည့် ၂၀၀၃ ခုနှစ် မေလကတည်းက ယခုအချိန်အထိကိုပါ ထည့်တွက်မည်ဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်သည် လွန်ခဲ့သည့် (၁၈)နှစ်အတွင်း (၁၁)နှစ်ခန့် အကျယ်ချုပ်ကျခံနေရသည်။ ■ Gulf Daily News/ 6.11.2006

အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ပညာပေးအဖွဲ့ကို တရုတ်အာဏာပိုင်များက ပိတ်ပင်

အစိုးရမဟုတ်သောအဖွဲ့အစည်း (အန်ဂျီအို)တခုကအိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်နှင့်အခြားကျန်းမာရေးဆိုင်ရာ အကြောင်းအရာများ ဟောပြောပို့ချခြင်းကို တရုတ်ဒေသဆိုင်ရာ အာဏာပိုင်များက ကြာသပတေးနေ့တွင် ပိတ်ပင်တားမြစ်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါအဖွဲ့သည် ဇင်ကျန်ပြည်နယ် အနောက်ဘက်ဒေသတွင် အခြေစိုက်သည့် Xu-elianhua အေအိုင်ဒီအက်စ် စီမံကိန်းအဖွဲ့ဖြစ်သည်။

စည်းရုံးရေးမှူးနှင့် စေတနာ့ဝန်ထမ်းဖြစ်သူ အသက်(၂၁)နှစ်အရွယ်ကျောင်းသားချန်ကွန်းကရဲက သူ့ကို သူတို့၏ရုံးသို့ ဗုဒ္ဓဟူးနေ့ကဆင့်ခေါ်သည့်အတွက် အန်ဂျီအိုရုံးသို့ အပြန်နောက်ကျခဲ့ကြောင်းနှင့် လက်ကမ်းကြော်ငြာများနှင့် ကွန်ပျူတာကို ရဲက သိမ်းဆည်းခဲ့ကြောင်း ပြောကြားခဲ့သည်။ အေအက်ဖ်ပီသတင်းအရ 'သူတို့က ကျနော်တို့ဟာ တရားမဝင် လုပ်ဆောင်သူတွေဖြစ်တယ်။ ဒါကြောင့် ကျနော်တို့ကို တားဆီးပိတ်ပင်ခွင့်ရှိတယ်လို့ ပြောတယ်'ဟု ချန်က ပြောကြားခဲ့ကြောင်း သိရသည်။

ချန်သည် အသည်းရောင်အသားဝါဘီပိုးရှိကြောင်း စမ်းသပ်တွေ့ရှိခဲ့သည့် ကျောင်းသား (၁၉)ဦးကို ကျောင်းထုတ်လိုက်သည့် ဒေသခံကျောင်းများသို့ သူ၏အန်ဂျီအိုအဖွဲ့က သွားရောက်တွေ့ဆုံခဲ့မှုကို အာဏာ စာမျက်နှာ(၁၂)သို့ ...▸

NIGHTINGALE နိုက်တင်ဂေးလ်
ကျန်းမာရေးဂျာနယ်သို့ ဝေဖန်အကြံပြုစာများ ပေးပို့လိုလျှင်...

အယ်ဒီတာအဖွဲ့
နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်
စာကြည့်တိုက်၊ မယ်တော်ဆေးခန်း
မဲဆောက်မြို့။

P.O.Box (21) , Mae Sot , 63110
Tak Province , Thailand
E-mail : ntg05journal@yahoo.com
doctorlunswe@yahoo.com
sorpdb@yahoo.com
Ph : BMA Office - 055544495
Dr Lun Swe - 012841418
Nai Aye Lwin - 095626248